မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၁၉၈)

၁၃၇၅ခုနှစ်၊ တန်ခူးလပြည့်ကျော် ၂ ရက်

၂၀၁၄ ခုနှစ်၊ ဧပြီ ၁၆ ရက်၊ ဗုဒ္ဓဟူးနေ့။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဒိန်းမတ်နိုင်ငံသို့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဧပြီ ၁၆

၂၀၁၄ ခုနှစ်၊ ဧပြီ ၁၆ ရက်တွင် ကျရောက်သော ဒိန်းမတ်နိုင်ငံ၊ ဒုတိယမြောက် မာဂရိသ် ဘုရင်မကြီး၏မွေးနေ့တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဒိန်းမတ်နိုင်ငံ ဒုတိယမြောက် မာဂရိသ် ဘုရင်မကြီးထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ✳

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲ ဆက်လက်ပါဝင်ဆင်နွှဲ

နေပြည်တော် ဧပြီ ၁၅

၁၃၇၅ ခုနှစ် သမ္မတအိမ်တော်မိသားစု မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ယနေ့(မဟာသင်္ကြန်အကြတ်နေ့) နံနက်ပိုင်းတွင် နိုင်ငံတော်သမ္မတအိမ်တော်၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီးဒေါ်ခင်ခင်ဝင်းတို့ ဆက်လက်ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် ငုရွှေဝါခန်းမ၌ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း တပ်ဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များ၊ နိုင်ငံတော်သမ္မတရုံးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ယိမ်းအဖွဲ့များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များ၊ နိုင်ငံကျော်တေးသံရှင်များနှင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှတေးသံရှင်များ၏ ခါသင်္ကြန်အဆိုအကများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် သီဆိုကပြဖျော်ဖြေကြသည့် အနုပညာရှင်များ၊ ယိမ်းအဖွဲ့များအား နိုင်ငံတော်သမ္မတနှင့်ဇနီး၊ ဒုတိယသမ္မတဦးညဏ်ထွန်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) *စာမျက်နှာ ၈ ကော်လံ ၆* ❖

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၁၃၇၅ခုနှစ် သမ္မတအိမ်တော် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပါဝင်ဆင်နွှဲစဉ်။ (အပေါ်ပုံ) နှင့် ခါသင်္ကြန်အဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်စဉ်။ (အောက်ပုံ) (သတင်းစဉ်)

တဘူးလှဆည် ကားလမ်းအနီး ချောင်းစောက်ကုန်းပေါ်ရှာဆင်အန္တရာယ်ကြောင့် မိုးစပါးစိုက်ရန်အခက်တွေ့နေ

စာမျက်နှာ-၁၂

မြန်မာရွှေ့ပြောင်းလုပ်သားများ သင်္ကြန်ပွဲတော် ပျော်ရွှင်စွာဆင်နွှဲ

စာမျက်နှာ-၁၃

ယနေ့ မာတိကာ

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့စစ်အသုံးစရိတ်အများဆုံးစာရင်းတွင် ကိုးနေရာမြောက်ဖြစ်လာ
ဆောင်းပါး စာ » ၄

သင်္ကြန်ကို အမဲဖျက်သူများ
စာ » ၅

လွမ်းမောဖွယ်အညာ
ဆောင်းပါး စာ » ၆

ရန်ကုန်မြို့ပန်းခြံများ၌ သင်္ကြန်ရေကစားပြီး အနားယူသူများပြား
စာ » ၁၀

စစ်တောင်းမြစ်ကမ်းပြိုထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်
စာ » ၁၈

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အောင်မြင်တိုးတက်ရေး ဆောင်ကြဉ်းရမည့်နှစ်သစ်

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်သည်ကား မြန်မာနှစ်သစ်ကူး သင်္ကြန် နောက်ဆုံးရက်အတက်နေ့တွင် ကုန်လွန်တော့မည်။ နောက်တစ်နေ့သည် ၁၃၇၆ ခုနှစ် နှစ်ဆန်းတစ်ရက်နေ့ပင်ဖြစ်သည်။ ဤနှစ်ဆန်းတစ်ရက်နေ့အခါသမယမှစ၍ မြန်မာပြည်သူအပေါင်းတို့အနေဖြင့် နှစ်သစ်တစ်နှစ်ကို ကောင်းသောအမှု၊ ကောင်းသောအလုပ်၊ ကောင်းသောအကြံအစည်တို့ဖြင့် ကုန်လွန်ကြ ဖြတ်သန်းကြရဦးမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဤနေ့ ဤအချိန်အခါတွင် နှစ်ဟောင်းက ညစ်ညမ်းနေသောအမှုကိစ္စမှန်သမျှ သန့်ရှင်းစင်ကြယ်ပြီးသကာလ စိတ်သစ် လူသစ် အကြံစည်သစ်တို့ဖြင့်ကြီးပွားတိုးတက်အောင် ကြံစည်အားထုတ်သွားကြရမည်ဖြစ်ပါသည်။

နှစ်ဟောင်းက အားနည်းချက် အားသာချက်တို့ကို ပြန်လည်သုံးသပ်ရမည်ဖြစ်ပါသည်။ ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း မည်မျှအောင်မြင်တိုးတက်သည်။ မည်မျှဆုတ်ယုတ်ဆုံးရှုံးမှုများရှိသည်ကို ပြန်လည်သုံးသပ်ပြီး ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ကြရမည်ဖြစ်သည်။ တိုးတက်ပြီး အမှုကိစ္စများ ဆက်လက်တိုးတက်သည်ထက် တိုးတက်အောင် ကြံဆောင်ကြိုးစားအားထုတ်သွားကြရမည်။ မတိုးတက်သော အရာများ တိုးတက်အောင် ကြိုးစားရမည်။ ဆုံးရှုံးသွားသောအရာများ မည်သည့်အတွက်ကြောင့် ဆုံးရှုံးရခြင်းဖြစ်ရသည်ကို ပြန်လည်သုံးသပ်ပြီး အကောင်းဆုံးဖြစ်အောင် ကြိုးစားသင့်သည်။ သို့မှသာ တိုးတက်သော နှစ်တစ်နှစ်ကို ပိုင်ဆိုင်နိုင်မည်ဖြစ်ပါသည်။

ပြီးခဲ့သည့် တစ်နှစ်တာအတွင်း လူတစ်ဦးတစ်ယောက်အနေဖြင့် မည်ရွေ့မည်မျှတိုးတက်ခဲ့သည်ကို ပြန်လည်ဆင်ခြင်စဉ်းစား သုံးသပ်ပြီး ရှေ့ဆက်ကောင်းအောင် ကြိုးစားသွားမည်ဟူသော ခံယူချက်များထားရှိကာ ယနေ့မှစကာ အရှိန်အဟုန်ပြင်းစွာ လုပ်ကိုင်သွားကြရမည်ဖြစ်ပါသည်။ နှစ်တစ်နှစ်ကို အချည်းနှီးမကုန်လွန်စေသင့်ပါ။ အကျိုးရှိသောနှစ်၊ တိုးတက်သောနှစ်ဖြစ်သင့်ပါသည်။ လူသည် တစ်နှစ်ပြီးတစ်နှစ် အသက်ကြီးလာသကဲ့သို့ တိုးတက်အောင်မြင်မှုများလည်း တိုးလာရမည်ဖြစ်ပါသည်။

ရှေ့တစ်နှစ်အတွင်း ရည်မှန်းချက်များ ပေါက်မြောက်အောင် အစီအမံများ ချမှတ်လုပ်ဆောင်နေသူများရှိသလို မလုပ်ဆောင်သူများလည်း ရှိပါသည်။ အများစုမှာ ပေါ့ပေါ့ဆဆနေထိုင်သွားကြပြီး နှစ်တစ်နှစ်ကုန်ကို အချည်းအနှီးကုန်လွန်စေလျက်ရှိပါသည်။ လူဆိုသည်မှာ တစ်နှစ်ပြီးတစ်နှစ် တိုးတက်လာရမည်ဖြစ်ပါသည်။ သို့မှသာ လူ့ဘဝနေရခြင်းအမြတ်ရှိလိမ့်မည်ဖြစ်ပါသည်။ စိတ်ပိုင်းဆိုင်ရာဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာဖြစ်စေ တိုးတက်နေရမည်ဖြစ်ပါသည်။ မြင့်မြတ်သော စိတ်ကောင်းစိတ်မြတ်များ တိုးတက်လာဖို့လိုပါသည်။ ရုပ်ပိုင်းဆိုင်ရာများ ပိုင်ဆိုင်တိုးတက်လာရမည်ဖြစ်ပါသည်။ အကျိုးမရှိဘဲ နှစ်တစ်နှစ်ကို မကုန်လွန်စေသင့်ပါ။

နှစ်ဟောင်းက လုပ်ဆောင်ချက်များ ယူဆချက်များတွင် လိုအပ်ချက်များ ရှိကောင်းရှိပါလိမ့်မည်။ ထိုအယူအဆလုပ်ဆောင်ချက်များအပေါ် ပြန်လည်သုံးသပ်ရမည်ဖြစ်ပါသည်။ မှားယွင်းနေသည်ဆိုလျှင် အချိန်မီပြင်သင့်ပါသည်။ မမှန်ကန်သောလမ်းကြောင်းပေါ်တွင် ဆက်လျှောက်နေမည်ဆိုပါက တိုးတက်အောင်မြင်လိမ့်မည်မဟုတ်ပါ။

သို့ပါ၍ လူတိုင်းလူတိုင်းသည် မည်သည့်အမှုကိစ္စလုပ်ကိုင်ဆောင်ရွက်နေသည်ဖြစ်စေ နှစ်သစ်မှစပြီး တိုးတက်ရာ တိုးတက်ကြောင်း၊ ကောင်းရာကောင်းကြောင်းအတွက် ကြံစည်အားထုတ်ကြိုးပမ်းလုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

နှစ်သစ်ကူးဆုတောင်းမေတ္တာလွှာ

၁၃၇၆ခုနှစ် မြန်မာ့နှစ်သစ်မင်္ဂလာအခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာဝပြောပါစေကြောင်းနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာ့အလင်းသတင်းစာ
စာတည်းနှင့် ဝန်ထမ်းများ

နိုင်ငံတော်သမ္မတရုံး စုပေါင်းရဟန်းခံ ရှင်ပြု အလှူတော်မင်္ဂလာဓမ္မသဘင်တရားပွဲကျင်းပ

နေပြည်တော် ဧပြီ ၁၅

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ပန်းခင်းရပ်ရှိ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ နိုင်ငံတော်သမ္မတရုံး စုပေါင်းရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ ဓမ္မသဘင်တရားပွဲကို ဧပြီ ၁၅ ရက် ည ၇နာရီက ကျင်းပသည်။

အခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော် မြို့တော်ဝန် ဦးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်အမှူးပြုသော နေပြည်တော် ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန်နှင့် တရားနာပရိသတ်များက မဟာဓမ္မကထိက ဓမ္မဒူတ ဒေါက်တာ အရှင်ဆေကိန္ဒထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ပြီး ဆရာတော်က တရားရေအေးတိုက်ကျွေးရာ တရားနာပရိသတ် ၅၀၀ ကျော် တက်ရောက်ကြည်ညိုခဲ့သည်။

ထို့နောက် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

အလားတူ မင်္ဂလာဗျူဟာသာ သနာ့ဗိမာန်တော်ကြီးတွင် တန်ခူးလပြည့်ကျော် ၂ ရက် (ဧပြီ ၁၆ ရက်) ည ၇ နာရီမှ ၉ နာရီအထိ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ယောဆရာတော်ကလည်းကောင်း၊ တန်ခူးလပြည့်ကျော် ၃ ရက် (ဧပြီ ၁၇ ရက်) ည ၇ နာရီမှ ၉ နာရီအထိ စစ်ကိုင်းတောင်ရိုးသီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ၊ သဲကုန်းသီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရဆရာတော်ကလည်းကောင်း၊ တန်ခူးလပြည့်ကျော် ၄ ရက် (ဧပြီ ၁၈ ရက်) ည ၇ နာရီမှ ၉ နာရီအထိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာ သာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဘဒ္ဒန္တ နန္ဒမာလာဘိဝံသဆရာတော်ကလည်းကောင်း ဓမ္မပူဇာသဘင်စီရင်ကျင်းပ၍ တရားရေအေးများ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ပူတာအိုခရိုင်၌ကျင်းပ

ပူတာအို ဧပြီ ၁၅

ကချင်ပြည်နယ် ပူတာအိုခရိုင်တွင် မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို သင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက် ညနေ ၃ နာရီခွဲက မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအို ကားလမ်းမပေါ်ရှိ နမ်ထွမ်ချောင်း သံပေါင်တံတားကွင်းပြင် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ ပူတာအိုခရိုင် မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီနာယက ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်တင့်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းတို့က မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုင်နက် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ယိမ်းအကအဖွဲ့များက ခေတ်ပေါ်တေးဂီတများနှင့် တွဲဖက်၍အခမ်းအနားသို့ တက်ရောက်လာသည့် ပရိသတ်များကို သင်္ကြန်အကများဖြင့် တပျော်တပါး ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ဖွင့်

ဆိပ်ဖြူ ဧပြီ ၁၅

၁၃၇၅-၁၃၇၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ဖွင့်ပွဲကို ဆိပ်ဖြူမြို့တွင် ဧပြီ ၁၃ ရက် နံနက် ၇ နာရီက အနော်ရထာတံတားထိပ် ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က အမှာစကားပြောကြားခြင်း၊ အမွှေးနံ့သာအတာရေစင်များ ပက်ဖျန်းပေးကြပြီး ကြွရောက်လာကြသော ဧည့်ပရိသတ်များကို စတုဒိသာရွှေရင်အေးများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

" နှစ်သစ်မင်္ဂလာ ဆုမွန်လွှာ "

မြန်မာ့နှစ်သစ်အချိန်အခါသမယတွင် မြန်မာပြည်သူပြည်သားအပေါင်းစိတ်၏ချမ်းသာခြင်း
ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီးစီးပွားလာဘ်လာဘများတိုးတက်ပါစေကြောင်း
ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ရုပ်ပျိုတိုင်းရင်းဆေး
ဂျူပီနိုင်းသောက်ရေသန့်
ရုပ်ပျိုကုမ္ပဏီလီမိတက်မိသားစု

ပြည်တွင်းသတင်း

ပြည်ထဲရေးဝန်ကြီးရုံး အတာရေသဘင်မဏ္ဍပ် စည်ကားသိုက်မြိုက်စွာကျင်းပ

နေပြည်တော် ဧပြီ ၁၅

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အတာရေသဘင် မဏ္ဍပ်တွင် သင်္ကြန်အကြတ်နေ့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ယိမ်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနယိမ်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနယိမ်း၊ အကျဉ်းဦးစီးဌာနယိမ်းနှင့် မီးသတ်ဦးစီးဌာနယိမ်းအဖွဲ့တို့က ကပြဖျော်ဖြေတင်ဆက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့်ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်နှင့်ဇနီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ၎င်းတို့၏ ဇနီးများ ပါဝင်ဆင်နွှဲအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

✳ ***ရှေ့ဖုံးမှ***

အလားတူ ၂၀၁၆ ခုနှစ် ဧပြီ ၁၆ ရက်တွင် ကျရောက်သော ဒိန်းမတ်နိုင်ငံဒုတိယမြောက် မာဂရိသ်ဘုရင်မကြီး၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်ထံမှ ဒိန်းမတ်နိုင်ငံဝန်ကြီးချုပ် မစ္စ ဟယ်လ် သော်နင်၊ ရှမစ်ဒ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၁၆

၂၀၁၆ ခုနှစ် ဧပြီလ ၁၆ ရက်တွင် ကျရောက်သော ဒိန်းမတ်နိုင်ငံဒုတိယမြောက် မာဂရိသ် ဘုရင်မကြီး၏ မွေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာတင်လီဒါဂတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နေပြည်တော်မဟာသင်္ကြန်အကြတ်နေ့ အတာရေပက်ဖျန်းဆော့ကစားသူများ၊ ကုသိုလ်ပုညပွားများကြသူများဖြင့်စည်ကား

နေပြည်တော် ဧပြီ ၁၅

ယနေ့သည် မဟာသင်္ကြန်အကြတ်နေ့ဖြစ်သည့်အားလျော်စွာ မကြာခင်ပြီးဆုံးတော့မည့် နှစ်သစ်ကူးအချိန်အခါသမယအတွက် နေပြည်တော်မြို့ပေါ်ရပ်ကွက်များ၌ မနက်မိုးလင်းချိန်မှစတင်၍ အတာရေပက်ဖျန်းကစားကြသူများ၊ ရေပက်ခံထွက်ကြသူများဖြင့် လှုပ်ရှားသက်ဝင်လျက်ရှိသည်။

ထို့အတူ နှစ်သစ်ကူးအချိန်အခါသမယတွင် နောင်သံသရာအတွက် ရည်စူး၍ ဘုရားပုထိုးကျောင်းကန်များ၌ တရားဘာဝနာပွားများအားထုတ်ကြသူများနှင့် မြို့ပေါ်ရပ်ကွက်များတွင် လမ်းအလိုက်၊ ရပ်ကွက်အလိုက် နှစ်သစ်ကူးကုသိုလ်ပုညဒါနသီလ အားထုတ်ကြသူများဖြင့်လည်း အေးချမ်းသက်ဝင်လှုပ်ရှားလျက်ရှိသည်။

နေပြည်တော်ဟိုတယ်ဇုန်ရှိ ရေကစားမဏ္ဍပ်များတွင် **(ယာပုံ)**မြူးကြွရွှင်လန်းတက်ကြွဖွယ်ကောင်းသည့် တေးသံသာများကို သဘင်၊ ဂီတ၊ ရုပ်ရှင် အနုပညာရှင်များက သီဆိုဖျော်ဖြေကြသည့် သံစဉ်များအတိုင်း သင်္ကြန်ချစ်သူ ပြည်သူများက လိုက်ပါစီးမျောသီဆိုကြကာ အေးချမ်းပျော်ရွှင်စွာ အတာရေသဘင်ပွဲကို ဆင်နွှဲကြသည်။

ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်သူပြည်သူများအား စတုဒိသာအလှူဒါနပြုကြရာ အားပေးကြသူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ရေကစားကြသူများသည် နေပြည်တော် ရေပန်းဥယျာဉ်၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်စသည့်နေရာများတွင် မိသားစုအလိုက်၊ အသင်းအဖွဲ့အလိုက် အနားယူအပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်ရှိ ဘုရားကျောင်းကန်များ၌ တရားဘာဝနာ ပွားများအားထုတ်ကြသူများ၊ ကုသိုလ်ဒါနပြုကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်။

(သတင်းစဉ်)

ပျောက်ဆုံးလေယာဉ်ကို လူမဲ့အသေးစားရေငုပ်သင်္ဘောဖြင့် ရှာဖွေရာတွင် အချိန်အားဖြင့် နှစ်လကြာနိုင်

ပတ်သ် ဧပြီ ၁၅

ဘာသာပြန်-ကျော်သဲအိမ်

ပျောက်ဆုံးမလေးရှားလေယာဉ်ကို အမေရိကန်ရေတပ်ပိုင် မောင်းသူမဲ့အသေးစားရေငုပ်သင်္ဘောဖြင့် အိန္ဒိယသမုဒ္ဒရာကြမ်းပြင်တစ်လျှောက်ရှာဖွေရာတွင် အချိန်ကာလအားဖြင့် နှစ်လကြာနိုင်ကြောင်း၊ ပျောက်ဆုံးလေယာဉ်ပျက်ကျသည်ဟု ယူဆကြသော သမုဒ္ဒရာကြမ်းပြင်၏အကျယ်အဝန်းမှာ ၆၀၀ စတုရန်းကီလိုမီတာရှိသည့်အတွက် ပိုက်စိပ်တိုက်ရှာဖွေချိန်မှာ နှစ်လခန့်ကြာရခြင်းဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ဧပြီ ၁၅ ရက်က ပြောကြားသည်။

အသေးစားရေငုပ်သင်္ဘောအား ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် စတင်အသုံးပြုလိုက်ခြင်းသည် ရှာဖွေရေးပုံစံသစ်တစ်ရပ်ကို စတင်လိုက်ခြင်းဖြစ်ကြောင်း၊ ၎င်းအသေးစားရေငုပ်သင်္ဘောသည် ဩစတြေးလျသင်္ဘောပေါ်တပ်ဆင်ထားသော အသံလှိုင်းထောက်လှမ်းစက် Pinger Locator ထက်ရေအောက်ရှာဖွေရေးတွင် ခြောက်ဆခန့်နှေးကွေးကြောင်း၊ ထို့ကြောင့် ယခုသတ်မှတ်ထားသည့်ရှာဖွေနယ်နိမိတ်တစ်ခုလုံးကို ရှာဖွေမှုပြုသည့်အခါ ရက်သတ္တခြောက်ပတ်မှနှစ်လအထိကြာနိုင်သည်ဟု ကျွမ်းကျင်သူများက တွက်ချက်ထားကြောင်း အမေရိကန်ရေတပ်မှပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်ချုပ်ကြီး ဂျေဂျီဒင်နီရယ်အက်စ်မာစီနစ်ကပြောသည်။

ဧပြီ ၁၅ ရက်ကစပြီး ဒုတိယအကြိမ်ရှာဖွေမှုစတင်တော့မှာဖြစ်ကြောင်း ဒင်နီရယ်အက်စ်မာစီနစ်ကထပ်လောင်းပြောကြားသည်။

၎င်းရေငုပ်သင်္ဘောငယ်သည် ပင်လယ်ရေမျက်နှာပြင်မှ ပင်လယ်ကြမ်းပြင်သို့ရောက်ရှိရန် နှစ်နာရီကြာပြီး ပင်လယ်ကြမ်းပြင်မှပင်လယ်ရေမျက်နှာပြင်သို့ပြန်တက်ရာတွင်လည်း နှစ်နာရီကြာကြောင်း၊ ထို့အတူ အချက်အလက်များကို ဒေါင်းလုတ်ယူသည့်အခါတွင်လည်း နာရီပေါင်းများစွာကြာကြောင်း၊ ရေငုပ်သင်္ဘောငယ်နှင့်အတူ ပါရှိသောခေတ်မီဆိုနာက ရှာဖွေနယ်နိမိတ်အတွင်းရှိ အသံလှိုင်းပုံရိပ်တစ်ခုကို အနုစိပ်ပုံဖော်တည်ဆောက်သွားမည်ဟု သိရကြောင်းဆိုသည်။

ယမန်နှစ်က ဂျပန်ကမ်းလွန်တွင် ပျက်ကျသွားသော F-15 ဂျက်တိုက်လေယာဉ်ရှာဖွေရာ၌ အသံလှိုင်းဖြင့်ရေအောက်အရာဝတ္ထုတို့၏တည်နေရာကိုရှာဖွေသောကိရိယာဖြစ်သည့် ဆိုနာကပင် အောင်မြင်စွာရှာဖွေနိုင်ခဲ့ရာ ယခုလည်း ၁၆ နာရီဆိုလျှင် ပင်လယ်ပြင်အောက်ရှာဖွေထောက်လှမ်းမှုတစ်ကြိမ်ပြီးမြောက်မည့်ဆိုနာက ရှာဖွေထောက်လှမ်းမှုစတင်လုပ်ဆောင်နေပြီဖြစ်သည်။ ဖြစ်နိုင်ဖွယ်ရှိသော အပျက်အစီးအပိုင်းအစကို ထောက်လှမ်းရရှိပါက ဆိုနာသည် ပင်လယ်ကြမ်းပြင်မှ ပင်လယ်ရေပြင်ပေါ်ပြန်တက်လာကာ ပင်လယ်ပြင်အောက်တွင် ထောက်လှမ်းရရှိသည့်အတိုင်း ဓာတ်ပုံရိုက်ကူးမှုပြုလုပ်မည်ဖြစ်သည်။

ယခုအသုံးပြုလျက်ရှိသော ဆိုနာသည် ပင်လယ်ကြမ်းပြင်အောက် မာကျောသည့်အရာဝတ္ထုများကို ရှာဖွေထောက်လှမ်းရာတွင် အလွန်ကောင်းမွန်သည့် ခေတ်မီစက်ကိရိယာတစ်ခုဖြစ်ကြောင်း၊ ပင်လယ်ကြမ်းပြင်သည် အလွန်နက်သော်လည်း အပျက်အစီးအပိုင်းအစများ ရှာဖွေရာတွင်ကောင်းမွန်သော အနေအထားတစ်ရပ်ရှိကြောင်း၊ ဆိုနာနှင့်အတူ တွဲဖက်ပါရှိသော ရေငုပ်သင်္ဘောငယ်၏ အဓိက စိန်ခေါ်မှုတစ်ခုမှာ အကောင်းဆုံး ထောက်လှမ်းမှုပြုနိုင်ရန် ပင်လယ်ကြမ်းပြင်၏ ၅၀ ကီလိုမီတာ (၁၆၅ ပေ) အတွင်းရှိနေရန်လိုအပ်ပြီး သတ်မှတ်ထားသော ၄ ဒသမ ၅ ကီလိုမီတာထက် ကျော်လွန်ပါက ပျက်စီးသွားနိုင်ကြောင်း ဂျိမ်းစ်ကွတ်စ်တက္ကသိုလ်မှ ပင်လယ်ပြင်ဆိုင်ရာ ဘူမိဗေဒပညာရှင်ဖြစ်သူ ရိုဘင်ဘီမန်က သတင်းထောက်များကို ပြောကြားသည်။

ရှာဖွေနယ်နိမိတ်ကို များစွာချဲ့ပစ်လိုက်ပြီဖြစ်ရာ လက်ရှိ ရှာဖွေနယ်နိမိတ်မှာ ၆၀၀ စတုရန်းကီလိုမီတာ (၂၃၀ စတုရန်းမိုင်) သာ ရှိတော့သဖြင့် အရွယ်ပမာဏမှာ အလယ်အလတ်မြို့ တစ်မြို့၏ဧရိယာလောက်သာရှိကြောင်း၊ တာဝန်ရှိသူများကလည်း လေကြောင်း၊ ရေကြောင်းမှ ရှာဖွေမှုကို ရပ်နားရန်ဆွေးနွေးနေကြသလို Black Box မှလာသည်ဟု ယူဆကြသော ဖမ်းယူရရှိထားသည့် အချက်ပြမှုများအပေါ် စိစစ်နေကြဆဲဖြစ်ကြောင်း သိရသည်။

(ရိုက်တာ)

နိုင်ငံတကာသတင်း

မြို့တော်ဝန်ရုံးအပြင်မှ ထိန်းချုပ်ထားသော ရုရှားလိုလားသူ လက်နက်ကိုင်များကို တွေ့ရစဉ်။

ယူကရိန်းခွဲထွက်ရေးလက်နက်ကိုင်များကိစ္စ ပူတင်ကို အိုဘားမားကသတိပေး

ဝါရှင်တန် မေ ၁၅

ရုရှားနိုင်ငံသည် ယူကရိန်းအရေးကိစ္စတွင် ၎င်းပါဝင်လုပ်ခဲ့သမျှအတွက် တန်ဖိုးကြီးကြီးပေးဆပ်ရမှုနှင့် ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း၊ မော်စကိုအစိုးရအနေဖြင့် ၎င်း၏ဩဇာအာဏာကိုသုံးကာ ယူကရိန်းနိုင်ငံအတွင်းရှိ ခွဲထွက်ရေးသမားများ ငြိမ်သက်စေရေးအတွက် ဆောင်ရွက်သင့်ကြောင်းဖြင့် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ရုရှားသမ္မတ ဗလာဒီမာပူတင်ထံ ယမန်နေ့က ဖုန်းဖြင့်ဆက်သွယ်၍ သတိပေး ပြောကြားလိုက်သည်။

စစ်အင်အားကို အသုံးပြုကာ အကြမ်းဖက်သမားများကို ဖြိုခွင်းသွားမည်ဟူသော ယူကရိန်းအစိုးရ၏ရာဇသံမှာ အဆန်မပါသောသကြိန်အမြောက်ကို ပစ်ဖောက်သလိုဖြစ်ခဲ့ရပြီးနောက် ရုရှားလိုလားသော လက်နက်ကိုင် ခွဲထွက်ရေးသမားများက ယူကရိန်းအရှေ့ပိုင်းရှိ အစိုးရအဆောက်အအုံများကို ထပ်မံသိမ်းပိုက်ကာ ၎င်းတို့၏ထိန်းချုပ်မှုကို ပို၍တိုးချဲ့ခဲ့ကြသည်။

ကိယက်ဗ်တွင်ရှိသော ယူကရိန်းအစိုးရကို ယိမ်းယိုင်ပြိုလဲအောင် မတည်မငြိမ်ဖြစ်အောင် အဆိုပါအင်အားစုများက ခြိမ်းခြောက်နေခဲ့ကြောင်း အိမ်ဖြူတော်မှမော်စကိုသို့ ဆက်သွယ်ရာတွင် အိုဘားမားက ပူတင်ကို ပြောကြားလိုက်သည်။

ယူကရိန်းနိုင်ငံအတွင်းရှိ တရားမဝင် အုပ်စုအားလုံး ၎င်းတို့၏လက်နက်များကို စွန့်လွှတ်ရန်လိုအပ်ကြောင်း သမ္မတအိုဘားမားက အလေးအနက်ထား ပြောကြားလိုက်ပြီး သမ္မတပူတင်အနေဖြင့်လည်း ၎င်း၏အရှိန်အဝါကိုသုံးကာ ရုရှားလိုလားသည့် လက်နက်ကိုင် ခွဲထွက်ရေးသမားများကို ၎င်းတို့သိမ်းပိုက်သည့်အဆောက်အအုံများမှ ထွက်ခွာလာစေရန် စည်းရုံးဖျောင်းဖျသင့်ကြောင်း တိုက်တွန်းခဲ့သည်ဟု အိမ်ဖြူတော်မှ ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

တင်းမာမှုများလျော့ပါးသွားစေရန်အတွက် ယူကရိန်းနယ်စပ်ရှိ ရုရှားတပ်ဖွဲ့များကို ရုပ်သိမ်းသွားရန်လိုကြောင်း သမ္မတအိုဘားမားက ပြောကြားလိုက်ပြီး ယူကရိန်းအစိုးရ၏ အံ့ဖွယ်ကောင်းလောက်အောင် သည်းခံချုပ်တည်းမှုနှင့် နိုင်ငံစည်းလုံးညီညွတ်ရေးအတွက် အားထုတ်ကြိုးပမ်းမှုတို့ကို အမွှမ်းတင်ချီးကျူးလိုက်သည်။ **(ရိုက်တာ)**

ဆစ်ဒနီတွင် ဒုတိယလေဆိပ် တည်ဆောက်မည်

ဆစ်ဒနီ မေ ၁၅

ဩစတြေးလျအစိုးရက ဆစ်ဒနီမြို့တွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံကုန်ကျခံ၍ ဒုတိယမြောက်အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရန် သဘောတူလိုက်ပြီဖြစ်သည်။

အဆိုပါလေဆိပ်သည် ဘက်ဂျရီချောင်းဘေး ဆစ်ဒနီအနောက်ပိုင်း၌ တည်ရှိသည်။ အဆိုပါလေဆိပ်စီမံကိန်းနှင့် ဒီဇိုင်းလုပ်ငန်းကို ချက်ချင်းစတင်မည်ဖြစ်ပြီး ဆောက်လုပ်မှုလုပ်ငန်းကို ၂၀၁၆ ခုနှစ်တွင် စတင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ် တိုနီအက်ဘော့တ်က ပြောသည်။ ယင်းလေဆိပ်တည်ဆောက်ရေးအတွက် ကုန်ကျငွေအများစုကို ပုဂ္ဂလိကအခန်းကဏ္ဍမှ ကုန်ကျမည်ဟု သိရသည်။

အဆိုပါ လေဆိပ်တည်ဆောက်ရေးကိစ္စကို နှစ်ပေါင်း ၇၀ နီးပါးကြာ အကြံအစည်ရခဲ့သော်လည်း ယခုမှ အစိုးရက ခွင့်ပြုခဲ့ခြင်းဖြစ်သည်။ ယင်းလေဆိပ်ကို ၁၉၄၆ ခုနှစ်ကတည်း ဆောက်လုပ်ရန် အကြံအစည်ရခဲ့သည်ဟု သိရသည်။

အစိုးရက ဆစ်ဒနီအနောက်ပိုင်း စီးပွားရေးအချက်အချာကျရာ ၃၅ ကီလိုမီတာ အကျယ်အဝန်းရှိ ယင်းအဆောက်အအုံဆောက်လုပ်ရေးအတွက် မဆောက်လုပ်မီ နေရာ ၂၀ ခန့် စဉ်းစားခဲ့ရသည်ဟု သိရသည်။

အဆိုပါ လေဆိပ်တည်ဆောက်ရေးလုပ်ငန်း အပြည့်အဝလည်ပတ်နိုင်ပါက အလုပ်အကိုင် နေရာ ၆၀၀၀၀ ဖန်တီးပေးနိုင်လိမ့်မည်ဟု ဝန်ကြီးချုပ် အက်ဘော့တ်က ကင်ဘာရာပါလီမန်အပြင်ဘက်၌ ပြောကြားသည်။ **(ဘီဘီစီ)**

တရုတ်တွင် လက်နက်နှင့်ဓားများ စံချိန်တင်သိမ်းဆည်းရမိ

ပေကျင်း မေ ၁၅

တရုတ်နိုင်ငံတွင် တရားမဝင်သေနတ်နှင့်ဓားများ ထောင်ပေါင်းများစွာ စံချိန်တင်ဖမ်းဆီးရမိကြောင်း နိုင်ငံပိုင်မီဒီယာက ပြောသည်။

သေနတ်ပေါင်း ၁၀၀၀၀ နှင့် ဓား ၁၂၀၀၀၀ သိမ်းဆည်းနိုင်ခဲ့ကြောင်း၊ ယင်းမှာလေးလကြာ စုံစမ်းဖော်ထုတ်ခဲ့ပြီးနောက် ဖမ်းဆီးခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

အဆိုပါ မှုခင်းဆိုင်ရာကွန်ရက်ကို ပိုင်ဆိုင်သော သံသယရှိသူ ၁၅ ဦးကိုလည်း ဖမ်းဆီးလိုက်သည်ဟု ဆိုသည်။ ရဲတပ်ဖွဲ့က ကွီကျိုပြည်နယ် ရိုင်ယန်မြို့၌ လက်နက်ကိုင်ဓားပြတိုက်မည့်ကိစ္စကို သတင်းရရှိပြီးနောက် စတင်ထောက်လှမ်းခဲ့သည်။ ယင်းဂိုဏ်းအဖွဲ့က ပြည်နယ် ၂၇ ခုတွင် လက်နက်များ ဖြန့်ဖြူးခဲ့သည်ဟု ဆိုသည်။

အဆိုပါ တရားမဝင်လက်နက်ဖြန့်ဖြူးရေးဂိုဏ်းက စီးပွားရေးဆန်ဆန် လက်နက်များ ဖြန့်ဖြူးရောင်းချခဲ့ကြောင်းကို ရိုင်ယန်မြို့ ပြည်သူ့လုံခြုံရေးအရာရှိ ဒူချောင်းက ချိုင်းနားအေပီသို့ ပြောကြားသည်။ **(ဘီဘီစီ)**

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့စစ်အသုံးစရိတ် အများဆုံးစာရင်းတွင် ကိုးနိုင်ငံမြောက်ဖြစ်လာ

နယူးဒေလီ မေ ၁၅

အိန္ဒိယနိုင်ငံသည် ကမ္ဘာ့စစ်အသုံးစရိတ်အများဆုံး ၁၅ နိုင်ငံအတွင်း ကိုးနေရာမြောက်ရောက်ရှိလာပြီဖြစ်ကြောင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အကြံပေးအဖွဲ့ကထုတ်ပြန်ထားသော စာရင်းဇယားများအရ သိရသည်။

Stockholm အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး သုတေသနအဖွဲ့က အိန္ဒိယနိုင်ငံကို ကာကွယ်ရေးအသုံးစရိတ်အများဆုံး ၁၅ နိုင်ငံစာရင်းတွင် ကိုးနိုင်ငံမြောက်တွင် ထားခဲ့ပြီး တစ်ဖက်တွင်ဂျာမနီနှင့်ဂျပန်၊ အခြားတစ်ဖက်တွင် တောင်ကိုရီးယားနှင့် အီတလီနိုင်ငံများအကြား ကြားညှပ်နေခဲ့သည်ဟု အိန္ဒိယတိုင်းမ် သတင်းစာတွင် ဖော်ပြခဲ့သည်။

အမေရိကန်နိုင်ငံနှင့် အခြားအနောက်နိုင်ငံများက စစ်အသုံးစရိတ်လျှော့ချခဲ့ခြင်းကြောင့် ကမ္ဘာတစ်ဝန်းလုံး၏ ၂၀၁၃ ခုနှစ် စစ်အသုံးစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၅ ထရီလီယံသို့ ကျဆင်းသွားခဲ့ကြောင်း ၎င်းအဖွဲ့က ပြောကြားသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများ၏ စစ်အသုံးစရိတ်သည် ပိုမိုတိုးလာခဲ့သည်။ အချို့မှာ အမှန်တကယ်လုံခြုံရေးအရ လိုအပ်ခြင်း (သို့မဟုတ်) စီးပွားရေးတိုးတက်လာမှု ရလဒ်များကြောင့် အသုံးစရိတ် တိုးလာခြင်းဖြစ်ပြီး အချို့မှာ သက်ဦးဆံပိုင်ဘုရင်စနစ် လွှမ်းမိုးမှုနှင့်ဒေသတွင်း လက်နက်ကိုင်အဖွဲ့များ သောင်းကျန်းမှုတို့ကြောင့် အသုံးစရိတ်တိုးလာရခြင်းကြောင့်ဖြစ်သည်ဟုလည်း ဖော်ပြခဲ့သည်။ **(ဆင်ဟွာ)**

ဘော်စတွန်ဗုံးပေါက်ကွဲမှု နှစ်ပတ်လည်အထိမ်းအမှတ် အခမ်းအနားကျင်းပ

ဘော်စတွန် မေ ၁၅

ယမန်နှစ် မာရသွန်ပွဲတော် ဗုံးပေါက်ကွဲမှုဖြစ်စဉ်အတွင်း သေဆုံးခဲ့ရသူများအတွက် ဗုံးပေါက်ကွဲမှု တစ်နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် အမေရိကန်နိုင်ငံ၏ ဘော်စတွန်မြို့တွင် ကျင်းပမည်ဟု သိရသည်။

အဆိုပါအခမ်းအနားသို့ အမေရိကန် ဒုသမ္မတ ဂျိုးဘိုင်ဒင်နှင့် မက်ဆာချူးဆက်ပြည်နယ် အုပ်ချုပ်ရေးမှူး ဒီဗယ်ပက်ထရယ်တို့ တက်ရောက်ကြမည်ဖြစ်သည်။ အခမ်းအနားတွင် အလံလွှင့်တင်ခြင်း အခမ်းအနားလည်း ပါဝင်မည်ဖြစ်ပြီး ပန်းဝင် စည်းလိုင်းနားတွင် ခေတ္တငြိမ်သက်ကာ ဆုတောင်းမေတ္တာ ပို့သမည်ဖြစ်သည်။

ယမန်နှစ် မာရသွန်ပြိုင်ပွဲ ဗုံးပေါက်ကွဲမှုနှစ်ခုသည် ပြိုင်ပွဲဝင် စည်းလိုင်းနားတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လူသုံးဦးသေဆုံးခဲ့ကာ ၂၆၄ ဦး ဒဏ်ရာရရှိခဲ့သည်။

တစ်နှစ်ပြည့်မြောက်သည့် အင်္ဂါနေ့နှစ်ပတ်လည်အခမ်းအနားတွင် ဗုံးပေါက်ကွဲမှုဖြစ်စဉ်အတွင်း မိသားစုဝင်များမှ ကိုယ်စားလှယ်များ၊ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့အစည်းများ၊ မြူနီစီပယ်အဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်မည်ဟု သိရသည်။

ယခုနှစ် ဘော်စတွန်မြို့ မာရသွန်ပွဲတော်ကို မေ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ တာဝန်ရှိသူများက ဒေသခံများနှင့် မာရသွန်ပွဲတော် တက်ရောက်အားပေးသူများအား ပွဲတော်တစ်လျှောက် လုံခြုံရေး တာဝန်ချရဲတပ်ဖွဲ့ဝင်များ အစောင့်အရှောက်တွင် နေကြရန် ပြောကြားထားသည်။ **(ဘီဘီစီ)**

အတိုက်အခံပါတီ၏ တောင်းဆိုချက်များ ဆွေးနွေးရန် နီပေါဝန်ကြီးချုပ်က ပါတီအားလုံးဆင့်ခေါ်

ခတ္တမန္ဒူ မေ ၁၅

စစ်ပွဲဧရိယာတွင် ဖမ်းဆီးထားသော အထူးစစ်သားကေဒါများအား ချက်ချင်းပြန်လွှတ်ပေးသင့်ကြောင်း အတိုက်အခံပါတီ၏ တောင်းဆိုချက်နှင့်ပတ်သက်ကာ ဆွေးနွေးရန် အင်္ဂါနေ့က ပါတီအားလုံးကို နီပေါဝန်ကြီးချုပ် Sushil Koiralaက စည်းဝေးဆင့်ခေါ်လိုက်ကြောင်း ဝန်ကြီးချုပ်ရုံးမှ ပြောကြားသည်။

တစ်စုံတစ်ရာနှောင့်နှေးမနေဘဲ ကေဒါများအား ပြန်လွှတ်မပေးပါက ပါလီမန်ထဲတွင် ကာကွယ်ရေးများ ဆောင်ရွက်ရန်လိုလိမ့်မည်ဟူသော အတိုက်အခံမော်ဝါဒီ UCPN အဖွဲ့၏ တစ်ရက်အတွင်းဆောင်ရွက်ရန် တောင်းဆိုလိုက်သော ရာဇသံမှုအတွက် အစည်းအဝေးခေါ်ယူခြင်းဖြစ်သည်။ ၎င်းအဖွဲ့သည် တောင်းဆိုချက်များအတွက် ခေါ်ယူတွေ့ဆုံမှုမပြုပါက လမ်းပေါ်တွင် တိုက်ခိုက်မှုများပြုလုပ်ရန် စီစဉ်ထားသည်။ နီပေါနိုင်ငံ၌ ယခုကဲ့သို့ အစိုးရနှင့်အတိုက်အခံပါတီတို့အကြား အငြင်းအခုံပြဿနာသည် ပြန်လည်ရေးဆွဲမည့် ဖွဲ့စည်းပုံဥပဒေသစ်အပေါ် ပျက်ပြားအောင် ရိုက်ခတ်လျက်ရှိသည်။ **(ဆင်ဟွာ)**

ဂါးဒီးယန်းနှင့် ဝါရှင်တန်ပို့စ် ပူလစ်ဇာဆုပူးတွဲရ

လန်ဒန် မေ ၁၅

အမေရိကန်ပြည်ထောင်စု၏ အီလက်ထရွန်နစ် သူလျှိုလုပ်ငန်းနှင့်ပတ်သက်၍ သတင်းဆောင်းပါးများကို အတွဲလိုက်ရေးသားဖော်ပြခဲ့သည့်အတွက် ဂါးဒီးယန်းနှင့် ဝါရှင်တန်ပို့စ်သတင်းစာတို့ကို အများပြည်သူ့ဝန်ဆောင်မှု သတင်းစာပညာဆိုင်ရာ ပူလစ်ဇာဆုကို ပူးတွဲချီးမြှင့်လိုက်သည်။

၎င်းသတင်းစာများတွင် ဖော်ပြခဲ့သည့်သတင်းများမှာ အမျိုးသားလုံခြုံရေးအေဂျင်စီ၏ ဝန်ထမ်းဟောင်း အက်ဝပ်စနိုးဒန်း ဖွင့်ချခဲ့သည့် စာရွက်စာတမ်းများကို အခြေခံ၍ ရေးသားဖော်ပြခဲ့ခြင်း ဖြစ်သည်။

စက်ရပ်သတင်း ဖော်ပြခြင်းအတွက် ကော့စ်တွန်ဂလပ်ဘ်က လည်းကောင်း၊ နိုင်ငံတကာသတင်းများဆိုင်ရာဆုကို ရိုက်တာသတင်းအေဂျင်စီမှ အယ်ဒီတာအဖွဲ့ဝင်နှစ်ဦးက လည်းကောင်း အသီးသီး ဆုများ ဆွတ်ခူးရရှိသွားသည်။

ပူလစ်ဇာဆုများကို ကိုလံဘီယာ တက္ကသိုလ် သတင်းစာပညာ အတတ်သင်ကျောင်းက ချီးမြှင့်ခြင်း ဖြစ်သည်။ **(ဘီဘီစီ)**

ဝါရှင်တန်ပို့စ်သတင်းစာမှ ပူလစ်ဇာဆုရရှိခဲ့သူ ကော့စ်တွန်ဂလပ်ဘက်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

သင်္ကြန်ကို အမဲဖျက်သူများ

ထက်ခေါင်

၂၀၁၄ ခုနှစ် ယဉ်ကျေးမှုမဟာသင်္ကြန်ကား ၁၄ ရက်နေ့တွင် စတင်ကျရောက်ခဲ့ပြီးဖြစ်ပါသည်။ အစိုးရရုံးတွေကလည်း ၁၀ ရက်တောင်ပိတ်ပေးထားသည်မို့ အေးငြိမ်းသည်။ ဘာသာရေးအရိပ်ခိုဝင်၍ရိပ်သာ၊ တရားစခန်းဝင်ကြ၊ သာသနာ့ဘောင်ဝင်ကြ၊ ကောင်းမှုကုသိုလ်လုပ်ကြနှင့်နှစ်ဟောင်းက အညစ်အကြေးကို သန့်စင်အောင်ဆေးမည်ဟု ရည်မှန်းလုပ်ဆောင်ကြသူတွေလည်း ရှိသကဲ့သို့ မြူးကြရွှင်ကြသောက်ကြစားကြဖြင့် ပျော်ကြမော်ကြသူတွေလည်း ရှိပါ၏။

ရဲတပ်ဖွဲ့ဝင်များနှင့်အခြားလုံခြုံရေးဆောင်ရွက်ရသည့် အဖွဲ့အစည်းများအဖို့ကား မဟာနှစ်ကူးသင်္ကြန်ပွဲတော်ကြီး ဘေးမသီ ရန်မခ လုံခြုံအေးချမ်းစွာပြီးစီးသွားရေးနှင့်ပြည်သူလူထု၏သွားမှုလာမှု ပျော်မှုပါးမှု သင်္ကြန်ကာလအတွင်း ဒုစရိုက်လုပ်ငန်းများ ဥပဒေချိုးဖောက်မှုများ၊ ပြစ်မှုများမဖြစ်ပွားစေရေး အဘက်ဘက်၌ လုံခြုံရေးကျိုးပေါက်မှုမရှိစေရေးတို့ကို အားသွန်ဆောင်ရွက်ကြရသဖြင့် ပိတ်ရက် အအားဟူ၍မရှိ၊ ၂၄ နာရီ တာဝန်အပြည့်ချလျက် လုံခြုံရေးဆောင်ရွက်နေကြရသည်ကို တွေ့ရသည်။ သို့သော် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ လုံခြုံရေးလုပ်ငန်းများမှာ ရဲတပ်ဖွဲ့တစ်ခုတည်းက ဆောင်ရွက်၍ရသည်မဟုတ်ပါ။ အားလုံးဝိုင်းပါကြရမည့် ရေရှည်လုပ်ငန်းစဉ်ကြီးဖြစ်ပါ၏။ သင်္ကြန်ကျမှ သင်္ကြန်လုံခြုံရေးထလုပ်၍ မဖြစ်နိုင်ကြောင်းကိုတော့ ပြောလိုပါသေးသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့က သင်္ကြန်မတိုင်မီကာလကတည်းက ယခင်သင်္ကြန်ကာလအတွင်း ဖြစ်ခဲ့ဖူးသော မှုခင်းများကို ပြန်လည်သုံးသပ်လျက် ယခုနှစ်တွင် ပြစ်မှုလျော့နည်းကျဆင်းစေရန် ကြိုတင်အကွက်ချစီမံဆောင်ရွက်ခဲ့သည်။ သင်္ကြန်ကာလတွင် အပျော်ကျူးကြရာ၌ အားလုံးကို စည်းမဲ့ကမ်းမဲ့လုပ်၍ရသည်ဟု ဘယ်သတ္တဝါက စတင်၍ ဘယ်လိုအနက်ဖွင့် စတင်လုပ်ဆောင်ခဲ့သည်မသိ၊ သင်္ကြန်အတွင်း၌ ယာဉ်ကြောပြောင်းပြန်မောင်းကြသည်။ ဆိုင်ကယ်များ Silencer ဖြုတ်၍ အိတ်ဇောသံ တဘုန်းဘုန်းဖြင့် ပတ်ဝန်းကျင် နားမခံသာအောင် စီးသည်။ ယာဉ်စည်းကမ်းဖောက်ကြသည်။ လူမြင်ကွင်းမှာ မိန်းမပျိုလေးများကပါ အရက်သောက်ကြသည်။ ပျော်ကြပါးကြရာ၌ သည်းခံစိတ်မရှိ အုပ်စုဖွဲ့ခိုက်ရန်ဖြစ်ကြသည်။ အစအနောက်လွန်ရာမှ လူသတ်မှုအထိဖြစ်ကြသည်။ မိန်းကလေးများကလည်း မောင်နှင့်နှမ မကြည့်ရဲလောက်အောင် လျှပ်ပေါ်လော်လီဝတ်စားဆင်ယင်ပြီး ဟီရိဩတပ္ပကင်းစွာ ပျော်ကြသည်။ မူးယစ်ဆေးသုံးစွဲကြသည်။ မူးကြရူးကြသည်။ မတော်တရော်တွေ ဖြစ်ကြသည်။ ဒီကြားထဲ ခါးပိုက်နှိုက်များကလည်း အထူးပွဲတော်ကြီး ကြုံတွေ့ရသည့်နှယ် အုပ်လိုက်သောင်းကျန်းကြသည်။ ဤကား မြန်မာ့သင်္ကြန်၏ အတွင်းသရုပ် အနှစ်ချုပ်ပင်ဖြစ်ပါ၏။

အဆိုပါ နှစ်စဉ်ကြုံတွေ့နေကျ မှုခင်းဖြစ်စဉ်များအပေါ် အခြေခံ၍ ကြိုတင်ကာကွယ်တားဆီးမှုလုပ်ခဲ့ရာ ယခုနှစ်တွင် သင်္ကြန်မတိုင်မီကာလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုများ၊ စံချိန်တင်လောက်ဖွယ်ပင်ဖြစ်ခဲ့ပါ၏။ ထူးခြားသည်ကား လိင်စိတ်ကြွဆေးများ၊ တားမြစ်ဆေးဝါးများကိုပါ သတင်းဆက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်ပါသည်။ ထိုဆေးဝါးများမှာ သင်္ကြန်ကာလအတွင်း သင်္ကြန်မဏ္ဍပ်များ၊ ရေကစားသူများအသုံးပြုနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားခြင်းဖြစ်သည်ဟုသိရသည်။ သင်္ကြန်တွင် ပျော်ကြမြူးကြမည့် မိန်းမပျိုများကိုဖျော်ရည်များ၊ အစားအသောက်များထဲ၌ လိင်စိတ်ကြွဆေးများတိုက်မည်၊ ပြီးရင်စော်ကားဖျက်ဆီးကြမည်ဆိုသော အလွန်အောက်တန်းကျသည့် စိတ်ယုတ်မာဖြင့် လုပ်ဆောင်ကြခြင်းဖြစ်ပေသည်။ ထို့အပြင် အချို့သော ရေကစားမဏ္ဍပ်များမှာ ရေကစားရုံသက်သက်မျှရည်ရွယ်ပုံမပေါ်၊ အဝတ်လဲခန်းလိုလို၊ ဧည့်ခန်းလိုလို၊ အိပ်ခန်းလိုလိုဖြင့် အလုံပိတ်အခန်းများပါ ထည့်သွင်းဆောက်လုပ်ခဲ့ကြသဖြင့် ရဲတပ်ဖွဲ့က သက်ဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းလျက် မဏ္ဍပ်များကို လိုက်လံစစ်ဆေးသတိပေးခြင်းများ ပြုလုပ်ခဲ့ရသည်။ "အမောင်လည်းရောက် ငါ့နွားပျောက်၊ အမောင်နွားခိုး ငါမရိုး" ဆိုသော ဆိုရိုးစကားကိုပင် သံယောင်ပြောရပါတော့မည်။

ရန်ကုန်မြို့ ကန်တော်ကြီးဥယျာဉ်မျှော်စင်ကျွန်းရှိ ဖျော်ဖြေရေးမဏ္ဍပ်တစ်ခု၌ သင်္ကြန်အကြိုနေ့က နာမည်ကြီးကုမ္ပဏီကြီးတစ်ခုက အမျိုးသမီးငယ်များအား မလုံ့တလုံဝတ်ဆင်စေ၍ ဖျော်ဖြေမှုပြုလုပ်ခဲ့သည်။ ထို့ကြောင့် သက်ဆိုင်ရာရဲတပ်ဖွဲ့ဝင်များက သွားရောက်တားမြစ် ပိတ်ပင်သတိပေးခဲ့ရသည်။ အဆိုပါ မလုံ့တလုံအမျိုးသမီးများမှာ ထိုကုမ္ပဏီက ထိုင်းနိုင်ငံမှငှားလာခဲ့သော ထိုင်းအမျိုးသမီးအကအဖွဲ့ဖြစ်သည်ဟု သိရသည်။ ဘယ်ကပဲဖြစ်ဖြစ်၊ မိမိနိုင်ငံ မိမိလူမျိုး ယဉ်ကျေးမှု၏နှစ်ကူးမင်္ဂလာပွဲသဘင်၌ ဤသို့လုပ်သင့် မသင့်ကို ချင့်ချိန်တတ်ဖို့တော့လိုပါ၏။ အရှည်မျှော်တွေးမှုမရှိသော စိတ်ဓာတ်ဖြင့် ဆောင်ရွက်နေလျှင် ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့ဖူးသော နိုင်ငံဖြစ်တော့မည်မှာ သိပ်ကြာတော့မည် မဟုတ်ပါ။

၁၄-၄-၂၀၁၄ သင်္ကြန်အကျနေ့တွင် ရေကစားမှုနှင့်ဆက်စပ်သော သင်္ကြန်မှုခင်းများမှာ မျက်လုံးပြူးဖွယ်ဖြစ်ပါ၏။ သင်္ကြန်မှုခင်းစာရင်းအရ တစ်ပြည်လုံးတွင် လူသတ်မှုတစ်မှု၊ မုဒိမ်းမှုတစ်မှု၊ ယာဉ်မတော်တဆမှု ခြောက်မှု၊ ဝတ္တရားနှောင့်ယှက်မှု တစ်မှု၊ ကာယိန္ဒြေဖျက်ဆီးမှုတစ်မှု၊ လက်နက်ကိုင်ဆောင်မှု သုံးမှု၊ ခါးပိုက်နှိုက်မှု ၁၄ မှု၊ မူးယစ်ရမ်းကားမှုကိုးမှု၊ နာကျင်စေမှု သုံးမှု၊ သေမှုသေခင်း နှစ်မှုဖြစ်ပွားခဲ့ပြီး အမှုပေါင်း ၄၀၌ သေဆုံးသူ ခြောက်ဦး၊ ဒဏ်ရာရသူ ၁၇ ဦးရှိခဲ့ကြောင်းတွေ့ရသည်။ (ဤအမှုများမှာ သင်္ကြန်ရေကစားခြင်းနှင့်သာ တိုက်ရိုက်ပတ်သက်သော အမှုဖြစ်ပါသည်။ အခြားအကြောင်းကြောင့်ဖြစ်သော အမှုများထည့်သွင်းတွက်ချက်ထားခြင်း မရှိပါ။ ထို့အပြင် ယစ်မျိုးမှုဖြစ်သော အရက်ပုန်းဖမ်းဆီးမှုများကို ထည့်သွင်းတွက်ချက်ထားခြင်း မရှိသေးပါ။)

တစ်နှစ်လုံး၏ အညစ်အကြေးကို ကောင်းမှုကုသိုလ်လုပ်၍ ဆေးကြောကြရမည့် အခါသမယတွင် ဤသို့သင်္ကြန်ကို ပုံဖျက်နေမှုများမှာ မည်သူ့တွင် တာဝန်ရှိပါသနည်း။ လက်ညှိုးထိုးနေ၍ မပြီးပါ။ အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရမည်သာဖြစ်ပါ၏။ သင်္ကြန်ကို အမှီပြုပြီး လူသတ်မှု၊ မုဒိမ်းမှုဖြစ်ရသည်ဆိုခြင်းမှာ အရပ်ရပ်ကြားလို့မှ မသင့်လျော်ပါ။ ပဋ္ဌာန်းတရားတော်ထဲမှ ဥပနိဿယပစ္စည်းတွင်ဖော်ပြထားသော (ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ ကစ္စယေန ပစ္စယော) ရှေ့ရှေ့၌ ကောင်းမှုလုပ်ရာမှ နောက်နောက်တို့တွင် ရံဖန်ရံခါ အကုသိုလ်တို့ဖြစ်လာကြသည်ဆိုသော စာပိုဒ်ကို သတိရဖွယ်ဖြစ်ပါ၏။

ကာလကြာသည်နှင့်အမျှ မူးကြရူးကြ ရိုက်ကြနှက်ကြ သတင်းကလည်း မြန်မာ့ယဉ်ကျေးမှုပွဲလမ်းသဘင်နှင့် အမြဲပူးတွဲရှိနေတတ်သော ထုံးတမ်းပင်ဖြစ်နေလေပြီ။ သင်္ကြန်ရက်အတွင်း နေပြည်တော်စစ်ဆေးရေးဂိတ်၌ ပူးပေါင်းအဖွဲ့ဖြင့် ယာဉ်များကို ရှာဖွေခဲ့ရာ ၁၄-၄-၂၀၁၄ နေ့ တစ်နေ့တည်းမှာပင် ယာဉ်ပေါ်တွင်အသင့်ကြိုတင်ပြင်ဆင်ယူဆောင်လာသော ဝါးရင်းတုတ်များ၊ သံတုတ်များ၊ (၂×၁) လက်မဆိုက် သစ်သားချောင်းများကို အများအပြားသိမ်းဆည်းရမိခဲ့သည်။ အဆိုပါလက်နက်များဖြင့် သင်္ကြန်မဏ္ဍပ်တွင် ရေကစားကြမည်ဆိုသော ရည်ရွယ်ချက်မှာ အဘယ်မျှ အန္တရာယ်ကြီးပါသနည်း။ လူသတ်မှုလည်း ဖြစ်သွားနိုင်သည်။ အနည်းဆုံးနာကျင်မှုတော့ဖြစ်မှာ သေချာသည်။

ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတာဝန်ယူရသည့် အဖွဲ့အစည်းများက ပြစ်မှုများမဖြစ်ပွားစေရန်ကြိုတင်ကာကွယ်သည့်အနေဖြင့် ရှာဖွေခြင်း၊ စစ်ဆေးခြင်းပြုနေကြရသည်ကို ကြည်ဖြူသောအမြင်ဖြင့် ရှုမြင်စေချင်ပါသည်။ အမြင်ကြည်လင်ရုံမျှသာမက မိမိအပါအဝင်တစ်ဦးချင်းမှသည် အစုအဖွဲ့အားလုံးကလည်း မြန်မာ့ယဉ်ကျေးမှုအတာသင်္ကြန်တွင် ယဉ်ကျေးမှုများပျက်ပြုန်းသွားခြင်းမရှိစေရေးအတွက် မိမိနှင့်ဆက်စပ်သောဝန်းကျင်ကိုပါ အသိ ပညာပေးလျက် ဝိုင်းဝန်းလိုက်နာဆောင်ရွက်သင့်ပြီဖြစ်ပါကြောင်း တိုက်တွန်းလိုပါသည်။

"ယဉ်ကျေးမှုသင်္ကြန်ကိုအမဲဖျက်သူများအား ဝိုင်းဝန်းပြုပြင်ကြပါစို့"

သဗ္ဗေသတ္တာ ရောဂါ အနိစ္စာ။

သင်္ကြန်မှုခင်းဖြစ်ပွားမှု(သင်္ကြန်အကြိုနေ့နှင့်အကျနေ့နှစ်ရက်)

နေပြည်တော် ဧပြီ ၁၅

စဉ်	ရက်စွဲ	ဖြစ်စဉ်အကြောင်းအရာ	မှတ်ချက်
၁	၁၃-၄-၂၀၁၄	ယာဉ်မတော်တဆမှုသုံးမှု (ဒဏ်ရာရ ၁၅ ဦး) ခါးပိုက်နှိုက်မှုခြောက်မှု၊ လက်နက်ကိုင်ဆောင်မှုသုံးမှု၊ မူးယစ်ရမ်းကားမှုလေးမှု	၁၆ မှု
၂	၁၄-၄-၂၀၁၄	လူသတ်မှုတစ်မှု (တစ်ဦးသေဆုံး) ယာဉ်မတော်တဆမှု ခြောက်မှု (နှစ်ဦးသေဆုံး၊ ဒဏ်ရာရရှိမှု ၁၁ ဦး) တာဝန်ဝတ္တရားနှောင့်ယှက်မှုတစ်မှု၊ မိန်းကလေးကာယိန္ဒြေဖျက်ဆီးမှုတစ်မှု၊ လက်နက်ကိုင်ဆောင်မှု သုံးမှု၊ ခိုးမှု/ခါးပိုက်နှိုက်မှု ၁၄ မှု၊ မူးယစ်ရမ်းကားမှုကိုးမှု၊ ခိုက်ရန်ဖြစ်ပွားမှုသုံးမှု(ဒဏ်ရာရခြောက်ဦး)၊သေမှုသေခင်းနှစ်မှု (သေဆုံးသူသုံးဦး)၊	၄၀ မှု
	စုစုပေါင်း	သေဆုံးခြောက်ဦး ဒဏ်ရာရ ၃၂ ဦး	၅၆ မှု

နောက်ဆုံးရ နိုင်ငံတကာသတင်း

လစ်ဗျားနိုင်ငံဆိုင်ရာ ဂျော်ဒန်သံအမတ်ပြန်ပေးဆွဲခံရ

ဘယ်သူဘယ်ဝါဟု မသိရသော သေနတ်သမားများက လစ်ဗျားနိုင်ငံဆိုင်ရာ ဂျော်ဒန်သံအမတ်ကို မြို့တော်ထရီပိုလီတွင် ဧပြီ ၁၅ ရက် နံနက်ပိုင်းက ပြန်ပေးဆွဲခဲ့ကြောင်း လစ်ဗျားပြည်ပရေးရာ ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မျက်နှာဖုံးစွပ်ထားသော သေနတ်သမားများသည် နံပါတ်ပြားမပါသော ကားနှစ်စီးကိုမောင်းနှင်လာကာ လစ်ဗျားနိုင်ငံဆိုင်ရာ ဂျော်ဒန်သံအမတ် ဖာဝတ်ဇ်အယ်လ်အီတန်နှင့် ၎င်း၏ယာဉ်မောင်းကို တိုက်ခိုက်ခဲ့ကြောင်း၊ သေနတ်သမားများသည် သံအမတ်၏မော်တော်ယာဉ်ကို ပစ်ခတ်တိုက်ခိုက်ပြီး သံအမတ်ကို ပြန်ပေးဆွဲခဲ့ကြောင်းဖြင့် ပြောရေးဆိုခွင့်ရှိသူ အယ်လ်အာဆွတ်က ပြောကြားသည်။

ပြောကြား

သံအမတ်၏ ယာဉ်မောင်းမှာ အဆိုပါတိုက်ခိုက်မှုတွင် ကျည်နှစ်ချက်ထိမှန်ကာ ထရီပိုလီမြို့ရှိ ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိသည်ဟု ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

အဆိုပါ ပြန်ပေးဆွဲမှုနှင့်ပတ်သက်၍ ဘယ်သူဘယ်ဝါလက်ချက်ဖြစ်သည်ကို ယခုအထိ မသိရှိနိုင်သေးပေ။

လစ်ဗျားနိုင်ငံသည် ခေါင်းဆောင်ဟောင်း မွမ်မာကဒါဖီ၏ အစိုးရပြိုကျခဲ့ပြီးချိန်ကတည်းက ပြန်ပေးဆွဲမှုများနှင့် ခါးပြတိုက်လုယက်မှုများနှင့် ရင်ဆိုင်ကြုံတွေ့လျက်ရှိပြီး ကြားဖြတ်အစိုးရသည် လစ်ဗျားနိုင်ငံတစ်ဝန်းလုံးအပေါ် ထိရောက်သော ထိန်းချုပ်မှုကို ယခုအထိ မလုပ်ဆောင်နိုင်သေးကြောင်း သတင်းတွင် ဖော်ပြသည်။

ဂျေတီဘွေကီး

အပူပိုင်းဒေသ စိမ်းစိုဖို့ သစ်တော သစ်ပင်တွေ ထိန်းသိမ်းစို့

ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၄-၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ တွင် ဖော်ပြပါရှိသည့် ဖောင်းပြင်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး မြန်နန်းမခွင်ချောင်းကူးတံတားဖွင့် သတင်း၏ ကော်လံ (၂) စာကြောင်းရေ (၁) တွင် **လွှတ်တော်ကိုယ်စားလှယ်များ**ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

(စာတည်းအဖွဲ့)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

လွှမ်းမောဖွယ်အညာ

အေးသဇင်

အညာရဲ့နွေကပူပြင်းနေသလို နွေကာလမှာပဲ ကျွန်မမိဘနှစ်ပါးက အပူရှိန်မြင့်မားလွန်းတဲ့ ရာသီဥတုဒဏ်အပြင် နဂိုရောဂါအခံနဲ့လောကကို ကျောခိုင်းသွားခဲ့ကြရပါတယ်။ နွေကာလရောက်ရင် ရေရဲ့တန်ဖိုးကို ပိုသိလာကြရပြီး မိဘမရှိတော့တဲ့အခါ မိဘမေတ္တာကို တုနှိုင်းလို့တောင်မရနိုင်ဘူးဆိုတာ ပိုသိခွင့်ရလာခဲ့ရပါတယ်။ မိဘနှစ်ပါးစလုံး ဝန်ထမ်းတွေဖြစ်ကြလို့ အညာဒေသမှာ ကြီးပြင်းခဲ့ရပြီး ကျောင်းစနေခဲ့ရတဲ့ ကျွန်မက အညာကို ချစ်တဲ့စိတ်နဲ့ အညာဒေသသတင်းဆိုရင်ကြားချင်၊ ဖတ်ချင်နေတဲ့သူပါ။

မိုးနည်းပြီး ရေရှားပါးလှသည့် အညာဒေသမှာ ဧရာဝတီ၊ ဒုဋ္ဌဝတီမြစ်ကြီးတွေကနေ ရေကိုရေတင်စက်ကြီးတွေနဲ့စုပ်တင်ပြီး မန္တလေးတိုင်းဒေသကြီး အတွင်းမှာစိုက်ပျိုးရေကို ပေးဝေလျက်ရှိသည့်အတွက် သီးနှံစိုက်ပျိုးရေးသာမက ရေသောက်ဧရိယာအတွင်းမှာရှိနေတဲ့လူ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်တွေအတွက် သောက်သုံးရေတွေကိုပါ ဖြည့်ဆည်းပေးလျက်ရှိသည့် သတင်းကိုကြားသိလိုက်ရတော့ ဝမ်းသာမဆုံးနိုင်အောင်ဖြစ်မိပါတယ်။ မြစ်ရေတင်ဒေသကျေးရွာတွေမှာ လက်တံမြောင်းတွေကနေတစ်ဆင့် သောက်သုံးရေကန် ၄၈ ကန်တည်ဆောက်ပြီး သောက်သုံးရေဖြည့်ဆည်းပေးလျက်ရှိသည့်အတွက် စဉ့်ကိုင်မြို့နယ် ရွှေလံဗိုလ်မြစ်ရေတင်၊ မြင်းခြံမြို့နယ် ဆီမီးခုံ(၂)တိုးချဲ့မြစ်ရေတင်၊ ညောင်ဦးမြို့နယ် လောကနန္ဒာမြစ်ရေတင်၊ လက်ပံခြေပေါ်မြစ်ရေတင်နဲ့ ငါ့သရောက်မြစ်ရေတင်ဒေသရှိ လူဦးရေ ၂၀၃၉၂ အတွက်သာမက ကျွဲ၊ နွား၊ တိရစ္ဆာန်တွေအတွက်ပါ သောက်သုံးရေလုံလောက်စွာ ရရှိလျက်ရှိနေတော့ အညာမြေမှာ ရေဒုက္ခကင်းဝေးအောင် ဆောင်ရွက်လျက်ရှိနေတာကို သိခွင့်ရလိုက်ပါတယ်။

> ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ခရိုင်ခြောက်ခရိုင်၊ မြို့နယ်အလိုက် ၁၆ မြို့နယ်ကိုတိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေနဲ့ ဆောင်ရွက်မယ့် ကျေးရွာ ၁၅၇ ရွာအတွက် ဆည်ငယ်၊ ကန်ငယ် ၂၁၈ ခုလုပ်ငန်း ဆောင်ရွက်ဖို့ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ သောက်သုံးရေအတွက် ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တွေမှာရှိတဲ့ မြို့နယ် ၁၈ မြို့နယ်၊ ကျေးရွာ ၂၃၀ ၌ စက်ရေတွင်း၊ လက်နှိပ်တုံကင်တွေနဲ့ သောက်သုံးရေရရှိရေးဆောင်ရွက်ပြီး

ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံတချို့မှာ ရေရှားပါးမှုဒဏ်ကိုခံစားနေကြရတဲ့ ပြည်သူတွေလည်း အများအပြားရှိနေပါတယ်။ "ရေအသက်တစ်မနက်၊ ထမင်းအသက်ခုနစ်ရက်" ဆိုသည့်စကားနဲ့အညီ ကမ္ဘာတစ်ဝန်းလုံးတွင် ရေနှင့်စားနပ်ရိက္ခာလျှုဒါန်းဒါနပြုနေကြသူတွေ ရှိနေကြပါတယ်။ အညာဒေသက မိုးနည်းပြီး ရေရှားပါးလို့ တောင်သူများအနေနဲ့ စိုက်ပျိုးသီးနှံပျက်စီးမှုမဖြစ်ပေါ်စေဖို့ မန္တလေးတိုင်းဒေသကြီးအစိုးရအစီအစဉ်ဖြင့် စိုက်ပျိုးရေရရှိရေးအတွက် စက်ရေတွင်းများကို ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက ၂၀၁၃ -၂၀၁၄ ခုနှစ် ဘဏ္ဍာနှစ်အတွင်း ခရိုင်ငါးခရိုင်မှ မြို့နယ် ၁၈ မြို့နယ်တို့တွင် ကျေးရွာပေါင်း ၃၈၂ ရွာရှိ တောင်သူများအတွက် စိုက်ပျိုးရေစက်ရေတွင်း ၃၉၂၄ တွင်း တူးဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

စက်ရေတွင်းတွေ တူးဖော်ဆောင်ရွက်ရာမှာ ကြိုတင်ငွေပေးချေစနစ်နဲ့ ကုမ္ပဏီ၊ လုပ်ငန်းရှင်တွေကို တင်ဒါခေါ်ယူပြီး တင်ဒါစနစ်ဖြင့် ဆောင်ရွက်ခြင်းဆိုပြီး အပိုင်းနှစ်ပိုင်းခွဲ၊ နည်းလမ်းနှစ်သွယ်နဲ့ စိုက်ပျိုးရေစက်ရေတွင်းတွေကို တောင်သူတွေရဲ့ စိုက်ပျိုးသီးနှံစိုက်ခင်းတွေမှာ အချိန်မီ ရေရရှိနိုင်ရေးဆောင်ရွက်လျက်ရှိပါတယ်။ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအနေနဲ့ စိုက်ပျိုးရေရရှိရေးနည်းလမ်းတွေအနက် မြစ်ချောင်းတွေကနေ ရေကိုရေစုပ်စက်တွေနဲ့စုပ်တင်ခြင်းနဲ့ မြေအောက်ရေကို ဖော်ထုတ် ထုတ်ယူသုံးစွဲခြင်းဖြင့်ရရှိလာသောရေကို စိုက်ပျိုးရေးအတွက် အပြည့်အဝအသုံးချရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါတယ်။ အပူပိုင်းမိုးနည်းသည့် ဒေသတွေမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးခေါင်ရေရှားမှုဖြစ်ပေါ်ပြီး လူသားတွေသာမက ကျွဲ၊ နွား၊ တိရစ္ဆာန်တွေပါဒုက္ခဖြစ်ကြရပါတယ်။ မြင်းခြံမြို့နယ်က ဧရာဝတီမြစ်နဲ့ချင်းတွင်းမြစ်ဆုံရာ အနီးမှာရှိသည့်အတွက် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်တဲ့အခါ နှစ်စဉ်မြစ်ရေဝင်အရပ်တွေမှာ စိုက်ပျိုးလုပ်ကိုင်တဲ့ တောင်သူတွေ၊ မြစ်ရေမဝင်အရပ်တွေမှာ မိုးရေကိုသာ အားကိုးပြီး စိုက်ပျိုးလုပ်ကိုင်တဲ့တောင်သူတွေ၊ မြစ်ရေတင်နဲ့ဆည်ရေသောက်စိုက်ပျိုးလုပ်ကိုင်နေသည့် တောင်သူတွေဆိုပြီး တောင်သူသုံးမျိုးရှိတာကိုလည်း သိလိုက်ရပါတယ်။

မြစ်ရေတင်နဲ့ဆည်ရေသောက် စိုက်ပျိုးလယ်ယာမြေတွေမှာ စပါးကို အဓိကထားစိုက်ပျိုးပြီး အခြားသီးနှံတွေဖြစ်တဲ့ နှမ်း၊ ကြက်သွန်နီ၊ ကုလားပဲ၊ ငရုတ်တို့ကို တွဲဖက်စိုက်ပျိုးကြပြီး မြစ်ရေဝင်အရပ်ရှိ လယ်ယာမြေတွေမှာ ဆီထွက်သီးနှံတွေဖြစ်တဲ့ မြေပဲ၊ နှမ်း၊ နေကြာနှင့်ပဲတီစိမ်း၊ စွန်တာနီပဲ၊ ကုလားပဲ၊ ပဲကြီး၊ ပဲလွန်း၊ ပဲပိစပ်၊ ဖူးစားပြောင်း၊ ဆေးရွက်ကြီးတို့ကို စိုက်ပျိုးကြသလို မိုးရေကိုသာအားကိုးပြီး စိုက်ပျိုးတဲ့ကုန်းတောရှိ လယ်ယာမြေတွေမှာမြေပဲ၊ နှမ်း၊ ဝါ၊ ဆန်၊ ပြောင်း၊ ပဲစင်းငုံ၊ ဆေးရွက်ကြီးတို့ကိုစိုက်ပျိုးကြသည့်အကြောင်း၊ လယ်ယာထွက်သီးနှံတွေထွက်ရှိတဲ့ရာသီဆို ကုန်းတောမှာစိုက်ပျိုးတဲ့တောင်သူတွေက ဆီထွက်သီးနှံတွေဖြစ်တဲ့မြေပဲ၊ နှမ်းတို့ကိုအဓိကထားစိုက်ပျိုးကြတဲ့အကြောင်း၊ ကြားညှပ်သီးနှံအဖြစ် ပဲစင်းငုံကိုအများဆုံးစိုက်ပျိုးကြတဲ့အကြောင်း၊ ပဲစင်းငုံကိုကြားညှပ်သီးနှံအဖြစ် စိုက်ပျိုးခြင်းဖြင့်အရွက်ခြောက် ပဲမှော်တွေကို နွားစာအဖြစ်အသုံး ပြုရခြင်းအပြင် ပင်စည်ကိုင်းတွေကို ထင်းအဖြစ် အသုံးပြုလို့ရတဲ့အတွက် တောထဲမှာထင်းရှာရတဲ့ ဒုက္ခနဲ့ထင်းအတွက် ပူပန်နေစရာမရှိတော့ဘူးပေါ့။

သူကောင်းတည်မြစ်ရေတင်ကတော့ ညောင်ဦးမြို့ရဲ့ အရှေ့ဘက်ရှစ်မိုင်အကွာမှာတည်ဆောက်ထားရှိပြီး မြစ်ရေတင်မှာရေတင်ကန်ရှစ်ကန်နဲ့ ပထမလျာထားပြီး တည်ဆောက်ထားလျက်ရှိတဲ့အပြင် အဆိုပါ မြစ်ရေတင်ကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိနေတဲ့အတွက် သူကောင်းတည်မြစ်ရေတင်ဘေးမှာ တောင်သူတွေက ဆောင်းမြေပဲစိုက်ပျိုးလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိနေတာမြင်နိုင်ပါတယ်။ စပါးစိုက်ပျိုးဖို့ ရေလုံလောက်စွာရရှိတဲ့အတွက် စပါးစိုက်တောင်သူတွေလည်း တစ်ဧကကို တင်း ၇၀၊ ၈၀ မှ တင်း ၉၀၊ ၁၀၀ အထိ ထွက်ရှိကြလို့ မျက်နှာမှာအပြုံးတွေဝေနေကြပါပြီ။ ယခုအခါ စပါးစိုက်ပျိုးရုံမျှမက ဆောင်းသီးနှံမြေပဲတွေကို စမ်းသပ်စိုက်ပျိုးလာရာတောင်သူများ တွက်ခြေကိုက်လာတဲ့အတွက် ယခုနှစ်မှာ မနှစ်ကထက်စာရင်ဆောင်းမြေပဲ စိုက်တောင်သူပိုများလာပါတယ်။ မြစ်ရေတင်ကို ဆက်လက်ပြီး အဆင့်မြှင့်တင်ပေးနိုင်မယ်ဆိုရင် တောင်သူတွေအဖို့ တစ်သီးစားဘဝကနေ နှစ်သီးစားဘဝကို ရောက်ရှိလာပြီး လူမှုစီးပွားဘဝတိုးတက်အောင်မြင်လာမှာဖြစ်ပါတယ်။ အချို့နေရာဒေသတွေမှာဆို အရင်က ရေကိုသောက်သုံးဖို့သာမဟုတ်၊ အသုံးပြုဖို့တောင်မသင့်တော်ဘဲ ငန်နေရာကမြစ်ရေတင်ရေရောက်ရှိလာတဲ့အတွက် သွယ်ဝိုက်တဲ့နည်းနဲ့ရေကိုချိုစေတဲ့အတွက် စိုက်ပျိုးရေရရှိပြီး သုံးရေအတွက်ပါ ရရှိတဲ့အပြင် အညာဒေသစိမ်းလန်းစိုပြည်ရေးကိုပါ အထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

ယခုအခါရာသီဥတုပြောင်းလဲ ပြင်းထန်မှုတွေကြောင့် မုတ်သုန်ကာလတိုတောင်းလာရာမိုးရွာသွန်းရက်နည်းပါးလာပြီး ပတ်ဝန်းကျင်အပူရှိန်မြင့်တက်လျက်ရှိနေလို့ မြေအောက်ရေလျော့ပါးလာခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့လမ်းညွှန်ချက်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကြီးကြပ်မှုဖြင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက လေးလက်မစက်ရေတွင်းတွေကို တူးဖော်ပေးလျက်ရှိပါတယ်။ တောင်သာမြို့နယ် ဇဂျမ်း-ကန်မြဲဒေသမှာ လေးလက်မစက်ရေတွင်း ရှစ်တွင်းတူးဖော်ပြီးစီးခဲ့ရာ လူဦးရေ ၁၅၁၉၀ နဲ့ ကျွဲ၊ နွား ၂၅၅၀၀ ကောင်အတွက် သောက်သုံးရေတွေ လုံလောက်စွာရရှိခဲ့ပြီး ဖြစ်ပါတယ်။ ထပ်ပြီး တောင်သာမြို့နယ် ဇဂျမ်း-ကန်မြဲဒေသမှာသုံးတွင်း၊ ရေခါးကျေးရွာတွင်တစ်တွင်း၊ ပေါက်ကန်ကျေးရွာတွင် တစ်တွင်းနဲ့ မလှိုင်မြို့နယ်၊ ပန်းအိုင်ကျေးရွာအုပ်စု ကန်ဦးကျေးရွာတွင်တစ်တွင်းတို့အား သက်ဆိုင်ရာ အလှူရှင်စရိတ်များဖြင့် တူးဖော်လျက်ရှိရာလူဦးရေ ၂၆၄၉ နဲ့ ကျွဲ၊ နွား ၁၀၉၅ ကောင်အတွက် သောက်သုံးရေများ လုံလောက်စွာရရှိစေမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ဆောင်ရွက်ပြီးလုပ်ငန်း ၇၂ ခုမှ ရေတင်လုပ်ငန်းဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၃-၂၀၁၄ခုနှစ် မိုးသီးနှံရာသီတွင် ရေတင်လုပ်ငန်း ၄၀ ဖြင့် စိုက်ဧက (စပါး+အခြား)သီးနှံ စုစုပေါင်း ၁၄၂၁၃၊ ဆောင်းသီးနှံစိုက်ဧကအနေဖြင့် အခြားသီးနှံ ၉၇၅ ဧက ရေပေးဝေခဲ့ပြီး ၂၀၁၃-၂၀၁၄ ခုနှစ် နွေသီးနှံလျာထားဧက(စပါး+အခြား) သီးနှံစုစုပေါင်း ၁၀၁၈၂ ဧကကို ရေပေးဝေဖို့ ဒေသအာဏာပိုင်၊ စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့များဖြင့် လျာထားဆောင်ရွက်လျက်ရှိနေသည့်အတွက် လယ်ဧကမြောက်မြားစွာကို စိုက်ပျိုးမြေအဖြစ် အသုံးပြုနိုင်ပြီဖြစ်ပါတယ်။

ယခုနှစ်မှာတော့ ဧရာဝတီမြစ်ကြောင်းအတွင်း သဲသောင်တွေဖြစ်ထွန်းမှုကြောင့် ညောင်ဦးမြို့နယ်မှာ လောကနန္ဒာ၊ သူကောင်းတည်နဲ့လက်ပံခြေပေါ်မြစ်ရေတင်၌လည်းကောင်း၊ မြင်းခြံမြို့နယ်ဆီမီးခုံ (၂)နဲ့ ငါန်းဇွန်မြို့နယ် ငါန်းမြာမြစ်ရေတင်၌လည်းကောင်း သဲစုပ်စက်၊ သောင်တူးစက်တွေနဲ့ ရေဝင်လမ်းကြောင်းရရှိအောင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ မြစ်ရေတင်လုပ်ငန်းတွေ ဆောင်ရွက်ခြင်းကြောင့် ရရှိလာတဲ့ကောင်းကျိုးကိုးဖြာမှာ သီးနှံအထွက်နှုန်းတိုးတက်လာခြင်း၊ သီးထပ်စွမ်းအားတိုးတက်လာခြင်း၊ ဒေသဝမ်းစာဖူလုံစွာရရှိခြင်း၊ သောက်သုံးရေရရှိခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းစွာနှင့် ကျန်းမာရေးကောင်းမွန်လာခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လာခြင်း၊ အပေါ်ယံမြေဆီလွှာကောင်းမွန်လာခြင်း၊ မြေအောက်ရေမြင့်တက်လာခြင်း၊ မြောင်းစစ်လမ်းအား ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်မှုအတွက် လွယ်ကူစွာအသုံးပြုနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးတွေရရှိနိုင်မှာဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မန္တလေးတိုင်းဒေသကြီး အတွင်းမှာ ခရိုင် ခြောက်ခရိုင်၊ မြို့နယ်အလိုက် ၁၆ မြို့နယ်ကိုတိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေနဲ့ ဆောင်ရွက်မယ့်ကျေးရွာ ၁၅၇ ရွာအတွက် ဆည်ငယ်၊ ကန်ငယ် ၂၁၈ ခုလုပ်ငန်းဆောင်ရွက်ဖို့ရှိပါတယ်။ မန္တလေးတိုင်းဒေသကြီး အတွင်းမှာ သောက်သုံးရေအတွက် ကျောက်ဆည်ခရိုင်၊ ညောင်ဦးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ မြင်းခြံခရိုင်၊ မိတ္ထီလာခရိုင်နှင့် ရမည်းသင်းခရိုင်တွေမှာရှိတဲ့ မြို့နယ် ၁၈ မြို့နယ်၊ ကျေးရွာ ၂၃၀ ၌ စက်ရေတွင်း၊ လက်နှိပ်တုံကင်တွေနဲ့ သောက်သုံးရေရရှိရေးဆောင်ရွက်ပြီး ဖြစ်ပါတယ်။

မလှိုင်မြို့နယ်အတွင်းမှာဆိုရင်လည်း နိုင်ငံတော်သမ္မတကြီးရဲ့ လှူဒါန်းမှုဖြင့် သောက်သုံးရေ၊ သောက်ရေတွင်းများ တူးဖော်သုံးစွဲနေနိုင်ပြီးဖြစ်ပါတယ်။ ရေအကျိုး (၁၀) ပါးက ဆုမတောင်းဘဲ ပြည့်နိုင်သလို ရေရှားပါးလှသည့် နေရာဒေသတွေမှာ သောက်သုံးရေဖူလုံနေပြီဖြစ်လို့ရေအတွက် ပူပင်ကြောင့်ကြဖြစ်နေစရာမလိုတော့ပါဘူး။ သက်ဆိုင်ရာဌာနတွေကလည်း သောက်သုံးရေလုံလောက်စွာရရှိရေးအတွက်သာမက စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွေကိုပါဆောင်ရွက်ပေးနေလို့ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝတိုးတက်မြင့်မားလာပြီး နိုင်ငံတော်ရဲ့ရည်မှန်းချက်ဖြစ်တဲ့ ကျေးလက်နေပြည်သူများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုလျက်ရှိနေပါတော့တယ်။

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မှရိုးကျေးရွာတွင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနက စက်ရေတွင်း တူးဖော်ပေးခဲ့သည်။

ရေဖြူချောင်းရိုးလမ်းခရီး အလွယ်တကူသွားလာနိုင်ပြီ

ပေါက် ဧပြီ ၁၅

၂၀၁၃ ခုနှစ် ဩဂုတ်လ ၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၃ တွင် ကုန်တင်ကားကို လူအများကြိုးဆွဲတပ်နေသော ဓာတ်ပုံနှင့်တကွ "ရေဖြူချောင်းရိုးလမ်းခရီးကြန့်ကြာမှုမရှိစေချင်" ဖော်ပြပါရှိပြီး မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ရေဖြူရွာအနီးရှိ အဆိုပါ ရေဖြူချောင်းရိုး၌ ယခုအခါ ရေကျော်တံတား တည်ဆောက်ပြီးဖြစ်၍ ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ အလွယ်တကူဖြတ်သန်းသွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ရေကျော်တံတားသည် ပခုက္ကူ-ပေါက်-ရေဖြူ-ကျင်း-ထီးလင်း ကားလမ်းမိုင်တိုင် (၆၅/၁ကပစ) လမ်းဆုံ၌ တည်ရှိပြီးအရှည်ပေ ၄၀၊ အကျယ် ၁၅ ပေ၊ ရေကျော်တံတားဖြစ်ပြီး AMC ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ခဲ့ကြောင်း ပေါက်မြို့ မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအင်ဂျင်နီယာ ဦးစိုးမော်ထံမှ သိရသည်။

"ဒီရေဖြူ ရေကျော်တံတားက ကြီးကြီးမားမားမဟုတ်ပေမယ့် ထီးလင်းမြို့နယ် အရှေ့ပိုင်းရဲ့အားထားရာ ကားလမ်းရှိခရီးနှောင့်နှေးမှုတစ်ခုကို ဖြေရှင်းပေးတာပါ။ ကျွန်တော်တို့ဒေသရဲ့ အခက်အခဲကိုဖော်ပြပေးတဲ့ မြန်မာ့အလင်းသတင်းစာနဲ့ ရေကျော်ကို တည်ဆောက်ပေးတဲ့ ကုမ္ပဏီ၊ ဌာနတွေကို ကျေးဇူးတင်ပါတယ်" ဟု အဆိုပါကားလမ်း၌ သွားလာနေသူ ယာဉ်မောင်းတစ်ဦးက ပြောသည်။

တိုးချဲ့ဆောင်ရွက်

ပေါက်မြို့နယ်ရှိ ပေါက်-ပျမ-ရေဖြူ-ကျင်းကားလမ်း၌ ယခင်နှစ်က လမ်းတိုးချဲ့ခြင်း၊ ကျောက်ခင်းခြင်း၊ ကတ္တရာခင်းခြင်းများ ရှိခဲ့သော်လည်း လွန်ခဲ့သောမိုးကာလ၌ ပေါက်ပြပျက်စီးခဲ့၍ ယခုအချိန်တွင် ထပ်မံပြုပြင်ခြင်း၊ အသစ်တိုးချဲ့ဆောင်ရွက်ခြင်းပြုလုပ်လျက်ရှိကြောင်း ဒေသခံ ရေဖြူရွာသားတစ်ဦးထံမှ သိရသည်။

(လ/၀၀၅)

မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် အကြတ်နေ့ဖြစ်သော ဧပြီ ၁၅ ရက်က မုံရွာမြို့ရှိ လမ်းများ တစ်လျှောက်တွင် ရေပက်ခံကားများ၊ မော်တော်ဆိုင်ကယ်များသည် အေးချမ်းပျော်ရွှင်စွာ ရေပက်ခံကြလျက်ရှိသည်ကို တွေ့ရစဉ်။ (ခရိုင် ပြန်/ဆက်)

၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန် အကြတ်နေ့ မြင်ကွင်းစုံ

သင်္ကြန်အကြတ်နေ့က ရန်ကုန်မြို့ ဆူးလေဘုရားလမ်း တစ်လျှောက် အတာသင်္ကြန်ပွဲ ဆင်နွှဲနေကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

မဟာသင်္ကြန်အကြတ်နေ့က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ကျောက်ကြီးမြို့နယ် ကျောက်ပုံတောင် ကျေးရွာအုပ်စု စပ်လဲကျေးရွာအနီးရှိ စပ်လဲရေတံခွန်၌ တစ်ဦးချင်းရော၊ အသင်းအဖွဲ့လိုက်၊ မိသားစုအလိုက်ပါ လာရောက်၍ ရေကစား၊ ရေချိုး အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိနေသည့် မြင်ကွင်း။ ပိန်းဇလုပ်-သိန်းညွန့်

ကျိုင်းတုံ ရိုးရာသင်္ကြန်တွင် နန္ဒဘေရီမင်္ဂလာစည်တော်ကို စဝ်လုံကတ် အောင်မြေနတ်နန်းမှ ကျိုင်းဖောင်းချောင်းသို့ ဧပြီ ၁၄ ရက်က ပို့ဆောင်ရာ စည်ကားစွာ တွေ့ရစဉ်။ မောင်မောင်နိုင်

မဟာသင်္ကြန် အကြတ်နေ့ မွန်းလွဲပိုင်းက တာချီလိတ်မြို့ မယ်ဟုတ်ချောင်း အပန်းဖြေစခန်းတွင် အတာသင်္ကြန် ချစ်သူများ ပျော်ရွှင်စွာ ရေကစားလျက်ရှိကြစဉ်။ မောင်ယဉ်ကျေး

မြန်မာ့ရိုးရာ မဟာသင်္ကြန်အကြတ်နေ့က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာမပျက် ရေကစားကြရာ ရေပက်ခံကားများဖြင့် လှည့်လည်သူများ၊ ရေကစားကြသူများဖြင့် စည်စည်ကားကား တွေ့ရစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာ့ နှစ်သစ်ကူး အခါသမယ ရန်ကုန်မြို့တွင်း၌ ပျော်ရွှင် ချမ်းမြေ့စွာ ရေပက် ကစားကြရာတွင် နိုင်ငံခြားသားများ ပါ ဉ်သို့ ပါဝင်ဆင်နွှဲ ကြသည်ကို တွေ့ရစဉ်။ ဟန်ငွေးအောင်

ရှမ်းပြည်နယ် လွိုင်ကော်ခရိုင် မိုင်းကိုင်မြို့နယ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက် မဟာသင်္ကြန်အကြိုနေ့မှ စတင်ပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ ယိမ်းအကအလှများ၊ ပြိုင်ပွဲများ၊ ဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။ နန်းလှိုင်လှိုင်ဦး (မိုင်းကိုင်)

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း မိသားစုတို့ မဟာသင်္ကြန်အကြတ်နေ့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်၌ ပါဝင်ဆင်နွှဲရန် အခမ်းအနား ကျင်းပရာသို့ လာရောက်ကြစဉ်။ (သတင်းစဉ်)

❖ ***ရှေ့ဖုံးမှ***

ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး သူရ သက်ဆွေနှင့် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်တို့က ဂုဏ်ပြုဆုများချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ နိုင်ငံတော်သမ္မတ

အိမ်တော်မြက်
မဟာသင်္ကြန်
တော်ကို တ
ကြသည်။

အဆိုပါ
မိသားစု မြ
မဟာသင်္ကြန်ပွဲ
ပါဝင် ဆ
ကာကွယ်ရေး
ညှိနှိုင်းကွပ်ကဲ

၁၃၇၅ ခုနှစ် သမ္မတအိမ်တော်မိသားစု မြန်
ယိမ်းအဖွဲ့တို့ကို တွေ့ရစဉ်။

မဟာသင်္ကြန်အကြတ်နေ့ ရန်ကုန်မြို့၌ ပြည်သူများပျော်ရွှင်စွာဆင်နွှဲ

ရန်ကုန် ဧပြီ ၁၅

နှစ်ဟောင်းမှ အညစ်အကြေးများကို အတာရေဖြင့် ဆေးကြောသန့်စင်သည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်မှာ ယနေ့တွင် အကြတ်နေ့သို့ တိုင်ခဲ့ပြီဖြစ်သည်။ မဟာသင်္ကြန်အကြိုနေ့ မွန်းလွဲပိုင်းနှင့်ညနေပိုင်းမှ စတင်လှုပ်ရှားသက်ဝင်လာခဲ့သည့် ရန်ကုန်မြို့မဟာသင်္ကြန်သည် အကြို၊ အကျရက်များကိုကျော်ဖြတ်ပြီး မဟာသင်္ကြန်အကြတ်နေ့ဖြစ်သည့် ယနေ့တွင် နံနက်ပိုင်းမှစတင်၍ သင်္ကြန်ချစ်သူပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ နံနက် ၈ နာရီမှစ၍လည်းကောင်း၊ အက၊ အလှ၊ သဘာဝယာဉ်များဖြစ်သည့် ဖွမှာပဲ၊ တို့ခေတ်နဲ့အပြိုင်နှင့် ကျွန်ုပ်တို့သည်အဖွဲ့တို့က သင်္ကြန် သံချပ်များဖြင့်လည်းကောင်း၊ နာမည်ကျော် တေးသံရှင်များက ခါသင်္ကြန်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ ညပိုင်းတွင် တေးသံရှင် မို့မို့လွင်၊ ရွှေရည်ဖြိုးမောင်၊ မြန်မာပြည်သိန်းတန်၊ ထက်နေခြည်၊ ကောင်းကောင်း၊ အိုင်းရင်းဇင်မာမြင့်၊ လွှမ်းပိုင်၊ Bobby Soxer ၊တူးတူး၊ ယုဇနဲ၊ ဂရေဟမ်တို့က Lazy Club တေးဂီတအဖွဲ့နှင့်တွဲဖက်၍ သင်္ကြန်ချစ်သူပြည်သူများအား ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အလုံ၊ မင်္ဂလာတောင်ညွန့်၊ ဗဟန်း၊ တာမွေ၊ ရန်ကင်း၊ ကမာရွတ်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ လမ်းမတော်၊ လသာ၊ မရမ်းကုန်း၊ ကြည့်မြင်တိုင်၊ အင်းစိန်၊ လှိုင်စသည့် မြို့နယ်များ၌ မဟာသင်္ကြန်မဏ္ဍပ် အကြီးအလတ်အများစု ဆောက်လုပ်ထားသည်ကိုတွေ့ရပြီး ရေပက်သူများ၊ ရေပက်ခံသူများဖြင့် မဏ္ဍပ်တိုင်းစည်ကားလျက်ရှိသည်။

အထူးသဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ကန်ပတ်လမ်း တစ်လျှောက်ရှိ Alpine၊Play Boy 2၊ X_2O၊ Titan's Club ၊MKK၊ အတာမိုး၊ ခိုင်သစ္စာ၊ ရွှေပိတောက်စသည့် မဏ္ဍပ်များ၌ ရေပက်အားကောင်းစွာဖြင့် ရေပက်ကစားကြရာ ရေပက်ခံကားများ အထူးများပြားသည်ကို တွေ့ရသည်။

ပြည်လမ်း တစ်လျှောက်၌ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ မဟာသင်္ကြန်မဏ္ဍပ်၊ Hello Music၊ Air Bagan၊ Sparkling Fun မဏ္ဍပ်များ၊ ကမ္ဘာအေးစေတီလမ်း၌ ယူနိုက်တက်အမရာဘဏ်၊ ထာဝရကြယ်စင်တာရာ၊ ရွှေပိတောက်၊ ပိတောက်ရွှေဝါ၊ ပိတောက်ချစ်သူ၊ တော်ဝင်ပိတောက်၊ Ooredoo၊ ပိတောက်ဝါ၊ ပိတောက်ပွင့်စေ စသည့်မဏ္ဍပ်များရှိရာ အတာသင်္ကြန်ပွဲတော်တွင် အစည်ကားဆုံးနေရာများဖြစ်သည်ကို တွေ့ရသည်။

နေ့လယ်နေ့ခင်းများတွင် သင်္ကြန်ချစ်သူများသည် အင်းလျားကန်စောင်း၊ ကန်တော်ကြီး၊ ဗိုလ်ချုပ်ပန်းခြံ၊ ပြည်သူ့ဥယျာဉ်၊ မြိုင်ဟေဝန်ပန်းခြံ၊ ကန်တော်မင်္ဂလာပန်းခြံ စသည်တို့၌ နေ့လယ်စာစားရင်း အပန်းဖြေကြသည်။

မဟာသင်္ကြန် အကြတ်နေ့တွင် ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်းနှင့် ဆိပ်ကမ်းမြို့နယ်များ၌လည်း ရေပက်ကစားသူ၊ ရေပက်ခံထွက်သူများဖြင့် စည်ကားလျက်ရှိသည်။ ရေပက်ခံထွက်သူများသည် ခြေကျင်ဖြင့် တစ်မျိုး၊ စက်ဘီး၊ မော်တော်ကားတို့ဖြင့် တစ်သွယ် အမျိုးမျိုးရေပက်ခံထွက်ကာ အတာသင်္ကြန်ပွဲကို ပျော်ရွှင်စွာဆင်နွှဲကြသည်။

စတုဒိသာ ကျွေးမွေးလှူဒါန်းသည့်မဏ္ဍပ်များ၌ ရေပက်ကစားသူများ အမောပြေဝင်နားရင်း စားသောက်နိုင်ရန် မုန့်လုံးရေပေါ်၊ မုန့်လက်ဆောင်း၊ရွှေရင်အေး၊ သာကူအစရှိသည့်မုန့်များဖြင့် ညှော့ခံကျွေးမွေးကြသည်။ အချို့နေရာများတွင် သင်္ကြန်အစားအစာဖြစ်သည့် ဖယောင်းနံ့တသင်းသင်း ရေစိမ်သင်္ကြန်ထမင်းနှင့် ငါးခြောက်ထောင်း၊ ပဲကုလားဟင်းနှင့်ငါးပိကြော် စသည်ဖြင့် ကျွေးမွေးနေကြသည်ကိုလည်း တွေ့ရသည်။

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ ကိုဇော်မင်းက "ကျွန်တော်မနက်ကတည်းက မြို့ထဲကိုလျှောက်လည်နေတာ၊ နေ့ခင်းရပ်ကွက်ထဲပြန်ရောက်တော့ လမ်းထိပ်ကစတုဒိသာမဏ္ဍပ်မှာ ရေစိမ်သင်္ကြန်ထမင်းနဲ့ ငါးခြောက်ထောင်းကြော်လေး စားလိုက်ရတော့ ရင်ကိုအေးမြသွားတယ်ဗျာ၊ နောက်လည်းလှူနိုင်ကြပါစေ၊ အလှူရှင်တွေကို ကျေးဇူးတင်ပါတယ်" ဟု ပြောပြသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ ကန်တော်ကြီးကန်ပတ်လမ်း၌ မဟာသင်္ကြန်ပွဲ ဆင်နွှဲနေကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

မန္တလေးမြို့ မဟာသင်္ကြ

မန္တလေး ဧပြီ ၁၅

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ် မန္တလေးမြို့ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် သင်္ကြန်အကြတ်နေ့ဖြစ်သော ယနေ့တွင် သင်္ကြန်ချစ်သူ ပြည်သူများသည် မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့်အညီ မင်္ဂလာရေသဘင်ပွဲတော်ကို အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲရုံသာမက ဗုဒ္ဓဘာသာဝင် ပြည်သူများသည် မိမိတို့ မိဘဆွေမျိုး သက်ကြီးရွယ်အိုနှင့်ဆရာသမားများအား ကန်တော့ခြင်း၊ မိမိတို့မြို့နယ် ရပ်ကွက်များရှိ ဓမ္မာရုံများ၊ ရိပ်သာများ၊ ဘုရား၊ ကျောင်းကန်များတွင် ဥပုသ်သီတင်း သီလစောင့်ထိန်းကာ ဒါန၊ သီလ၊ ဘာဝနာ၊ တရားအားထုတ်ခြင်း၊ ပုတီးစိပ်ခြင်း အစရှိသည့် လောကုတ္တရာ မင်္ဂလာကုသိုလ်ကောင်းမှုများကိုလည်း ပြုလုပ်ကြသည့်အပြင် သင်္ကြန်ပွဲတော်မတိုင်မီကပင် စုပေါင်းရဟန်းခံရှင်ပြု၊ သီလရှင်ဝတ်၊ အလှူမင်္ဂလာပွဲများကိုလည်း ကျင်းပကြသည်။ မဟာသင်္ကြန်ကာလ ရုံးပိတ်ရက် သင်္ကြန်တွင်း တရားစခန်းများ၌ စခန်းဝင်ရောက်ကာ တရားအားထုတ် ကုသိုလ်ကောင်းမှုပြုသူ သံဃာ၊ သီလရှင်၊ ယောဂီများသည် ယခုနှစ်တွင် မန္တလေးတောင်ခြေ အရှေ့မြောက်ဘက်ရှိ အပြည်ပြည်ဆိုင်ရာ ဖားအောက်တောရ ဗုဒ္ဓသာသနာ့ရိပ်သာ၏ (၁၈)ကြိမ်မြောက် အထူးတရားစခန်းဝင် ၁၀၀၀ နီးပါးနှင့် ဝါခင်းကုန်းဆရာတော် ဘဒ္ဒန္တတိက္ခ၏ သင်္ကြန်အထူးတရားစခန်းတို့တွင် တရားစခန်းဝင်များ အထူးများပြားကြည်ညိုစွာ တွေ့ရသည်။

တစ်နှစ်တွင် တစ်ကြိမ်သာ တန်ခူးလ၌ အတာရေကစားခွင့်ကြုံသဖြင့် မိသားစုအလိုက်အုပ်စုလိုက် ရေပက်ခံ ထွက်ကြသူများမှာ မော်တော်ယာဉ်ဖြင့် လည်းကောင်း၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးတို့ဖြင့် လည်းကောင်း၊ ခြေကျင်လျှောက်၍ လည်းကောင်း၊ မန္တလေးမြို့ မဟာသင်္ကြန်ပွဲတော် မန္တလေးနန်းမြို့ ကျုံးတော်ကြီးပတ်လည်ရှိ ဌာနဆိုင်ရာနှင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ၏ သင်္ကြန်ရေကစားမဏ္ဍပ်

များ၊ သင်္ကြ
များတွင် ကြ
နေသော
အတာရေက
များဖြင့် စည်က
စွာ ပါဝင်ဆ
မန္တလေးမြို့
များအပြင်
လှည့်ခရီးသည်

ထို့ပြင် မ
ရေသဘင်ပွဲ
ကြသူများသ
မွန်းတည့် ၁၂
ရေကစားကြပြ
တွင် သင်္ကြန်ရိ
တောင်ကုသိုလ်
တောင်သမန်
နှင့် ဦးပိန်တံတ
ယာဉ်များ၊ ဆို
များဖြင့်
အပန်းဖြေအန
ခံလာရောက်ကြ
ဖြင့် အထူးစ

မြန်မာသင်္ကြန်ပွဲတော်ပျော်ပွဲ ရှင်ပွဲအတွင်း မိုးလှိုင်းရေ လွှာလျှော

ရန်ကုန် ဧပြီ ၁၅

သင်္ကြန်ရက်များအတွင်း အပန်းဖြေရေကစားနိုင်ရန် စီစဉ်ထားသော စမ်းချောင်းမြို့နယ် ရှင်စောပုလမ်းရှိ Myanmar Water Festival 2014 ပွဲတော်အတွင်း အပျော်တမ်းရေလွှာလျှောစီးသည့် မိုးလှိုင်းလေလျှော့ကာ လဲကျမှုဖြစ်ပွားခဲ့သော်လည်း ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

"ဆော့ကစားသူတွေကို လုံခြုံရေးတာဝန်ယူထားပြီး စိတ်ချရတယ်လို့ ကြေညာထားတာပါ။ အခုလျှောအပေါ်မှာ ကလေးသုံးယောက်ရှိနေတယ်။ လေမှုတ်ပူဖောင်းကြီး လဲကျလာတော့ ကလေးတွေကို အထိအခိုက်မရှိ ဆွဲထုတ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ပြန်ပြီးဆော့ကစားခွင့်ပေးမယ်၊ မပေးဘူးမသေချာတော့ပါဘူး။ အားလုံးကို စနစ်တကျနဲ့ အန္တရာယ်ကင်းစေချင်တယ်"ဟု လာရောက်သူတစ်ဦးက မျက်မြင်အခြေအနေကို ပြောကြားသည်။

အဆိုပါပွဲတော်၏ တာဝန်ရှိသူတစ်ဦးအား ဆက်သွယ်မေးမြန်းရာ "လေလျှော့သွားတာပါ။ အထိအခိုက်မရှိခဲ့ပါဘူး။ လေမှုတ်သွင်းကစား

နည်းတွေဖြစ်
လုံးဝမရှိပါဘူး
ပါတယ်။

အကောင်းဆုံး
ဟု ပြန်လည်

အဆိုပါပွဲ
တစ်စောင်လျှ
ဝင်ရောက်၍
ကစားခွင့်ရရှိ
ဖျော်ဖြေရေး
ဈေးရောင်းပွဲမှ
သိရသည်။

ပြည်တွင်းသတင်း

၊ ကာကွယ်ရေး ချုပ်ကြီး သူရ ကွယ်ရေးဦးစီး ကြီးခင်အောင် ျဆုများချီးမြှင့် ငံတော်သမ္မတ ရောက်လာကြ ငံတော်သမ္မတ

အိမ်တော်မြက်ခင်းပြင်၌ မြန်မာ့ရိုးရာ မဟာသင်္ကြန် အတာရေသဘင်ပွဲတော်ကို တပျော်တပါးပါဝင်ဆင်နွှဲကြသည်။

အဆိုပါ သမ္မတအိမ်တော်မိသားစု မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်သို့ လာရောက်ပါဝင် ဆင်နွှဲကြသူများအနက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်းက ဆုမွန်စကား ပြောကြားရာတွင် "မြန်မာနိုင်ငံသူ၊ မြန်မာနိုင်ငံသား အားလုံးရော၊ ကျွန်တော်တို့ တပ်မတော်သားအားလုံးရော အတူရှိနေကြတဲ့ ကျွန်တော်တို့ရဲ့မြန်မာနိုင်ငံကြီးတစ်ခုလုံး အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးဖြစ်ပါစေလို့ နှစ်သစ်ကူးမှာဆုတောင်းမေတ္တာပို့သအပ်ပါတယ်" ဟု ပြောကြားခဲ့သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးကလည်း "အတာသင်္ကြန်ကာလမှာ မိဘပြည်သူတွေအတွက် ဆုတောင်း ပေးချင်တာကတော့ နှစ်သစ်မှာ မြန်မာပြည်ဒီ့ထက်မက သာယာပါစေ။ တိုးတက်ပါစေ၊ ငြိမ်းချမ်းပါစေ၊ အရေးကြီးဆုံးကတော့ ငြိမ်းချမ်းရေးပေါ့နော်၊ ငြိမ်းချမ်းရေးရပါစေ။ နောက်ပြီးတော့ သမ္မတကြီးလည်း သက်ရှည်ကျန်းမာပြီးတော့ တိုင်းပြည်တာဝန်များကို ဒီ့ထက်မက ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေလို့ ဆုတောင်းအပ်ပါတယ်" ဟု ပြောကြားသည်။

အလားတူ လာရောက်သီဆိုကပြဖျော်ဖြေကြသည့် နိုင်ငံကျော်အနုပညာရှင်များအနက် အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင် မေဆွိနှင့် သရုပ်ဆောင် ရွှေမှုန်ရတီတို့ကလည်း ဤသို့ နှစ်သစ်ဆုမွန်စကားများကို ပြောကြားခဲ့ကြသည်။

မေဆွိ
အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင်

"လာမယ့်နှစ်သစ်မှာ မြန်မာပြည်မှာရှိကြတဲ့ ချစ်ပရိသတ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပြီးတော့ လိုအင်ဆန္ဒအားလုံးပြည့်ဝပါစေ။"

ရွှေမှုန်ရတီ
ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်

ပရိသတ်တွေအားလုံး နှစ်သစ်မှာပျော်ရွှင်ပါစေ။ ပိုက်ဆံတွေအများကြီးလည်းရပါစေ၊ ကျန်းမာရေးလည်းကောင်းပါစေ၊ အလုပ်တွေအများကြီးလုပ်နိုင်ပါစေလို့လည်း ရွှေမှုန်က ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ ကျန်းမာရေးကောင်းပါစေလို့ အဓိက ဆုတောင်းပေးချင်ပါတယ်ရှင့်။

ဒီနှစ် သင်္ကြန်ကာလတစ်လျှောက်လုံးမှာ နေပြည်တော်မှာပဲရှိနေမှာပါ။ နေပြည်တော်မှာ အလွန်ကိုပျော်ဖို့ကောင်းပါတယ်။ နွေးနွေးထွေးထွေးနဲ့ တကယ်ကို ပျော်စရာကောင်းတဲ့ ပွဲပါပဲ။"

(သတင်းစဉ်)

သမ္မတအိမ်တော်မိသားစု မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော်တွင် သီဆိုကပြဖျော်ဖြေကြသည့် အနုပညာရှင်များနှင့် ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြို့ မဟာသင်္ကြန်အကြတ်နေ့ကို ပြည်သူများပျော်ရွှင်စွာဆင်နွှဲ

သာဂီများသည် သးတောင်ခြေ အပြည်ပြည် တောရ ဗုဒ္ဓ (၁၈)ကြိမ် ခန်းဝင် ၁၀၀၀ န်းဆရာတော် သင်္ကြန်အထူး ာရားစခန်းဝင် ားကြည်ညိုစွာ

တစ်ကြိမ်သာ ရကစားခွင့်ကြို က်အုပ်စုလိုက် ကြသူများမှာ သည်းကောင်း၊ စက်ဘီးတို့ဖြင့် ချင်လျှောက်၍ လးမြို့ မဟာ န္တလေးနန်းမြို့ ည်ရှိ ဌာနဆိုင် းရေးလုပ်ငန်း ရကစားမဏ္ဍပ်

များ၊ သင်္ကြန်ဖျော်ဖြေရေးမဏ္ဍပ်များတွင် ကြည်လင်အေးမြပြည့်လျှံနေသော ကျုံးတော်ကြီးရေဖြင့် အတာရေပက်ဖျန်း ကစားနေကြသူများဖြင့် စည်ကားသိုက်မြိုက်ကြည်နူးစွာ ပါဝင်ဆင်နွှဲကျင်းပလျက်ရှိကြပြီး မန္တလေးမြို့တော်သူ၊ မြို့တော်သားများအပြင် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်များကိုပါ တွေ့ရသည်။

ထို့ပြင် မန္တလေးမြို့တွင် သင်္ကြန်ရေသဘင်ပွဲဆင်နွှဲ ရေပက်ကစားကြသူများသည် နံနက်ပိုင်းမှ မွန်းတည့် ၁၂ နာရီအထိ ပျော်ရွှင်စွာ ရေကစားကြပြီးနောက် မွန်းလွဲပိုင်းတွင် သင်္ကြန်ရိပ်ခိုလှုံကြရာ မန္တလေးတောင်ကုသိုလ်တော် စန္ဒာမုနိဘုရား၊ တောင်သမန်အင်း မယ်ဇယ်ပင်တန်းနှင့် ဦးပိန်တံတားတို့တွင် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များ၊ စက်ဘီးများဖြင့် လာရောက်အေးရိပ်ခိုအပန်းဖြေအနားယူသူများ၊ ရေပက်ခံလာရောက်ကြသည့် ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

အမရပူရမြို့နယ်ရှိ တံခွန်တိုင်တောင်သမန်ဖြတ်လမ်းမှ တံခွန်တိုင်မောင်မယ်သင်္ကြန် ရေကစားမဏ္ဍပ်၊ မဟာအောင်မြေမြို့နယ် (၆၂) လမ်းမှ ရတနာမိုး ရေကစားမဏ္ဍပ်တို့မှာလည်း ပျော်ရွှင်စွာရေကစားဆင်နွှဲလျက်ရှိပြီး သင်္ကြန်ချစ်သူပြည်သူများအား ပါတိတ်တိုင်းပြည်မိသားစုက ထမင်းဟင်းများဖြင့် စတုဒိသာ ကျွေးမွေးကုသိုလ်ပြုခြင်းများဖြင့် အထူးစည်ကားလျက်ရှိသည်။ ခါတ်ပုံပြိုင်ပွဲကျင်းပပေးသည့်အတွက်လည်း ဓာတ်ပုံပညာရှင်၊ ဝါသနာရှင်များသည် ပြိုင်ပွဲဝင်ဓာတ်ပုံများကို အပြိုင်အဆိုင် စိတ်တိုင်းကျရိုက်ကူးလျက်ရှိကြသည်။

ညပိုင်းတွင် မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၌ လာရောက်ပြိုင်ပွဲဝင်ယှဉ်ပြိုင်ကြသည့် ပြင်ဦးလွင်၊ မြင်းခြံ၊ ကျောက်ဆည်ခရိုင်ကိုယ်စားပြု သင်္ကြန်အလှပြယာဉ်များကို အကဲဖြတ်အဖွဲ့က စိစစ်ရွေးချယ်လျက်ရှိပြီး သင်္ကြန်အလှပြမဏ္ဍပ်အကဲဖြတ်အဖွဲ့ကလည်း သင်္ကြန်မဏ္ဍပ်များသို့ သွားရောက်အကဲဖြတ် စိစစ်လျက်ရှိကြောင်း သိရသည်။

တင်မောင်(မန္တလေး-ကိုယ်ပွား)

မဟာသင်္ကြန် အကြတ်နေ့က ဦးပိန်တံတားပေါ်၌ အတာသင်္ကြန်ပွဲဆင်နွှဲကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ဆိုင်ကယ်တွေများပြားလွန်းလို့ ပဒေသာတွဲကြီးလိုဖြစ်ပြီး ကြိတ်ကြိတ်တိုးစည်ကားနေတယ်။ မနေ့က သင်္ကြန်အကျနေ့ထက် ဒီနေ့အကြတ်နေ့က ပိုစည်တယ်ဗျ။ ဘာပဲဖြစ်ဖြစ် သက်ဆိုင်ရာတာဝန်ရှိသူတွေက ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်တွေနဲ့ လုံခြုံရေးရဲတပ်ဖွဲ့ဝင်တွေကို သင်္ကြန်ပွဲတော်ပါဝင်ဆင်နွှဲသူတွေ ယာဉ်အန္တရာယ်ကင်းရှင်းဖို့နဲ့ ဘေးကင်းလုံခြုံရေးအတွက် ပြည်သူတွေအကြားမှာ မနေမနား ကြိုးစားဆောင်ရွက်ပေးနေတာတွေ့လို့ ဒေသခံတစ်ဦးအနေနဲ့ ကျေးဇူးတင်ပါတယ်။ မိတ္ထီလာသင်္ကြန်မှာ မော်တော်ဆိုင်ကယ်နဲ့ သင်္ကြန်ပွဲတော် ရေပက်ခံထွက်တဲ့သူတွေ ထောင်သောင်းချီများပြားပေမယ့် ဒီနှစ်တော့ ဟိုအရင်နှစ်တွေထက် စည်ကမ်းမဲ့မောင်းနှင်တဲ့ မော်တော်ဆိုင်ကယ်တွေ နည်းပါးသွားတာကိုတော့ သတိထားမိတယ်"ဟု ၎င်းကပြောသည်။

မိတ္ထီလာမဟာသင်္ကြန်ပွဲတော်တွင် အထက(၁) အနီးရှိ ဗဟိုမဏ္ဍပ်အပါအဝင် ရေကစားမဏ္ဍပ်ပေါင်း ၃၀ ကျော် တည်ဆောက်ကာ သင်္ကြန်ချစ်သူဒေသခံပြည်သူများ ပျော်ရွှင်အေးချမ်းစွာပါဝင်ဆင်နွှဲကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

❊ ကျောဖုံးမှ

ဦးတိုင်းကျော်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

နေပြည်တော်ရေပန်းဥယျာဉ်တွင် ရေပန်းဥယျာဉ်အမှတ်(၁)နှင့် အမှတ်(၂)ဟူ၍ရှိရာ ရေပန်းဥယျာဉ်အမှတ်(၁)နှင့်အမှတ်(၂)ကိုအလယ်မှ ကြိုးတံတားဖြင့်ဆက်သွယ်ထားပြီး ရေပန်းဥယျာဉ်အမှတ်(၁)တွင် ကန်သုံးဆင့် ရေကူးကန်ရှိပြီး ၎င်းရေကူးကန်တွင် လူကြီး၊ လူရွယ်၊ လူငယ်များအပန်းဖြေခြင်း၊ ပျော်ရွှင်မြူးထူးစွာရေဆော့ကစားခြင်းဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ိုးလှိုင်းရေ လွှာလျှောလေလျှော့မှုဖြစ်

ငင်းကြီး လဲကျ တွကို အထိ နိုင်ခဲ့ပါတယ်။ ဆော့ကစားခွင့် သေချာတော့ စနစ်တကျနဲ့ တယ်"ဟု လာ ချက်မြင်အခြေ ည်။ ၊ တာဝန်ရှိသူ ယ်မေးမြန်းရာ ။ အထိအခိုက် ာ်သွင်းကစား

နည်းတွေဖြစ်တဲ့အတွက် အန္တရာယ်လုံးဝမရှိပါဘူး။ ဒါမျိုးကဖြစ်တတ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ အကောင်းဆုံး စီစဉ်ပေးထားပါတယ်" ဟု ပြန်လည်ဖြေကြားသည်။

အဆိုပါပွဲတော်သို့ လက်မှတ်တစ်စောင်လျှင် သုံးထောင်နှုန်းဖြင့် ဝင်ရောက်၍ ကစားနည်းတစ်မျိုး ကစားခွင့်ရရှိမည်ဖြစ်ပြီး အခမဲ့ဖျော်ဖြေရေး အစီအစဉ်များ၊ ဈေးရောင်းပွဲများ ပါဝင်ကြောင်း သိရသည်။

ခင်ရတနာ

အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်း ရှင်းလင်းဆွေးနွေး

တောင်ကြီး ဧပြီ ၁၅

အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဧပြီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ၊ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေများ ပေါ်ထွန်းလာမှုများကို ရှင်းလင်းတင်ပြပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောနိုင်က အချက်အလက် အသေးစိတ်ကို Power Point Presentation ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာကြသည့် ကော်မတီဝင်များ၊ အလုပ်ရှင်အလုပ်သမားကိုယ်စားလှယ်များက သိရှိလိုသည်များနှင့် အကြံပြုချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

အနည်းဆုံးအခကြေးငွေဥပဒေကို ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၇)ဖြင့် ပြဋ္ဌာန်းထားခဲ့ပြီး အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၃)ဖြင့် နည်းဥပဒေထုတ်ပြန်ထားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နိုင်ထွန်း(TGI)

ဥတုရာသီ
တောကိုမှီ

ဒေါ့ဖုန်းယန်မြို့နယ်ခွဲ၌ မဟာသင်္ကြန် စည်ကားသိုက်မြိုက်စွာကျင်းပ

ဒေါ့ဖုန်းယန် ဧပြီ ၁၅

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ်ခွဲ၌ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့များ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် ပျော်ရွှင်စွာရေပက်ကစားနိုင်ရန်အတွက် ၁၃၇၅ ခုနှစ် တန်ခူးလဆန်း ၁၄ ရက် သင်္ကြန်အကြိုနေ့ ညနေ ၄ နာရီခွဲက ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ဆက်လက်၍ ရှမ်းတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့က မြန္မာသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ရာ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးက ဂုဏ်ပြုအမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

IUCN မှ မြန်မာနိုင်ငံအကြား ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဆွေးနွေး

နေပြည်တော် ဧပြီ ၁၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သက်သက်ဇင်အား အပြည်ပြည်ဆိုင်ရာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအဖွဲ့ (International Union for Conservation of Nature-IUCN)၏ အာရှဒေသဆိုင်ရာညွှန်ကြားရေးမှူး (Asia Regional Director) Ms.Aban Marker Kabraji နှင့်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံပွဲတွင် IUCN အနေနှင့် နိုင်ငံအစိုးရများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သဘာဝသယံဇာတအရင်းအမြစ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ သစ်တော၊ သဘာဝအပင်၊ တောရိုင်းတိရစ္ဆာန်များနှင့် ယင်းတို့၏ နေရင်းဒေသများ၊ဂေဟစနစ်များထိန်းသိမ်းစောင့်ရှောက်ရေး၊ သဘာဝထိန်းသိမ်းနယ်မြေများ ထိန်းသိမ်းရေးနှင့် ဒီရေတောများနှင့် ရေနေသတ္တဝါများထိန်းသိမ်းရေး၊ ကမ္ဘာ့အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်ပျက်စီးမှုများ လျှော့နည်းရေးဆိုင်ရာ လုပ်ငန်းများတွင် နည်းပညာ၊ ရန်ပုံငွေ၊ အထောက်အပံ့များပေးပြီး အကောင်အထည်ဖော်ဆောင် ဆောင်ရွက်နေမှုများ၊ ရှေ့လုပ်ငန်းအစီအစဉ်များ၊ IUCN နှင့်မြန်မာနိုင်ငံအကြား ပူးပေါင်းပါဝင်ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ ဆွေးနွေးကြပြီး မြန်မာနိုင်ငံမှ IUCN သို့အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရေးနှင့် IUCN နှင့် မြန်မာနိုင်ငံအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့်နယ်ပယ်နှင့် အလားအလာများ၊ နည်းလမ်းများ၊ ပူးပေါင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင်္ကြန်ရက်အတွင်း နေ့စဉ်ထုတ်သတင်းစာရောင်းဈေး နှစ်ဆတိုးမြှင့်ရောင်းချ

ရန်ကုန် ဧပြီ ၁၅

သင်္ကြန်ပွဲတော် အစိုးရရုံးပိတ်ရက် ၁၀ ရက်အတွင်း နိုင်ငံပိုင်သတင်းစာ (မြန်မာ) နှစ်စောင် အလှည့်ကျထုတ်ဝေနေရာ ပထမငါးရက်အတွင်း မြန်မာ့အလင်းသတင်းစာထုတ်ဝေလျက်ရှိပြီး ဈေးကွက်တွင် ဝယ်ယူဖတ်နေရသူအချို့ အနေဖြင့် သတင်းစာတစ်စောင်လျှင် ကျပ်တစ်ရာအစား ကျပ်နှစ်ရာနှုန်း ပေးဝယ်နေရသည်ဟု လမ်းမတော်မြို့နယ်နေ သတင်းစာဖတ်သူတစ်ဦးက ဆိုသည်။

သင်္ကြန်ပွဲတော်ရက် အတွင်း ယာဉ်စီးခများ ခရီးတိုကျပ်ငါးဆယ် ခရီးစဉ်တွင် ကျပ် ၂၀၀၊ ကျန်ခရီးစဉ်များတွင် ကျပ် ၅၀၀ ဝန်းကျင်ထိ ခရီးသည်များ ကားခပိုမိုပေးရသကဲ့သို့ သတင်းစာရောင်းသူနည်းပါးသဖြင့် နေ့စဉ်ထုတ် သတင်းစာများကို သင်္ကြန်ရက်အတွင်း တစ်စောင်လျှင် ငွေကျပ်နှစ်ရာ ဈေးနှုန်းဖြင့် ဈေးကြီးပေးဝယ်ဖတ်နေရသည်ဟု စာဖတ်သူများ၏ ပြောကြားချက်အရသိရသည်။

အများပြည်သူ ဆက်သွယ်ရေးလွယ်ကူရန် ရန်ကုန်မြို့တွင် အများပြည်သူသုံး ဖက်(စ်) ပေးပို့နိုင်သည့်ရုံးကို ပန်းဆိုးတန်းတွင် ရုံးချိန်အတွင်း ဖွင့်လှစ်ပေးထားသကဲ့သို့ အများပြည်သူဖတ်ရှုနိုင်ရန် အလှည့်ကျ ထုတ်ဝေနေသော သတင်းစာများကိုရောင်းချနေသူအချို့က ဈေးနှုန်းနှစ်ဆတိုးမြှင့်ခြင်းသည် သင်္ကြန်ရက် မြို့တွင်းကားခဈေးနှုန်းတက်ခြင်းကြောင့်ဖြစ်နိုင်သည်ဟု သတင်းစာဖတ်သူတစ်ဦးကဆိုသည်။

ခင်ဆိုင်

ရန်ကုန်မြို့ပန်းခြံများ၌ သင်္ကြန်ရေကစားပြီးအနားယူသူများပြား

ရန်ကုန် ဧပြီ ၁၅

သင်္ကြန်ပွဲတော် ကာလအတွင်း ရန်ကုန်မြို့ရှိ အပန်းဖြေပန်းခြံအများစုမှာ ပိတ်ရက်မရှိ ဖွင့်လှစ်လျက်ရှိရာ မွန်းလွဲပိုင်းတွင် ရေပက်ခံကားများ၊ ရေပက်ကစားသူများ လာရောက်အပန်းဖြေလျက် စည်ကားစွာရှိနေသည်။

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

သင်္ကြန်ပွဲတော်အတွင်း အင်းလျားကန်ပေါင်တွင် အနားယူသူများဖြင့် စည်ကားလျက်ရှိစဉ်။

ကန်တော်ကြီး၊ မျှော်စင်ကျွန်းနှင့် ကရဝိက်ပန်းဥယျာဉ်အတွင်း နေ့လယ်ပိုင်း၌ သင်္ကြန်ရေပက်ခံသူများ လာရောက် အနားယူခဲ့ကြရာ ယခင်နှစ်များကထက် နှစ်ဆခန့် ပိုမိုများပြားခဲ့သည်။ ဝင်ကြေးမှာလည်း လူတစ်ဦးလျှင် ငွေကျပ် ၅၀၀ ပေးရရာ သင်္ကြန်ပွဲတော်ကာလအပြီးတွင် ဈေးနှုန်းများ ပြန်ချမည်ဟုဆိုသည်။ ကန်တော်ကြီး၊ မျှော်စင်ကျွန်းတွင် ဂျပန်နိုင်ငံမှတေးဂီတအဖွဲ့ဖြစ်သည့် Pinky Doodle Poodle အဖွဲ့က နေ့စဉ်ဖျော်ဖြေလျက်ရှိသည်။

ထို့အပြင် ကန်တော်ကြီးမျှော်စင်ကျွန်းတွင် Dream Love တေးဂီတအဖွဲ့နှင့်အတူ ချစ်ကောင်း၊ လင်းလင်း၊ ဆိုတေး၊ ဖြူဖြူကျော်သိန်း၊ ဝိုင်းစုခိုင်သိန်းတို့က ပရိသတ်များအား ဖျော်ဖြေလျက်ရှိသည်။

တစ်ဖန် စိမ်းလန်းစိုပြည်အပန်းဖြေဥယျာဉ်တွင် နေ့လယ်ပိုင်း၌ အနားယူသူများ လာရောက်အပန်းဖြေလျက်ရှိသည်။ ပန်းခြံအတွင်း အခမဲ့ ရေကစားနိုင်ကာ ရိုးရာလှေများဖြင့် ရေကစားနိုင်ရန် စီစဉ်ပေးထားသည်။

ထို့အပြင် ပြည်သူ့ရင်ပြင်နှင့် အင်းလျားကန်တို့တွင်လည်း နေ့လယ်ပိုင်းတွင် အနားယူသူများဖြင့် စည်ကားလျက်ရှိပြီး နေရာများပြည့်ကျပ်လျက်ရှိသည်။ ပြည်သူ့ရင်ပြင်တွင် ဝင်ကြေးမှာ လူတစ်ဦးလျှင် ငွေကျပ် ၃၀၀ သာ ယခင်အတိုင်း ကောက်ခံလျက်ရှိသည်။

ထို့အတူ ရန်ကုန်မြို့ မြိုင်ဟေဝန်ပန်းခြံတွင် တေးဂီတဖျော်ဖြေရေး အစီအစဉ်များဖြင့် နေ့စဉ် ဖျော်ဖြေလျက်ရှိပြီး နေ့လယ်ပိုင်းတွင် လာရောက်အနားယူသူများဖြင့် စည်ကားလျက်ရှိသည်။ မြိုင်ဟေဝန်ပန်းခြံအတွင်း နေ့လယ်ပိုင်းအနားယူရင်း ရေကစားနိုင်ရန် စီစဉ်ပေးထားသဖြင့် ရေကစားသူများ ပေါ့ပေါ့ပါးပါး ရေကစားပျော်ရွှင်နိုင်ကြသည်။

တစ်ဖန် ကန်တော်ကြီး ပန်းဥယျာဉ်အတွင်း၌လည်း စားသောက်ဆိုင်များတွင် လူစည်ကားလျက်ရှိပြီး ကန်တော်ကြီးရေပြင်ကန်စပ်အထိ အနားယူသူများဖြင့် ပြည့်ကျပ်စည်ကားလျက်ရှိသည်။ **(မြန်မာ့အလင်း)**

ပြည်သူလူထုအား အသိပေးတင်ပြခြင်း

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အကြောင်းအမျိုးမျိုးကြောင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုရှိပါက ဆောလျင်စွာ ဓာတ်အားပြန်ပေးနိုင်ရေးအတွက် အောက်ပါ ခရိုင်/မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ အုပ်ချုပ်ရေးရုံး တယ်လီဖုန်းများသို့ ဆက်သွယ်အကြောင်းကြားနိုင်ပါကြောင်း မေတ္တာရပ်ခံ အသိပေးတင်ပြအပ်ပါသည်-

စဉ်	ခရိုင်/မြို့နယ်	တာဝန်ခံ	လက်ကိုင်ဖုန်းနံပါတ်
၂	အနောက်ပိုင်းခရိုင်	ခရိုင်အုပ်ချုပ်ရေးမှူး	၀၉၈၆၀၀၆၉၃၊ ၀၉၅၀၅၅၉၇၅
		ခရိုင်လျှပ်စစ်အင်ဂျင်နီယာ	၀၉၈၆၀၀၉၈၆
	ကျောက်တံတား	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၅၅၀၀၄၇၄
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၂၁၇၃၉၉၃
	ပန်းဘဲတန်း	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၂၅၀၁၄၉၁၀၆
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၄၅၀၅၃၉၂၆၅
	ဆိပ်ကမ်း	မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၄၉၃၀၀၇၄၉
	လသာ	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၄၃၀၃၆၃၁၅
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၅၁၀၆၃၆၆
	လမ်းမတော်	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၅၁၆၀၀၉၀
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၅၁၆၃၂၄၄
	အလုံ	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၄၂၀၁၁၉၉၀၀
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၅၁၂၂၇၃၈
	စမ်းချောင်း	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၄၉၂၇၃၆၁၇
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၂၀၆၂၇၆၁
	ကမာရွတ်	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၅၀၅၂၄၀၄
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၅၀၃၂၇၇၃
	ကြည့်မြင်တိုင်	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၄၉၂၇၈၄၄၅
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၄၂၀၀၃၁၀၉၈
	ဗဟန်း	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၅၀၆၁၀၅၉
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၅၀၇၃၃၈၁
	ဒဂုံ	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၇၃၁၃၅၉၉၉
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၆၅၂၅၂၅၇
	လှိုင်	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၅၁၉၇၆၁၀
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၄၀၀၄၆၅၉၅၄
	မရမ်းကုန်း	မြို့နယ်အုပ်ချုပ်ရေးမှူး	၀၉၅၁၂၉၁၈၉
		မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ	၀၉၄၄၈၀၃၅၀၁၄

ဧပြီ ၉ ရက်က နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေးနှင့် အာဟာရသုခဈေးတို့ရှိ ကျန်းမာရေးဦးစီးဌာန အစားသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနမှ အကြောင်းပြန်ကြားလာသည့် စားသုံးရန်မသင့်သော စားသောက်ကုန်ပစ္စည်း ၂၅ မျိုးကို သိမ်းဆည်း မီးရှို့ဖျက်ဆီးခဲ့စဉ်။

ကိုကိုရှုပ(နေပြည်တော်)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကြက်ပျံမကျစည်ကား

မြန်မာသက္ကရာဇ် ၁၃၇၅ ခုနှစ်၏ နှစ်ဟောင်းကုန်ဆုံးပြီး နှစ်သစ်သို့ ကူးပြောင်းသည့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်အကြတ်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ဟိုတယ်ဇုန် ရေကစားမဏ္ဍပ်များ၌ သင်္ကြန်ချစ်ပြည်သူများ အေးချမ်းပျော်ရွှင်မြူးထူးစွာ ရေကစားနေကြရာ ကြက်ပျံမကျစည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ရေကစားပွဲဆင်နွှဲ

သင်္ကြန်အကြတ်နေ့က ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် မဟာသင်္ကြန်မဏ္ဍပ်၌ ရေပက်ကစားပွဲ ဆင်နွှဲကြစဉ်။

ဘငြိမ်း(သာကေတ)

သင်္ကြန်အကြိုနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယာဉ်မတော်တဆမှု ၁၄ မှုဖြစ်ပွား လေးဦးသေဆုံး၊ ၃၆ ဦးဒဏ်ရာရရှိ

ရန်ကုန် ဧပြီ ၁၅

ဧပြီ ၁၃ ရက်(သင်္ကြန်အကြိုနေ့)တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ယာဉ်တိုက်မှုပေါင်း ၁၄ မှုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး ၃၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ရန်ကုန်မြို့ ၅၁ လမ်းရှိ အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး၏ သတင်းမှတ်တမ်းများအရ သိရသည်။

သင်္ကြန်အကြိုနေ့တွင် အရေးယူထားသော ယာဉ်တိုက်မှုများမှာ ပုဒ်မ-၃၃၈ ဖြင့် အရေးယူထားသော ယာဉ်တိုက်မှု ငါးမှု၊ ၃၀၄-က ဖြင့် အရေးယူထား သော ယာဉ်တိုက်မှု လေးမှု၊ ပုဒ်မ ၂၇၉ ဖြင့်အရေးယူထားသော ယာဉ်တိုက်မှု သုံးမှုနှင့် ပုဒ်မ ၃၃၇ ဖြင့် အရေးယူထားသော ယာဉ်တိုက်မှုနှစ်မှု စုစုပေါင်း ယာဉ်တိုက်မှု ၁၄ မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

"ဒီသင်္ကြန်ကာလမှာ ကျွန်တော်တို့ ယာဉ်ထိန်းတွေဘက်ကချည်း လုပ်နေလို့ ဘယ်လိုမှ တတ်နိုင်မှာ မဟုတ်ပါဘူး။ ယာဉ်မောင်းတွေနဲ့ ပြည်သူတွေဘက်ကလည်း ကိုယ့်အသိစိတ်ဓာတ်နဲ့ ဆင်ခြင်ပြီး သတ်မှတ်ယာဉ်စည်းကမ်းတွေကို လိုက်နာမှ ယာဉ်တိုက်မှုတွေက ပိုနည်းသွားမှာဖြစ်ပါတယ်။ အဓိကကတော့ သင်္ကြန်လည်တဲ့ကားတွေအနေနဲ့ မူးပြီးမမောင်းဖို့နဲ့ ယာဉ်စည်းကမ်းလိုက်နာမှုရှိပြီး အသိရှိရှိမောင်းနှင်ကြဖို့ လိုအပ်ပါတယ်" ဟု ရန်ကုန်မြို့တွင်းမှ တာဝန်ကျ ယာဉ်ထိန်းတစ်ဦးက ပြောသည်။

"သင်္ကြန်ကာလအတွင်းမှာ အရက်သေစာသောက်စားတဲ့ သူက အခါတိုင်းထက် ပိုများတော့များတာပေါ့။ ဒါပေမယ့် ယာဉ်မောင်းတွေအနေနဲ့ မသောက်ဖို့တော့ လိုအပ်ပါတယ်။ ယာဉ်ပေါ်ပါလာတဲ့ လူတွေအားလုံးရဲ့ အသက်ဟာ ယာဉ်မောင်းတွေရဲ့ လက်ထဲမှာပါ။ ကျွန်တော်တို့ကတော့ ဒီရန်ကုန်သင်္ကြန်မှာ မိသားစုလိုက် ရေပက်ခံထွက်ဖြစ်တာများပါတယ်။ ကိုယ့်ဘာသာကိုယ်ပဲ မောင်းဖြစ်ပါတယ်။ ဒီသင်္ကြန်ကာလမှာ ဘယ်ယာဉ်မောင်းကိုမှ မယုံရဲဘူး။ မူးနေကြတဲ့သူက များတယ်လေ" ဟု ရန်ကုန်သင်္ကြန်ကို မိသားစုကားဖြင့် ရေပက်ခံလည်ပတ်သည့် သင်္ဃန်းကျွန်းမှ ဦးမိုးမြင့်က ပြောသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

တောင်ငူခရိုင် ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

တောင်ငူ ဧပြီ ၁၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၏ ၁၃၇၅ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ဗဟိုမဏ္ဍပ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁၃ ရက် ညနေ ၄ နာရီက အဆိုပါမဏ္ဍပ်၌ ကျင်းပခဲ့သည်။

ဆက်လက်ပြီး ယိမ်းအဖွဲ့ကမြူမှောင်ဝေကင်းသီချင်းဖြင့်လည်းကောင်း၊ ဂီတစာဆိုနှလုံးသား၊ တေးဆိုကလုံး၏ သမိုင်းထဲကကေတုမတီ တေးသရုပ်ဖော်ဖြင့် လည်းကောင်း ကပြဖျော်ဖြေခဲ့ကြသည်။ အလားတူ တောင်ငူမြို့အတွင်း အခြားမဏ္ဍပ်များတွင်လည်း သီဆိုဖျော်ဖြေပွဲများဖြင့် မဟာသင်္ကြန်ပွဲကို မြို့သူမြို့သားများအားလုံး ပျော်ရွှင်စွာဆင်နွှဲကြကြောင်း သိရသည်။ (၀၁၉)

တဘူးလှဆည်ကားလမ်းအနီး ချောင်းစောက်ကုန်းပေါ်ရွာ ဆင်အန္တရာယ်ကြောင့် မိုးစပါးစိုက်ရန် အခက်တွေ့နေ

ရန်ကုန် ဧပြီ ၁၅

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ တဘူးလှဆည် ကားလမ်းအနီးရှိ ချောင်းစောက်ကုန်းပေါ်ရွာမှာ အိမ်ခြေ ၄၀ ခန့်ရှိပြီး မိုးရာသီတွင် စပါးစိုက်၍ နွေရာသီ၌ ကိုင်းလုပ်ငန်းဖြင့် အသက်မွေးကြပြီး တောတောင်ပြုန်းလာသောကြောင့် မြေဆီမြေနှစ် ခန်းခြောက်လာရာ ကိုင်းလုပ်ငန်းထက် မိုးစပါးကိုသာ မှီခိုနေရချိန်တွင် လေးနှစ်ဆက်တိုက် စပါးမှည့်ချိန်၌ ဆင်များဝင်စားနေသောကြောင့် လာမည့်မိုးရာသီတွင် စပါးဆက်လက်စိုက်ပျိုးရန် အခက်တွေ့ လျက်ရှိကြောင်း သိရသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း ဤဒေသတစ်ဝိုက်ရှိ ကျေးရွာများနှင့်စပါးခင်း၊ ယာခင်းများသို့ ဆင်ဝင်ရောက်နှောင့်ယှက်မှုများလာသောကြောင့် စိုက်ပျိုးသည့်သီးနှံများ ပျက်စီးမှုများရှိခဲ့ရာ စပါးခင်းပျက်စီးမှုသည် တောင်သူများအတွက် နစ်နာမှုအများဆုံးဖြစ်ပေါ်နေသောကြောင့် ဆင်အန္တရာယ်ကာကွယ်သည့် နည်းလမ်းများကို အသိပညာပေးအဖြစ် မှတ်ယူလိုကြပြီး ခြောက်လပိုင်း စပါးစိုက်ပျိုးချိန်ထက် စပါးမှည့်ချိန် ၁၀ လပိုင်းတွင် စပါးပျက်စီးဆုံးရှုံးမှု နှစ်စဉ်ဖြစ်ပေါ်လျက်ရှိသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေသခံ တောင်သူတစ်ဦးဖြစ်သော အသက် ၇၄ နှစ်ရှိ အဘတင်ရွှေက "စပါး မှည့်ချိန်ရောက်ရင် လယ် ၁၂ ဧကလုံးကို ဆင်အုပ်က ဝင်စားခဲ့တာ ဒီနှစ်နဲ့ဆိုရင် လေးနှစ်ရှိပြီ။ လင့်စင်ပေါ်ကနေ ထိုင်ကြည့်နေရတယ်။ ဆင်ဖမ်းအဖွဲ့ကို ဖုန်းဆက်ပေမယ့် အဆင်မပြေဘူး။ အရင်က မောင်းထုတ်ရင် ထွက်သွားပေမယ့် အခု ပြန်ပြီး အန္တရာယ်ပြုလို့ သေဆုံးတဲ့သူတွေ ဒီရွာအပါအဝင် ပတ်ဝန်းကျင်ရွာမှာလည်းရှိတယ်။ မတ် ၆ ရက်က ရွာထဲဆင်ဝင်လို့ ကြောက်လန့်ခဲ့ရသေးတယ်။ အခု ဧပြီ ၁၂ ရက် ညက ရော်ဘာခြံအစောင့်တဲကို ဝင်ဖျက် သွားသေးတယ်။ ဒီနှစ်ထဲမှာ ရွာထဲနဲ့ ရွာနားကို ဆင်ဝင်တာ လေးကြိမ်ရှိပြီ။ မိုးစပါး ၁၀ ဧကကျော်စိုက်တဲ့ ဒီရွာက တောင်သူငါးဦး မိုးစပါးစိုက်ဖို့ ခေါင်းခဲနေကြတယ်။ လုပ်ခနဲ့ မျိုးစပါးဆုံးရှုံးမှုတွေ ခံစားနေ ကြရတယ်။ အားလုံးလည်း ဆင်အန္တရာယ်ကို ကြောက်နေကြတယ်။ ပါးဖောင်းအောင် စားရပေမယ့် နားပြားအောင် မအိပ်ရဲကြဘူး။ ဒါကြောင့် ဆင်အန္တရာယ်ကာကွယ်ရေး နည်းလမ်းတွေ သင်ပြပေးစေချင်ပါတယ်" ဟု မိုးစပါးအတွက် ရတက်မအေးစွာဖြင့် ပြောပြသည်။ (၁၆၄)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၄-၂၀၁၄

ရွှေဈေးနှုန်း(ပြင်ပရွှေဈေး)			
ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၇၀၀၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၃၂၅၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၇၁၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newdayစက်သုံးဆီအရောင်းဆိုင်)		
ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(လက်လီဈေး)		
၁။ ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၅၀၀-၄၂၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၀၀၀-၃၅၀၀
၃။ ငါးရံ့	တစ်ပိဿာ	ကျပ် ၅၀၀၀-၇၅၀၀
၄။ ငါးဖယ်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၈၀၀၀-၁၂၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၈၀၀၀-၃၀၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	ကျပ် ၇၅၀၀-၂၆၀၀၀
၈။ ကြက်	တစ်ပိဿာ	ကျပ် ၇၅၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၀။ အမဲ	တစ်ပိဿာ	ကျပ် ၇၅၀၀-၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	ကျပ် ၁၃၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(ပြင်ပငွေကြေးလဲလှယ်နှုန်း)		
အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၅-၉၇၃
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၅-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၉၀-၈၁၀
ထိုင်း	တစ်ဘတ်	ကျပ် ၃၀.၅-၃၀.၉
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅.၆-၁၆
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၇၀
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၃၀၀-၃၁၀

ကုန်စည်ဈေးနှုန်းဖြစ်ပြီးအချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ စုစည်းသည်။

လယ်မြေ ၂၆၄၄ ဧကအကျိုးပြုသည့် မြောင်းချောင်းရေလွှဲဆည်အကြီးစားပြုပြင်

ကလေး ဧပြီ ၁၅

ကလေးမြို့နယ် တောင်ပိုင်းဒေသရှိမြောင်းချောင်း ရေလွှဲဆည် အကြီးစား ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာအုပ်စုငါးအုပ်စုမှ တောင်သူများ၏ စုစုပေါင်း လယ်မြေ ၂၆၄၄ ဧကအား ဆည်ရေသောက် ရေပေးနိုင်မည် ဖြစ်သည်။

မြောင်းချောင်းဆည် ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အလျား ၅၅၀၀ ပေခန့် ပြုပြင်ပြီးစီးခဲ့သည့်အပြင် ရေလွှဲဆည် တည်ဆောက်ခြင်းလုပ်ငန်း၊ မြောင်းထိပ် ရေတံခါးတပ်ဆင်ခြင်းလုပ်ငန်းနှင့် ရေပေးမြောင်းပြန်လည်ထိုးဖော်ခြင်းလုပ်ငန်းတို့ ပါဝင်ပြီး စုစုပေါင်း ကုန်ကျငွေမှာ ကျပ်သန်းပေါင်း ၂၁ ဒသမ ၇၅ သန်း ဖြစ်သည်။

ကျေးရွာအုပ်စုများမှလည်း ရေပေးမြောင်းအလျား ၅၀၀၀ ပေခန့် ရေသွားလမ်းရှင်းခြင်း လုပ်ငန်းကို မြေထိုးစက်ယန္တရားဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းဆောင်ရွက်မှုကို ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးက တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **ဂျူနိုင်း**

GOLDEN STAR
SCANIA
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
ငွေဆောင်(နေ့စဉ်)
Ph:209200 430480 544383 703448
ကျိုက်ထီးရိုး
ငွေဆောင်
01-710436, 09-5403844, 09-5044830

APR-17/25/30, MAY 2/9/12/16/23/30
Ph : 241863, 380141, 09-43043109

စာအုပ်စာပေ လှူ့မိတ်ဆွေ

(၃၄)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်ဖေဖေ ဒုတိယဗိုလ်မှူးကြီးအေးသိန်း(ငြိမ်း)နှင့် ချစ်မေမေ ဒေါ်မဋ္ဌူအေး (အထက်တန်းပြ-ငြိမ်း)တို့၏ ၁၈-၄-၂၀၁၄ရက်တွင် ကျရောက်မည့် (၃၄)နှစ်မြောက် မင်္ဂလာနှစ်ပတ်လည်မှသည် ရတုများစွာတိုင် ဖြတ်သန်းနိုင်ကြရပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားသမီးများ - ကိုလင်းဇော်နိုင် (2nd Engineer)-မဆွေမာလွင်
ဗိုလ်မှူးနေလင်းအောင်-မမြတ်သီရိမွန် (J.A.T)
ဗိုလ်မှူးချမ်းဇေဟိန်း-မမြတ်ဆုမွန် (B. Pharm:)

ချစ်မြေးများ - သန့်လင်း၊ ဇေလင်း၊ ဟိန်းဆု၊ ရတီ၊ ကြည်ဖြူ

CLAIMS DAY NOTICE
M.V ASIAN LEADER VOY:NO (V.44)

Consignees of cargo carried by M.V ASIAN LEADER Voy: No. (V.44) are here by notified that the vessel will arrive on about 21-04-14 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈၊ ၂၃၀၁၁၇၇

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မြန်မာရွှေ့ပြောင်းအလုပ်သမားများ သင်္ကြန်ပွဲတော် ပျော်ရွှင်စွာဆင်နွှဲ

မဟာချိုင် ဧပြီ ၁၅

ဧပြီ ၁၄ ရက်တွင်ကျရောက်သော နှစ်သစ်ကူးသင်္ကြန်အကျနေ့၌ မဟာချိုင်မြို့ ထိုင်းယူနီယမ်ရပ်ကွက်နှင့် ဝပ်ထောင်ရပ်ကွက်တို့တွင် နေထိုင်အလုပ်လုပ်ကိုင်ကြသော မြန်မာရွှေ့ပြောင်းအလုပ်သမားများသည်လည်း တစ်နှစ်ပတ်လုံး ခံစားတွေ့ကြုံကြရသော လူမှုဘဝအမောများမှ ခေတ္တခဏမေ့ထားကြပြီး သင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲကြကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Associationin Thailand) မှ ဆက်သွယ်ပြောပြချက်အရ သိရသည်။ **(ဓာတ်ပုံ) စိုးဝင်း(SP)**

သင်္ကြန်ရက်အတွင်း အရက်ရောင်းချသူများကို ဖမ်းဆီးအရေးယူ

ရန်ကုန် ဧပြီ ၁၅

သင်္ကြန်ပွဲတော်ရက်အတွင်း လမ်းဘေးအရက်ရောင်းချမှုများကို ခွင့်ပြုထားခြင်းမရှိဘဲ ရောင်းချသူများကို သက်ဆိုင်ရာမှ ဖမ်းဆီးအရေးယူပြီး သင်္ကြန်ရက်အတွင်း ဖွင့်လှစ်ထားသော အထူးတရားရုံးမှ နေ့ချင်းပြီး တရားစီရင် အပြစ်ပေးလိုက်ကြောင်း လသာမြို့နယ် (၁)ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက ဆိုသည်။

ဧပြီ ၁၄ ရက် (သင်္ကြန်အကျနေ့) နံနက်ပိုင်း မဟာဗန္ဓုလလမ်းနှင့် ၁၇ လမ်းထောင့် လမ်းဘေးတွင် ဘီယာဘူးများ ရောင်းချနေသော မခိုင်ပါ အမျိုးသားတစ်ဦးတို့ကို သက်ဆိုင်ရာမှ ယစ်မျိုးဥပဒေအရ ဖမ်းဆီးအရေးယူပြီး သင်္ကြန်တွင်းဖွင့်လှစ်ထားသော အထူးတရားရုံးမှ ဥပဒေအရ စစ်ဆေးပြီး ထောင်ဒဏ် ၁၅ ရက်စီ ချမှတ်အပြစ်ပေးလိုက်ကြောင်း သိရသည်။

ရန်ကုန်မြို့တွင်း လမ်းမတော်မြို့နယ်တွင် ရေကစားမဏ္ဍပ် အနည်းငယ်သာရှိပြီး ယာဉ်ပိတ်ဆို့မှုမရှိသော်လည်း လသာမြို့နယ်တွင် ရေကစားမဏ္ဍပ်များဖြင့် အထူးစည်ကားလျက်ရှိရာ အနော်ရထာလမ်း(လမ်းမတော်မှ ရွှေတိဂုံဘုရားလမ်းအကြား) တွင် ယာဉ်များ အချိန်ယူသွားလာနေရရာ အချို့သော လိုင်းကားယာဉ်များ ကမ်းနားလမ်းမှ လမ်းကြောင်းပြောင်းပြေးဆွဲနေကြောင်း၊ လသာမြို့နယ် ၁၇ လမ်းနှင့် မဟာဗန္ဓုလလမ်းထိပ်တွင် သင်္ကြန်ရက်များအတွင်း နေ့စဉ်စတုဒိသာ အကျွေးအမွေးများ တည်ခင်းကျွေးမွေးနေရာ သက်ဆိုင်ရာမှ လမ်းဘေးအရက်ရောင်းချမှု မရှိရန် အရေးယူခြင်းဖြစ်ကြောင်း ယင်းမြို့နယ်နေသူတစ်ဦးက ပြောသည်။

ခင်ဆိုင်

သင်္ကြန်ရေကစားစဉ် ခိုက်ရန်ဖြစ်ပွား

ရန်ကုန် ဧပြီ ၁၅

တောင်ဥက္ကလာပ မြို့နယ်နေ ဦးမျိုးပိုင်အောင်နှင့် သူငယ်ချင်းများသည် ဧပြီ ၁၄ ရက် ညနေ ၅ နာရီခွဲက ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းရှိ တော်ဝင်ပိတောက် ရေကစားမဏ္ဍပ်၌ ရေကစားပြီး ၎င်းတို့စီးနင်းလာသော မော်တော်ယာဉ်ရှိရာသို့ ပြန်လာစဉ် မဏ္ဍပ်ရှေ့၌ ရေပက်ခံနေသည့် ယာဉ်တစ်စီးနှင့် တိုက်မိသကဲ့သို့ ဖြစ်ခဲ့ကြရာမှ စကားများခဲ့ရာ ယာဉ်ပေါ်ပါသူ ခြောက်ဦးခန့်က ဝိုင်းဝန်းထိုးကြိတ် ကန်ကျောက်ခဲ့ကြောင်း သိရသည်။

စုံစမ်းဆောင်ရွက်

ထိုသို့ဖြစ်ပွားသဖြင့် ဦးမျိုးပိုင်အောင်၊ ကိုအာကာထွန်းနှင့် မမေသူကျော်တို့တွင် ဒဏ်ရာများရရှိခဲ့ပြီး ဦးမျိုးပိုင်အောင် ဝတ်ဆင်ထားသော အလေးချိန် တစ်ကျပ်ခွဲသားခန့်ရှိ လက်ဝါးကပ်တိုင်ပုံ ရွှေဆွဲသီးတစ်ခု၊ တန်ဖိုးငွေ ကျပ် ၁၀ သိန်းခန့်မှာ အခင်းဖြစ်ပွားစဉ် ပျောက်ဆုံးသွားသဖြင့် ပြစ်မှုကျူးလွန်သူများကို အရေးယူပေးရန် တိုင်တန်းခဲ့ကြောင်း သိရပြီး ထိုသို့တိုင်တန်းချက်အရ ဗဟန်းမြို့မရဲစခန်းက အမှုဖွင့်လှစ်ကာ ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ရွှေမှော်လုပ်ကိုင်ခြင်းကို မကျေနပ်၍ ယာဉ်နှင့်စက်များကို မီးရှို့ဖျက်ဆီး

ကသာ ဧပြီ ၁၅

ကသာခရိုင် ဗန်းမော်မြို့နယ် နန်းနွားထွန်ကျေးရွာအုပ်စု မိုးတေကျေးရွာအလွန် မံစီကြီးနယ်မြေရဲစခန်း အနောက်မြောက် ၂၅ မိုင်ခန့်အကွာ ဟုမ္မလင်းမြို့နယ်သို့ သွားသော ဘက်ဟိုးယာဉ်တစ်စီး မီးလောင်သွားကြောင်း သတင်းအရ ဧပြီ ၁၃ ရက်က မံစီကြီးနယ်မြေရဲစခန်းမှူး ရဲအုပ်ရဲမြင့် ဦးစီးအဖွဲ့သည် သက်သေ ဦးဝင်းမောင်၊ ဦးတင်ဝင်းတို့နှင့်အတူ အခင်းဖြစ်အရပ်သို့ သွားရောက်စစ်ဆေးခဲ့သည်။

အခင်းဖြစ်အရပ်သို့ ဧပြီ ၁၄ ရက် နံနက် ၂ နာရီ ၃၅ မိနစ်က ရောက်ရှိပြီး ဘက်ဟိုးယာဉ်ပိုင်ရှင် ဦးစိုးလင်း၊ ကျော်ရွာ ဂန့်ဂေါမြို့နယ်နေသူ အပါအဝင် အလုပ်သမား ၁၁ ဦးကို တွေ့ရှိမေးမြန်းခဲ့ရာ အဖွဲ့က ဧပြီ ၁၂ ရက် နံနက် ၂ နာရီ မိနစ် ၄၀ က KIA အဖွဲ့ဟု ပြောသော အရပ်ဝတ်ဖြင့် လက်နက်မဲ့ လူ ၁၅ ဦးခန့်ရောက်ရှိလာပြီး ခြင်ထောင်ထဲအိပ်နေသူများကို အပြင်မထွက်ရန်နှင့် ဘက်ဟိုး၌ အိပ်နေသော ကိုမျိုးဝင်း သရက်ပင်ရွာ ထန်းတပင်မြို့နယ် ပဲခူးတိုင်းဒေသကြီးနေသူအား ယာဉ်ပေါ်မှ အောက်သို့ ဆင်းခိုင်းပြီး ထိုင်ခိုင်းကာ KOBELCO အမျိုးအစား အစိမ်းနုရောင် ဘက်ဟိုးတစ်စီးနှင့် န၅/--၃ ကီလိုဒိုင်နမိုတွဲလျက် ၅/၆ အင်ဂျင်တစ်လုံးတို့ကို မီးရှို့ဖျက်ဆီးခဲ့သည်။ ဘက်ဟိုးယာဉ်အနောက်ပိုင်း စက်ခန်းပျက်စီးသွားပြီး ထော်လာဂျီယာဉ်ရှေ့ ယာဘက်ဘီးမှအပ ကျန်အစိတ်အပိုင်းများ မီးလောင်ပျက်စီးကာ ၅/၆ ဒိုင်နမိုမီးစက်မှာ အနည်းငယ် မီးလောင်ပျက်စီးခဲ့ကြောင်း တွေ့ရသည်။

ကိုမျိုးဝင်းကို ထိုင်ခိုင်းထားစဉ် မီးလောင်နေရာမှ ထွက်ပေါ်လာသော မီးရောင်ဖြင့် နောက်သို့လှည့်ကြည့်ခဲ့ရာ အဖွဲ့ခေါင်းဆောင်မှာ ခန္ဓာကိုယ်တုတ်၊ အရပ်ပု၊ စကားပြောသွက်၊ လူမြင်လျှင်မှတ်မိသူဖြစ်ပြီး ၎င်းက KIA အဖွဲ့မှဖြစ်ကြောင်း၊ ခြံဝင်းအတွင်းမှ ထွက်မသွားရန်နှင့် မိုင်းများချထားကြောင်း ပြောပြီး ပြန်လည်ထွက်ခွာသွားခဲ့သည်။

ဘက်ဟိုး၊ ထော်လာဂျီယာဉ်နှင့် မီးစက်တို့ကို မီးရှို့ဖျက်ဆီးသူမှာ KIA အဖွဲ့မှမဟုတ်ဘဲ ရွှေမှော်လုပ်နေခြင်းကို မကျေနပ်၍ အနီးရွာမှ ယခုကဲ့သို့ လုပ်ဆောင်ခြင်းဖြစ်ကြောင်း စုံစမ်းသိရသည်။

ဖော်ပြပါသတင်းအား အတည်ပြုစစ်ဆေးနိုင်ရန်အတွက် မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး တင်မောင်၊ လဝကဦးစီးမှူး ဦးဝင်းနိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးဝင်းဆွေ၊ သတ္တုရုံးမှ ဦးသန်းထွန်းတို့အဖွဲ့သည် ဧပြီ ၁၄ ရက်က အခင်းဖြစ်နေရာသို့ ထွက်ခွာသွားကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ရွှေရတု မင်္ဂလာနှစ်ပတ်လည်ဆုတောင်း

ချစ်သော ဘဘ ဦးသိန်းအောင်(သံအမတ်ကြီး-ငြိမ်း)နှင့် မေမေ ဒေါ်ရီရီသိန်းတို့၏ ၁၈-၄-၂၀၁၄ရက်တွင်ကျရောက်သော နှစ်(၅၀)ပြည့် **"ရွှေရတု"**မင်္ဂလာနှစ်ပတ်လည်နေ့မှသည် ရတုများစွာတိုင် ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ စိတ်ချမ်းသာစွာ၊ ကိုယ်ကျန်းမာစွာ လျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

ချစ်သောသားသမီးမြေးများ-

သားကြီး - ခိုင်စိုးအောင်၊ အေးမိစံ၊ ဒေါက်တာထူးလမင်းအောင်၊ ကြယ်တံခွန်

သမီးကြီး - ထွန်းထွန်းအောင်၊ ညိုနွဲ့အောင်၊ အာကာအောင်၊ နှင်းပွင့်အောင်

သားငယ် - စိုးမိုးအောင်၊Miho, Miyu & Yuuki

သမီးငယ် - စိန်သန့်ဇင်၊ ကေခိုင်အောင်၊ မွန်မြတ်သန့်ဇင်၊ အောင်ဘုန်းသန့်

KBZ Industries Ltd.,

ကျောက်မီးသွေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ KBZ Industries Ltd., တောင်ကြီး (ပင်းပက်ဒေသ)ရှိ တစ်ရက် တန်၁၀၀၀ကျ ကမ္ဘောဇ ဘိလပ်မြေစက်ရုံအတွက် ကျောက်မီးသွေးများအား စက်ရုံအရောက်နေ့စဉ် တန် ၁၀၀ စဉ်ဆက်မပြတ် ထုတ်လုပ်ပေးသွင်းရေးလုပ်ငန်း အပ်နှံဆောင်ရွက်လိုပါသည်။

၂။ ၂၂-၄-၂၀၁၄ ရက်မှစ၍ အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်မေးမြန်း စုံစမ်းနိုင်ပါသည်-

KBZ Industries Ltd

အမှတ် ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊

Strand Condo (၃)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၁-၃၇၃၆၄၇၊ ၀၁-၃၇၃၆၄၈

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ကြော်ငြာ

မြန်မာသက္ကရာဇ် ၁၃၇၅-၁၃၇၆ ခုနှစ်
ပြည်သူ့အတွက်
SKY NET
နှစ်သစ်မင်္ဂလာဆုတောင်း
ချစ်ခင်လေးစား မေတ္တာထားအပ်ပါသော
မြန်ပြည်တစ်ဝန်းမှ မိဘပြည်သူညီအစ်ကို
မောင်နှမ မိတ်ဆွေ သင်္ဂဟများ အားလုံးတို့သည်
ယနေ့မှ စတင်သည့် မင်္ဂလာရှိသော နှစ်သစ်
အခါသမယတွင် SKY NET မှမေတ္တာ
စေတနာ အပြည့်ဖြင့် ကြိုးစားတင်ဆက် ထုတ်လွှင့်
ပြသပေးနေသော သုတ၊ ရသ ပြည့်ဝစုံလင်
ရုပ်မြင်သံကြား အစီအစဉ်ကောင်းများအား မိမိတို့ မိသားစုနှင့်အတူ သိရိဂေဟာတွင်
ပီတိဝေဖြာစွာ ကြည့်ရှုခံစားရင်း ၊
-ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ လန်းဖြာ ကြပါစေကြောင်း၊
-ကောင်းကျိုးလိုအင်ဆန္ဒဟူသမျှ တစ်လုံးတစ်ဝတည်း ပြည့်ဝကြပါစေကြောင်း၊
-အတ္တဟိတ၊ ပရဟိတ နှစ်ဖြာသောအကျိုးကို ဆပွားတိုးတက် ဆောင်ရွက်နိုင်ကြပါစေကြောင်း၊
SKY NET
မိသားစုမှ မေတ္တာထား၍ လေးစားစွာဖြင့် နှစ်သစ်
ဆုမွန်ကောင်းတောင်းကာ မေတ္တာအနန္တပို့သအပ်ပါသည်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့်အပြိုင်ဖောက်လုပ်ပြီးစီးခဲ့သည့်ကျေးရွာချင်းဆက်ကုန်ထုတ်လမ်း ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းအပေါ် ဒေသခံပြည်သူနှင့် ကျေးလက်နေပြည်သူများ၏ရင်တွင်းပီတိစကားသံများ

နေပြည်တော် ဧပြီ ၁၅

ဦးမြင့်ရှိန်(တောင်သူ၊ဘုရားတောင်ကျေးရွာအုပ်စု၊ ပိုတက်ကျေးရွာ)

ကျွန်တော်ကတော့ ဥတ္တရသီရိမြို့နယ် ဘုရားတောင်ကျေးရွာအုပ်စု ပိုတက်ကျေးရွာမှ ဦးမြင့်ရှိန်ဖြစ်ပါတယ်။ အရင်တုန်းကဆိုရင် လယ်ယာထဲကိုသွားရင် မိုးရာသီမှာ ရေတွေကြီးပြီး သွားလာရခက်ခဲပါတယ်။ ယခုလိုလမ်းတွေလည်း မရှိခဲ့ပါဘူး။ နေပြည်တော်ကောင်စီနှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ ဖောက်လုပ်ပေးတဲ့အတွက် လယ်ထဲသွားလည်းလွယ်လင့်တကူ သွားနိုင်ပါတယ်။ လူမှုရေး၊ ပညာရေး၊ စီးပွားရေးစသည့်အပြင် လယ်ထဲမှထွက်သည့်သီးနှံများကိုလည်း လွယ်လင့်တကူ သွားရောင်းနိုင်ပါတယ်။ ဒီလမ်းကို ဖောက်လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဦးငြိမ်းမောင်(တောင်သူ၊ ဘုရားတောင်ကျေးရွာအုပ်စု၊ ပိုတက်ကျေးရွာ)

အရင်ကဆိုရင် တောတောင်တွေထူထပ်ပေါများပြီး သွားလာရန်အခက်အခဲရှိပါတယ်။ အခုဆိုရင် ချဉ်းကပ်လမ်း ဖောက်လုပ်ပေးတဲ့အတွက် နိုင်ငံတော်သမ္မတကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲအားလုံးအပေါ် ကပ်ကြီးသုံးပါးနှင့်တကွ ကင်းရှင်းပါစေကြောင်းဆုတောင်းပေးပါတယ်။

ဦးကျော်အောင်(တောင်သူ၊ ဘုရားတောင်ကျေးရွာအုပ်စု၊ ပိုတက်ကျေးရွာ)

အရင်ကဆိုရင် ဒီနေရာဟာ လမ်းလုံးဝ သွားလို့မရတဲ့နေရာပါ။ ရွံ့တွေရေတွေထဲမှာ ရုန်းကန်နေရပါတယ်။ ဒီလမ်းကြီးဖောက်လုပ်တဲ့အတွက် ကုန်ထုတ်ပစ္စည်းများပို့ရာတွင်လည်း လွယ်ကူပါတယ်။ အရင်ကဆိုရင် ကုန်ထုတ်တွေကို ပို့လို့ရှိရင် ညအိပ်ညနေ သွားရပါတယ်။ ယခုဆိုရရင် လွယ်ကူစွာ သွားလာနိုင်တဲ့အတွက် သမ္မတကြီးနှင့်တကွ နေပြည်တော်ကောင်စီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကို ကျေးဇူးတင်ပါတယ်။

ဦးသိန်းဝင်း(အုပ်ချုပ်ရေးမှူး၊ ဘုရားတောင်ကျေးရွာအုပ်စု၊ ပိုတက်ကျေးရွာ)

ချဉ်းကပ်လမ်းလေးဖောက်လုပ်ပေးတဲ့အတွက် ပညာရေးပဲဖြစ်ဖြစ် ကျန်းမာရေးပဲဖြစ်ဖြစ် လွယ်ကူစွာ သွားလို့ရပါတယ်။ အရင်ကဆိုရင် လှည်းတွေနဲ့ဆေးရုံတွေကို သွားရပါတယ်။ အခုဆိုရင် ကျေးရွာသူကျေးရွာသားတွေ သွားလာရေးလွယ်ကူတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ချဉ်းကပ်လမ်းလေး ဖောက်လုပ်တဲ့အတွက် တောင်ညိုတို့ ဘုရားတောင်တို့ကို လွယ်ကူစွာသွားလို့ရပါတယ်။ အရင်ကဆိုရင် လမ်းလျှောက်သွားရပါတယ်။ ကျောင်းသားကျောင်းသူလေးတွေဆိုရင်လည်း ခက်ခက်ခဲခဲသွားရပါတယ်။ အခုလို ဒီလမ်းကို ဖောက်လုပ်ပေးတဲ့အတွက် ကျောင်းသူကျောင်းသားလေးတွေအဆင်ပြေပါတယ်။ ကျွန်တော်တို့ရွာမှာ ပိုးထိတာတို့ဆိုရင် အခုအခါကားတို့ ဆိုင်ကယ်တို့နဲ့ဆေးရုံ ဆေးခန်းတွေကို သွားလို့ရတဲ့အတွက် အဆင်ပြေပါတယ်။ ဘုရားတောင်တို့ ပိုတက်တို့ဆိုရင် ဒီလမ်းကို ပိုအသုံးပြုရပါတယ်။ အရင်ကဆို စပါးတွေကို လှည်းနဲ့တိုက်ရတော့ နည်းနည်းပဲသယ်လို့ရပါတယ်။ အခုဆိုရင် ကားနဲ့တိုက်လို့ရတဲ့အတွက် အနည်းဆုံးတင်း ၁၀၀ သယ်ယူလို့ရပါတယ်။ ဒီအတွက် နေပြည်တော်ကောင်စီနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။

ဦးစိန်မောင် (တောင်သူ၊ ဘုရားတောင်ကျေးရွာအုပ်စု၊ ပိုတက်ကျေးရွာ)

ဒီလမ်းနဲ့ပတ်သက်လို့ဆိုရင် ချဉ်းကပ်လမ်းဖောက်လုပ်ပေးတဲ့အတွက် အားလုံးအားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးမြတ်ကိုကို(တောင်သူ၊ ဘုရားတောင်ကျေးရွာအုပ်စု၊ ဘုရားတောင်ကျေးရွာ)

အရင်က ဘုရားတောင်ကို ဆိုလာမီးတွေတပ်ဆင်ခဲ့ပါတယ်။ အခုဆိုရင် ချဉ်းကပ်လမ်းဖောက်လုပ်တဲ့အတွက် ဘုရားတောင်မှ လွယ်ကူစွာသွားလာနိုင်တဲ့အတွက် နေပြည်တော်ကောင်စီနှင့်တကွ ဌာနဆိုင်ရာအားလုံးကို ကျေးဇူးတင်ပါတယ်။

ဦးနေထွန်းလင်း(အင်ဂျင်နီယာမှူး၊ ပြည်သူ့ဆောက်လုပ်ရေး)

ကျွန်တော်တို့ကတော့ အခုလုပ်ငန်းကြီးဖောက်လုပ်တဲ့ ပြည်သူ့ဆောက်လုပ်ရေးမှ ဦးနေထွန်းလင်းဖြစ်ပါတယ်။ ကျွန်တော်တို့ အခုဖွင့်တဲ့လမ်းက မိုင်တိုင် (၂၂၀/၅) မှ (၂၂၉/၆)အထိ စုစုပေါင်း ကိုးမိုင်နှင့်တစ်ဖာလုံ ဖောက်လုပ်ပေးခြင်းဖြစ်ပါတယ်။ ဒီလမ်းကဆိုရင် ရန်ကုန်-မန္တလေးလမ်းနှင့်အပြိုင် ဖောက်လုပ်ထားခြင်းဖြစ်ပါတယ်။ အမာခံလမ်း ဖြစ်ပါတယ်။ မြေသားကျောက်ရောလမ်းဖြစ်ပါတယ်။ နေပြည်တော်မှ အဓိကအဝင်လမ်းဖြစ်တဲ့ ပန်းတင်ကနေပြန်ပြီး ကျေးရွာတွေကိုဖြတ်တဲ့ ကုန်ထုတ်လမ်းဖြစ်ပါတယ်။ ဒါ့ကြောင့် လွယ်ကူစွာ သွားလာလို့ရပါတယ်။ ဒီလမ်းဆိုရင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်က နေပြည်တော်ကောင်စီလမ်းပိုင်းတွင် ၃၁ မိုင် အပါအဝင်ဖြစ်ပါတယ်။ ဒီလိုလမ်းတွေဖောက်လုပ်တဲ့အတွက် အမြန်လမ်းဘေးမှာရှိတဲ့ ကျေးရွာသူ ကျေးရွာသားများအနေနဲ့ လွယ်ကူစွာသွားလာနိုင်ပါတယ်။

(သတင်းစဉ်)

သီပေါမြို့၌ ကင်းထောက်ဖွဲ့စည်းရေး ညှိနှိုင်းစည်းဝေးပွဲ ကျင်းပ

သီပေါ ဧပြီ ၁၅

ယနေ့လူငယ်များအနေဖြင့် ကောင်းမှုတစ်ခုနေ့စဉ်ပြုဆိုသည့်အတိုင်း လူမှုဝန်ထမ်းလုပ်ငန်းများ နေရာဒေသအနှံ့တွင် ဆောင်ရွက်လျက်ရှိပြီးမိမိကိုးကွယ်ရာ ဘာသာနှင့် တိုင်းပြည်အတွက်အကောင်းဆုံးအလုပ်လုပ်ပါမည်။ သူတစ်ပါးအားအချိန်မရွေးကူညီပါမည်။ ကျင့်ဝတ် ၁၀ပါးကို အမြဲ လိုက်နာထိန်းသိမ်းရန် စွမ်းအားရှိသမျှ ဆောင်ရွက်ပါမည်ဟု ကတိသုံးပါးကို ရင်ဝယ်ပိုက်လျက် မိမိဂုဏ်သိက္ခာကိုယုံကြည်၍မိမိနိုင်ငံ ဆရာသမားအကြီးအကဲများအပေါ် သစ္စာရှိစွာဖြင့်ကူညီပြီး အများ၏ မိတ်ဆွေဖြစ် ယဉ်ကျေးသိမ်မွေ့သော လူတော်လူကောင်းလေးများဖြစ်လာစေရန် ကင်းထောက်ဖွဲ့စည်းမှုကို ဆောင်ရွက်ခြင်းဖြစ်ကြောင်းဖြင့် ဧပြီ ၉ ရက် ညနေ ၃ နာရီက မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပသော ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့တွင် ကင်းထောက်ဖွဲ့စည်းရေး ညှိနှိုင်းစည်းဝေးပွဲ၌ မြို့နယ်ပညာရေးမှူးဒေါ်မြင့်မြင့်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသွားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းသိုက်က ကင်းထောက် ဖွဲ့စည်းရေးစီမံချက်ကို ဖတ်ကြားရှင်းလင်းပြီး လုပ်ငန်းဆပ်ကော်မတီများ အလိုက်တာဝန်များပေးအပ်သည်။ ကင်းထောက်ဖွဲ့စည်းရေးသင်တန်း ကို ဧပြီ ၂၄ ရက်မှ မေ ၃ ရက် အထိ ၁၀ ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ပြီး ဆဋ္ဌမတန်းမှ နဝမတန်းအထိ သင်တန်းသားကျောင်းသား ကျောင်းသူ ၂၅၀ တို့တက်ရောက်ကြမည် ဖြစ်ကြောင်းသိရသည်။

စိုင်း(သီပေါ)

ဖျာပုံမြို့၌ ကွန်ကရစ်လမ်းသစ်ဖွင့်

ဖျာပုံ ဧပြီ ၁၅

ဖျာပုံမြို့ အမှတ်(၉)ရပ်ကွက်ရှိ ကျွန်းတောလမ်းကို ကွန်ကရစ်လမ်းသစ်အဖြစ်ခင်းကာ ဧပြီ ၉ ရက် နံနက်က စတင်ဖွင့်လှစ်ခဲ့သည်။ **(ဓာတ်ပုံ)**

ပေပေါင်း ၉၀၆ ပေရှည်သည့် အဆိုပါ ကျွန်းတောလမ်းခင်းခြင်းကို နိုင်ငံတော်က ပံ့ပိုးငွေကျပ်သိန်း ၄၀၊ ဖျာပုံမြို့ ဒေသဖွံ့ဖြိုးရေးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခိုင်ဝင်း(ခ)ဦးရာဂျူး မိသားစုက ငွေကျပ်သိန်း၂၀ နှင့် တိုက်သစ်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသူရိယ (အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ)ဆရာတော်ကြီးနှင့်ဒါယကာ၊ဒါယိကာမများက ငွေကျပ် ၃၇ သိန်း ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် ပြုပြင်ခင်းကျင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယခုကဲ့သို့ လမ်းကို ပြုပြင်လိုက်ခြင်းကြောင့် ဒေသခံပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေကြသည့်အတွက် ပြည်သူများဝမ်းသာနေကြကြောင်း သိရသည်။

သူဇာနွယ် (ဖျာပုံ)

ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၀၈)၊ ဦးပိုင်အမှတ်(၁၃-ခ)(ခဲစင်း)၊ ၈၁×၈၂ကြား၊ ၂၃×၂၄ကြားရှိ ဘိုးဘအမည်ပေါက်သူ မောင်နိုင်၊ မငွေကျိုးတို့ကွယ်လွန်၍ သားဖြစ်သူ ဦးစိန်ဝင်းမှ အမွေဆက်ခံပိုင်ဆိုင်ပြီး ဦးစိန်ဝင်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၂၈၀/၁၉၉၆)ဖြင့် အမွေဆက်ခံခဲ့သော ဒေါ်မြင့်မြင့် ပါ(၈)ဦးထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၃၈၅/၁၉၉၆)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးချစ်ထံမှ မှတ်ပုံတင်အပေးစာချုပ်အမှတ်(၂၇၄၈/၂၀၁၃)ဖြင့်ပေးကမ်းခြင်းကိုလက်ခံသောတူဖြစ်သူ ဦးဌေးဝင်း ၅/ကသန(နိုင်)၀၄၂၆၉၇မှ အမှုတွဲအမှတ် ၀၀၁၄/ဘ(ခွဲ/ပြောင်း)/၂၀၁၄-၂၀၁၅ဖြင့် ဘ(ခွဲ/ပြောင်း)လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၃၈၆/၅၃၈)၊ ဗားကရာဘုန်းကြီးကျောင်းတောင်ဘက်၊ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းမြောက်ဘက်ရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မြင့် ၉/မနတ(နိုင်)၀၆၆၁၇၁မှ ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ တောမှမြို့ပြောင်း အမှုတွဲဖွင့်လှစ်ခွင့်နှင့် ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၈)၊ ဦးပိုင်အမှတ်(၂-က)၊ ဘုရင့်နောင်နှင့် အောင်ဇေယျလမ်းကြား၊ ၅၂×၅၃ကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးဘထွန်း(လူပျိုကြီးဘ၀)ဖြင့် ကွယ်လွန်၍ ဦးဘထွန်း၏ညီဖြစ်သူ ဦးဘသိန်းကျန်ရစ်ခဲ့ပါသည်။ ဖခင် ဦးဘထွန်း၊ မိခင် ဒေါ်ရှမ်းတို့ကွယ်လွန်၍ ကျန်ရစ်သော သားများဖြစ်သည့် ဦးခင်မောင်အေး ၉/မရတ(နိုင်)၀၁၃၅၈၀၊ ဦးခင်မောင်ဝင်း ၉/မရတ(နိုင်)၀၁၃၆၃၄၊ ဦးခင်မောင်ထွေး ၉/မရတ(နိုင်)၀၁၃၆၆၈မှ သေစာရင်း၊ တောဂရန် တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၃၈၆)၊ ဗားကရာဘုန်းကြီးကျောင်းတောင်ဘက်၊ မန္တလေး-မြစ်ကြီးနား မီးရထားလမ်းမြောက်ဘက်ရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးလှမောင်သိန်း(လူပျိုကြီးဘ၀)ဖြင့်ကွယ်လွန်၍ တူများဖြစ်သော ဦးအေးကျော်ကျော်(ခ)ကျော်စိုး ၉/မနတ(နိုင်)၀၉၆၅၇၅၊ ဦးဘိုဘိုညဏ် ၉/မနတ(နိုင်)၀၉၆၅၇၄၊ ဦးညဏ်ထွန်းလင်း ၉/ခအဇ(နိုင်)၀၀၈၀၂၄မှ ဂရန်စာချုပ်ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၇၊ မြေကွက်အမှတ် ၄ဂျီ/၂၊ မြေကွက်တည်နေရာအမှတ် ၆၆၅/ဘီ၊ မြကန်သာ ၁ လမ်း၊ ၂ ရပ်ကွက်၊ ကမာရွတ်မြို့နယ် မြေပိုင်မြေ အမည်ပေါက် ဒေါ်မြင့်မြင့်မေ မြေအား အမည်ပေါက်သူ ဒေါ်မြင့်မြင့်မေနှင့် ဒေါက်တာချစ်မောင်(ခင်ပွန်း)တို့ ကွယ်လွန်သဖြင့် ဒေါက်တာမိမိခင် ၁၂/စခန(နိုင်)၀၄၃၃၉၉၊ ဦးမောင်မောင်နိုင် ၁၂/ကမတ(နိုင်)၀၆၃၉၀၉၊ ဒေါ်ဝင်းဝင်းမေ ၉/မနတ(နိုင်)၀၇၈၅၉၉တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၊ မြေကွက်အမှတ် ၁၉၉၊ မြေကွက်တည်နေရာအမှတ် ၁၉၉၊ ဘရဏီလမ်း၊ ၁၂ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးတင်ဝင်း)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးတင်ဝင်းကွယ်လွန်သဖြင့် ဒေါ်ခင်အေးနွယ် ၁၂/ဥကတ(နိုင်)၀၄၉၈၁၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊မြေကွက်အမှတ် ၂၆၂/ခ၊ မြေကွက်တည်နေရာအမှတ် ၂၆၂/ခ၊ သီလဗလမ်း၊ ၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် (ဦးအောင်ခ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ခ ကွယ်လွန်သဖြင့် ဒေါ်ပု ၁၂/ဥကတ(နိုင်)၀၃၆၇၀၂က တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ကိုယ်စားလှယ်လွှဲစာအမှတ် ၆၀၂၀ (၂၇-၂-၁၄)ဖြင့် GP ဦးမင်းထွန်း ၁၂/ရကန(နိုင်)၀၀၂၀၅၃မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ ၈၂၂၀ (၁၄-၃-၁၄)ကိုတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/မြောက်)၊ မြေကွက်အမှတ် ၁၄၃/ခ၊ မြေကွက်တည်နေရာအမှတ် ၁၄၃/ခ၊ ထူပါရုံ ၁၉လမ်းအနောက်၊ (၂)မြောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးမြင့်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဦးမြင့်(ဖခင်)နှင့် ဒေါ်စန်း(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁) ဦးမြင့်ရီ ၁၄/ပသန(နိုင်)၁၄၀၃၀၁၊ (၂) ဦးအောင်မြင့် ၁၂/သကတ(နိုင်)၀၁၈၆၀၁၊ (၃) ဒေါ်အေးအေးစန်း ၁၂/သကတ(နိုင်)၀၁၃၃၄၉၊ (၄) ဦးကျော်မြင့် ၁၂/သကတ(နိုင်)၁၄၀၆၆၈တို့မှ ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများနှင့်အတူ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၇၄၄/က၊ မြေကွက်တည်နေရာအမှတ် ၇၄၄/က၊ သီရိဇေယျာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးသန်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးသန်းနှင့်(တရားလို)ဦးရဲနိုင်တို့၏ တောင်ဥက္ကလာပမြို့နယ် တရားမရုံး၊ တရားမကြီးမှုအမှတ် ၇/၂၀၁၄၊ ဇာရီမှုအမှတ် ၁၁/၁၄ တို့ကိုတင်ပြ၍ တရားရုံးကိုယ်စား ဘိလစ် ဒေါ်နန့်ဆန်းသိန်း ၁၂/မရက(နိုင်)၀၄၇၆၁၆က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/အနောက်၊ မြေကွက်အမှတ် ၄၊ မြေကွက်တည်နေရာအမှတ် ၄၊ ဧရာဝဏ်လမ်း၊ ၇/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် (ဦးချစ်ဆွေ)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးချစ်ဆွေ(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူ ဒေါ်ရင်ပု ၁၂/သကတ(နိုင်)၀၃၄၆၂၆ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၂၂၈/၁၄(၃၁-၁-၁၄)ဖြင့်ရသူ ဦးဇော်ညိုမြင့် ၁၂/မဂတ(နိုင်)၀၀၅၀၃၅မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကျေးလက်ဒေသဖွံ့ဖြိုးရေးရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများ စီမံကိန်းချမှတ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၅

ချင်းပြည်နယ် မတူပီမြို့တွင် ရောက်ရှိနေသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်း၊ ပြည်နယ်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါ်လျန်လွင်တို့နှင့်အတူ မေ ၉ ရက် နံနက် ၁၁ နာရီက ရေဇွာမြို့သို့ရောက်ရှိပြီး မြို့နယ်ဖွံ့ဖြိုးမှု အထောက်အကူပြု ကော်မတီဥက္ကဋ္ဌ၊ မြို့မိမြို့ဖများ၊ ကျေးရွာအုပ်စု (၁၃)အုပ်စုမှ အုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြု အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ရေဇွာမြို့နယ် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ရေးဆွဲထားသော မြို့ပြစီမံကိန်း (Town Plan)နှင့် အညီ ယခုအချိန်တွင်ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ မီးဘေးလုံခြုံရေးကို အထူးအလေးထား ဆောင်ရွက်ရန်နှင့် ရေရရှိရေး၊ ကျေးလက်မီးလင်းရေးနှင့် ယင်လုံအိမ်သာများ စနစ်တကျသုံးစွဲရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်အတွင်း ရေရရှိရေးကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် ရေဇွာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စုမှ ကျေးရွာချင်းဆက်လမ်းတံတားများအတွက် လတ်တလောဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများအား ချက်ချင်းဆောင်ရွက်ပေးမည်ဖြစ်ပြီး ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများအား စီမံကိန်းများရေးဆွဲ၍ နှစ်အလိုက်လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျေးရွာများမီးလင်းရေးအနေဖြင့် ချင်းပြည်နယ်သည် နိုင်ငံတော်ဓာတ်အားလိုင်း (National Gird) ရောက်ရှိရန် ခက်ခဲသောဒေသဖြစ်သည့်အတွက် အခြားနည်းလမ်းများ အသုံးပြုကာ ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်လုံးကျွတ်မီးလင်းရေးကို ချင်းပြည်နယ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီး ဒေသခံပြည်သူများက တင်ပြသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ငွေများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဇွာ၊ ဟားခါးလမ်းတစ်လျှောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်းပြုပြင်ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး နေရ်ခါးရွာ၊ ဒင်လိုပါကျေးရွာနှင့် ဆတ္တားကျေးရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများ ကျေးရွာအထောက်အကူပြုအဖွဲ့များ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံကာ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်အားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖောင်းပြင်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး မြနန်းမခွင် ချောင်းကူးတံတားဖွင့်လှစ်

ဖောင်းပြင် မေ ၁၅

စစ်ကိုင်း တိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် အုန်းသာအုပ်စု ချောင်းခွကျေးရွာနှင့် မန်လီကျေးရွာကြားရှိ နန်းမခွင်ချောင်းပေါ်တွင် တည်ဆောက်ထားသော ကိုယ့်အားကိုယ်ကိုး မြနန်းမခွင် ချောင်းကူးတံတားဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၁၂ ရက် နံနက် ၉ နာရီက အဆိုပါတံတား၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြနန်းမခွင် ချောင်းကူးတံတားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ထွန်းနှင့် ဦးမောင်မောင်ထွန်း၊ အုန်းသာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမောင်မြိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ၎င်းနောက် လွှတ်တော်ကိုယ်စားလှယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက အဆိုပါတံတားကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်ပြီး အခမ်းအနား ဒုတိယပိုင်း အစီအစဉ်ကို အဆိုပါတံတားဘေး၌ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မောင်မောင်နှင့် ကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးကျော်သောင်းက ကျေးဇူးတင်စကားပြောကြားခဲ့ကာ တံတားတည်ဆောက်ရေးတွင်ငွေ၊ ပစ္စည်း၊ လူအင်အားတို့ဖြင့် ပူးပေါင်းပါဝင်လှူဒါန်းခဲ့သော အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။ ချောင်းခွကျေးရွာနေပြည်သူတစ်ဦးဖြစ်သော ဦးသန်းအောင်က ၎င်းတံတားတည်ဆောက်ထားမှုနှင့်ပတ်သက်၍ မိုးတွင်းကာလတွင် ထွန်စက်များနှင့်ယာဉ်များ သွားရေးလာရေး လွယ်ကူပြီး ပြည်သူများ၏ ပညာရေး/ကျန်းမာရေးတွေမှာလွန်စွာမှ အထောက်အကူဖြစ်ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း အဆိုပါတံတားသည် အလျား ၃၂၂ ပေ၊ အနံ ၁၀ (ပေ)၊ အမြင့် ၁၀ပေ၊ သစ်သားတံတားအမျိုးအစားဖြစ်ပြီး ဇန်နဝါရီ ၂၅ ရက်က ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ပြီး မေ ၅ ရက်တွင် ပြီးစီးခဲ့ပြီး စုစုပေါင်း ကုန်ကျငွေမှာ သိန်း ၂၀၀ ကျော်ရှိကြောင်း သိရသည်။

သောကြာရွှေငါး

မြန်မာနှစ်သစ်ကူးအထိမ်းအမှတ် ဝန်ထမ်းများအား သကြၤန်ထောက်ပံ့ကြေးပေးအပ်

မန္တလေး မေ ၁၅

မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၏ ၂၀၁၄ ခုနှစ်အတွက် တရားရေးအရာရှိများနှင့် ဝန်ထမ်းများအား နှစ်သစ်ကူးပွဲတော်အထိမ်းအမှတ်အဖြစ် ဝန်ထမ်းများကို သကြၤန်ထောက်ပံ့ကြေးများ ပေးအပ်သည့် အစီအစဉ်ကို မေ ၁၃ ရက်ညနေ ၃ နာရီက မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၌ ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်မှ နှစ်သစ်ကူး ဆုမွန်တောင်းစကားပြောကြားပြီး တရားသူကြီးချုပ် တရားလွှတ်တော်တရားသူကြီးများနှင့် တိုင်းဒေသကြီးတရားရေးဦးစီးမှူးတို့ကို ဝန်ထမ်းများက နှစ်သစ်ကူး ဂါရဝပြုကန်တော့ကြသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်မှ ဝန်ထမ်းများအား နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် သကြၤန်ထောက်ပံ့ကြေးငွေကျပ် တစ်သောင်းစီပေးအပ်သည်။ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးစိုးသိန်း၊ တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများနှင့် ဦးစီးအရာရှိများ၊ ဝန်ထမ်းများစုစုပေါင်း ၈၉ ဦး တက်ရောက်ကြကြောင်း သိရသည်။

တင်မောင်(မန္တလေး)

သက်ကြီးဘိုးဘွားများ အာဟာရကျွေးမွေး၊ ပစ္စည်းများလှူဒါန်း

ခန္တီး မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ သက်ကြီးဘိုးဘွားများအား အာဟာရကျွေးမွေးခြင်းနှင့် ပစ္စည်းများလှူဒါန်းခြင်းကို မေ ၁၀ ရက် မွန်းလွဲ ၂ နာရီက ခန္တီးမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ကိုယ်စား စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးဦးစောမြင့်ဦး၏ဇနီး ဒေါ်ဥမ္မာကြွယ်နှင့် ခန္တီးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီး ကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စိုးစိုးမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးအသင်းဥက္ကဋ္ဌ ဒေါ်နွယ်နီသိန်းနှင့်အဖွဲ့ဝင်များက ခန္တီးမြို့ အသက်၇၀နှင့်အထက် ဘိုးဘွား ၁၉၀ တို့အား အာဟာရများကျွေးမွေး၍ ပစ္စည်းများ ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။

ချန်လော

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၉၅)၊ ၆၇×၆၆ကြား၊ ကျန်စစ်သားနှင့် ပျူစောထီးကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသံချောင်း(လူပို့ျဘဝ)ဖြင့်ကွယ်လွန်၍ ကျန်ရစ်သူညီမများဖြစ်သော ဒေါ်ခင်ဝင်း WMDY-၂၉၇၁၁၄၊ ဒေါ်ခင်မာတူး ၉/မနမ(နိုင်)၀၁၈၂၆၂၊ ဒေါ်အုံးအုံးသန်း ၉/မနမ(နိုင်)၀၁၈၄၈၄တို့မှာ ဂရန်မူရင်းနှင့် ငွေသွင်းပြေစာမူရင်းများ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ အကွက်အမှတ်(၇၄၂)၊ ဦးပိုင်အမှတ်(၁၅/ခ)၊ ၇၂လမ်း×၇၃လမ်း၊ ၃၃လမ်း×၃၄လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ မောင်မြတ်၊ မရှမ်းတို့ကွယ်လွန်၍ ညီမဖြစ်သူ ဒေါ်ရှောက်ရှမ်း ၁၃/လရန(နိုင်)၀၅၇၈၃၅မှ မြေကွက်နှင့်ပတ်သက်သည့် အထောက်အထားများ ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၉၆)၊ ၆၇×၆၆ကြား၊ ကျန်စစ်သားနှင့် ပျူစောထီးကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသိန်းထွန်းကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်ခင်သန်းကြည် ၉/မနမ(နိုင်)၀၁၆၈၃၅မှ ဂရန်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၅၈)၊ ဦးပိုင်အမှတ်(၆၉-ခ)၊ ၈၆×၈၇ကြား၊ ၃၁×၃၂ကြားရှိ ဦးဘသင်အမည်ပေါက် ဂရန်မြေကွက်အား ဖခင် ဦးဘသင်၊ မိခင် ဒေါ်ချောနှင့် သားဖြစ်သူ ဦးထွန်းကြည်တို့ အသီးသီးကွယ်လွန်သွားပါသဖြင့် ဦးထွန်းကြည်၏ဇနီးဖြစ်သူ ဒေါ်မေသန်း ၉/မနတ(နိုင်)၀၇၇၀၉၅မှ ဂရန်၊ သေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃/ဇေယျာသီရိ၊ မြေကွက်အမှတ် ၂၀၃၊ မြေကွက်တည်နေရာအမှတ် ၃၆၃၊ ၁၂လမ်း၊ ဇေယျာသီရိရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးစံခင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစံခင်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်စန်းရီ ၁၂/ဒပန(နိုင်)၀၀၄၃၃၄ထံမှ GP/၈၅၇၀/၃၀-၅-၁၃ ဖြင့်ရရှိသူ ဒေါ်ယဉ်ယဉ်ကြည် ၁၂/ရပသ(နိုင်)၀၃၅၉၆၇မှ ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၆၊ မြေကွက်အမှတ် ၃၀၊ ဧရိယာ ၀ဒသမ ၀၂၆၈ဧက၊ မြေကွက်တည်နေရာအမှတ် ၂၈၊ ဆင်ရေတွင်း ၂လမ်း၊ (၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ မြေပိုင်မြေအမည်ပေါက် ဦးမောင်ခင်၊ ဒေါ်သန်းသန်းမြေအား ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး တရားမကြီးမှုအမှတ် ၃၀၀/၂၀၁၂၊ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမဇာရီမှုအမှတ် ၇၂/၂၀၁၃ တွင် ချမှတ်ထားသော အနိုင်ဒီကရီအရ တရားရှုံး ဒေါ်မြင့်မြင့်စန်းနှင့် ဒေါ်မြမေတို့ကိုယ်စား ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးမှ ဒုတိယဦးစီးမှူး ဒေါ်စောယုမွန် တ/၃၀၇၁မှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ရန်အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈၊ မြေကွက်အမှတ် ၇၈၅၊ မြေကွက်တည်နေရာအမှတ် ၇၈၅၊ (၂၈) ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (ဦးအောင်ကျော်စိုး) ၁၂/ကတတ(နိုင်) ၀၀၀၉၇၅ နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်ကျော်စိုး (တရားရှုံး) (ကိုယ်စား)ဘိလစ်ဒေါ်လွဲ့လွဲ့ခိုင် ၁၃/တကန(နိုင်)၀၀၃၄၁၉ မှ တရားမကြီးမှုအမှတ် ၃၁/၂၀၁၄(၂၆-၂-၁၄)နှင့် တရားမဇာရီမှုအမှတ် ၃၃/၂၀၁၄(၂၈-၂-၁၄)တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ်(၁၃၁)၊ အမည်ပေါက် ဦးသီဟတင်စိုး ၁၂/ဗဟန(နိုင်)၀၅၆၃၀၇မှ မြေချပါမစ်ပြုလုပ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ လူနေရပ်ကွက်အမှတ် ၇/အနောက် (မြခွာညိုအိမ်ရာ)၊ မြေကွက်အမှတ် ၃/က၊ ဧရိယာ ၀ဒသမ ၂၁၈ဧက၊ နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဦးရွှေလှိုင်ဖြစ်ပါသည်။ အဆိုပါမြေ အပြီးအပိုင် အရောင်းဝယ်စာချုပ်အမှတ် ၁၅၁၆/၂၀၁၄ တင်ပြ၍ ဒေါ်နန်းလုံ ၁၃/ကတန(နိုင်) ၀၀၃၅၁၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄E၊ မြေကွက်အမှတ် V ၈၅၊ မြေကွက်တည်နေရာအမှတ် ၆၁၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ် (ဦးဆက်တင် စီဂျီ-၀၈၀၈၅၈၊ ဒေါ်ကျင်ယုံ စီဂျီ-၀၇၀၅၇၉)အမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် ဦးဆက်တင်(ဖခင်) နှင့် ဒေါ်ကျင်ယုံ(မိခင်)တို့ကွယ်လွန်သဖြင့် ဦးလှမျိုး ၁၂/တမန(နိုင်)၀၆၈၅၄၁၊ ဦးပြုံးချို ၁၂/တမန(နိုင်)၀၅၄၃၀၂ တို့က သားများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

(၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မေ ၁၅

(၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲကို အရှေ့တောင်အာရှ၊ အာရှနှင့် အပြည်ပြည်ဆိုင်ရာ အပျော်တမ်းအားကစားအဖွဲ့ချုပ်များ၏ သဘောတူညီချက်ဖြင့် မေ ၂၇ ရက်မှ ၂၈ ရက်အထိ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားရမည် ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံ အပါအဝင်အာဆီယံ(၁၀)နိုင်ငံမှ အားကစားသမား ၂၄၀ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲသည် ၁၉၉၇ ခုနှစ်နှင့် ၁၉၉၈ ခုနှစ် မွေးဖွားသူများသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရကြမည့် လူငယ်အားကစားပြိုင်ပွဲသာဖြစ်ပြီး ရွှေတံဆိပ် ၄၄ ခု၊ ငွေတံဆိပ် ၄၄ ခုနှင့် ကြေးတံဆိပ် ၄၄ ခု ချီးမြှင့်သွားမည်ဖြစ်သည်။

၂၀၁၄ ခုနှစ် (၉)ကြိမ်မြောက် အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို မေ ၁၁ ရက် နံနက် ၁၀ နာရီက အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် တက်ရောက်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးကို အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးအတွက် ဖွဲ့စည်းထားသော ကော်မတီအသီးသီးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အရှေ့တောင်အာရှ လူငယ်ပြေးခုန်ပစ်ပြိုင်ပွဲကို စတင်ကျင်းပနိုင်ရေးအတွက် အရှေ့တောင်အာရှနိုင်ငံများ အစည်းအဝေးအား ၂၀၀၅ ခုနှစ်တွင် ကျင်းပပြီး ဆုံးဖြတ်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ထိုင်းနိုင်ငံက ပထမဆုံးအကြိမ် လက်ခံကျင်းပခဲ့ပြီး ယခု (၉) ကြိမ်မြောက်အဖြစ် မြန်မာနိုင်ငံမှ တာဝန်ယူလက်ခံကျင်းပရခြင်းဖြစ်သည်။ အားကစားသမားများ တည်းခိုနေထိုင်ရေးအတွက် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp) အတွင်းရှိ Cluster 7 တွင် စီစဉ်ထားရှိပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အားခများ ပြောင်းလဲကောက်ခံမှု ရှင်းလင်း

ပိန်းဇလုပ် မေ ၁၅

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်အင်ဂျင်နီယာအဖွဲ့မှ လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ကောက်ခံမည့် အခြေအနေများရှင်းလင်းပွဲကို မေ ၁၀ ရက် နံနက် ၁၀ နာရီက ပိန်းဇလုပ်ကျေးရွာအုပ်စု လျှပ်စစ်အင်ဂျင်နီယာရုံး၌ ကျင်းပရာ ပိန်းဇလုပ်ကျေးရွာအုပ်စုအတွင်းရှိ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် လူမှုအထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်သူရပ်ကွက်သားများ တက်ရောက်ကြသည်။ အဆိုပါရှင်းလင်းပွဲတွင် ပဲခူးခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်သန်းဝင်းက လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ကောက်ခံခြင်းဖြင့် အခြေခံလူတန်းစား၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် ထိခိုက်မှုမရှိကြောင်း၊ ဓာတ်အားခနှုန်းထား တိုးမြှင့်ကောက်ခံခြင်းမှ ရရှိမည့်ငွေဖြင့် နိုင်ငံတော်ဓာတ်အားစနစ် မရောက်သေးသောဒေသများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ဓာတ်အားခွဲရုံများတည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းများ တိုးချဲ့တည်ဆောက်ပေးနိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာမှ လျှပ်စစ်ကဏ္ဍထောက်ပံ့မှုလျှော့ပြီး ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး ကျေးရွာနေပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းခဲ့သည်။ **ပိန်းဇလုပ်–သိန်းညွန့်**

သံတမန်ရေးရာ သင်တန်းဆင်း

ရန်ကုန် မေ ၁၅

နိုင်ငံခြားရေးဝန်ကြီးဌာနက ဖွင့်လှစ်သည့် သံတမန်ရေးရာသင်တန်း အမှတ်စဉ်(၂/၂၀၁၄) သင်တန်းဆင်းပွဲအခမ်းအနားကို မေ ၁၁ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် စတင်တာဝန်ထမ်းဆောင်မည့် အရာထမ်းငယ်များအား သံတမန်ရေးရာ ဘာသာရပ်များနှင့် မျက်မှောက်ခေတ်နိုင်ငံတကာရေးရာကိစ္စရပ်များကို ပို့ချလေ့ကျင့်ပျိုးထောင်သည့် သင်တန်းဖြစ်သည်။ သင်တန်းကာလ ရက်သတ္တ ၁၂ ပတ်ကြာမြင့်ပြီး ဌာနစုမှူး(၂)၊ တတိယအတွင်းဝန် ၂၅ ဦး တက်ရောက်ခဲ့သည်။ အဆိုပါသင်တန်းဆင်းပွဲ အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မော်မော်နှင့် တာဝန်ရှိသူများ၊ အငြိမ်းစားသံအမတ်ကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခဆရာကြီး ဆရာမကြီးများ၊ သင်တန်းနည်းပြများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရပ်စောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပုန်းရွာအဝင်တံတားဖွင့်

ရပ်စောက် မေ ၁၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေဖြင့် မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့နှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ပြီးစီးသော ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် မြင်တောင်ကျေးရွာအုပ်စု ပုန်းရွာအဝင်တံတားဖွင့်ပွဲအခမ်းအနားကို မေ ၁၀ရက် နံနက် ၁၀နာရီခွဲက အဆိုပါတံတားမုခ်ဦး၌ကျင်းပရာ ရပ်စောက်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်မြင့်၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးခွန်ကျော်မိုး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးသက်နောင်ထွေး၊ မြို့နယ်ပညာရေးမှူးဦးသန်းဆွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။**(အပေါ်ပုံ)**

အဆိုပါတံတားသည် အလျား ၂၂ ပေ၊အနံ ၁၈ ပေ၊ အမြင့် ၁၅ ပေရှိ သံပေါင်သစ်သားတံတားဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေကျပ် ၁၅ သိန်း ၅သောင်းနှင့် ပြည်သူလူထု ပူးပေါင်းထည့်ဝင်ငွေကျပ် ၂၅၇၁၃၈၁ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၁၂၁၃၈၂ အကုန်အကျခံဆောက်လုပ်ထားပြီး ကျေးရွာပြည်သူများ ဝမ်းသာစွာဖြင့် မိမိဒေသထွက်သီးနှံများကို ရာသီမရွေး အဆင်ပြေချောမွေ့စွာ ပို့ဆောင်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကျိုက်ထိုမြို့နယ်၌ ယာဉ်နှင့်ဆိုင်ကယ်တိုက်

ကျိုက်ထို မေ ၁၅

ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာ ရန်ကုန်-မော်လမြိုင်ကားလမ်းဟောင်း မိုင်တိုင်အမှတ် (၈၈/၂) နှင့် (၈၈/၃) အကြား ဈေးအနီးတွင် မေ ၁၃ ရက် ညနေ ၃ နာရီခွဲက မုပ္ပလင်ကျေးရွာဘက်မှ စစ်တောင်းတံတားဟောင်းဘက်သို့ ထွန်းဝင်း(၂၂ နှစ်) ဖျာပုံမြို့နေသူ မောင်းနှင်လာသည့် Toyota Belta အမျိုးအစားအဖြူရောင်ယာဉ် 2G/---- နှင့် ဈေးကုန်းဆင်းမှ ကားလမ်းဘက်သို့ Wave အမျိုးအစား အပြာရောင်ဆိုင်ကယ်(လိုင်စင် စိစစ်ဆဲ)နံပါတ်မပါဆိုင်ကယ်ကို မောင်းနှင်လာသူ ဆန်းမင်းအောင် (၂၀ နှစ်) ကျောက်ရေတွင်းကျေးရွာ ကျိုက်ထိုမြို့နယ် နေသူတို့ တိုက်မိရာ ဆန်းမင်းအောင်တွင် ဒဏ်ရာများရရှိခဲ့၍ သိမ်ဇရပ် တိုက်နယ်ဆေးရုံ၌ ဆေးကုသမှုခံယူလျက်ရှိသည်။ ဖြစ်စဉ်အရ ထွန်းဝင်းနှင့် ဆန်းမင်းအောင်တို့နှစ်ဦးကို သိမ်ဇရပ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ဝင်းမောင်(iprd)**

ယဉ်ကျေးလိမ္မာသင်တန်းများသို့ သင်ထောက်ကူပစ္စည်းများပေးအပ်လှူဒါန်း

နေပြည်တော် မေ ၁၅

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ညောင်လူးကျေးရွာအုပ်စုနှင့် ဖြုတ်ခွဲကျေးရွာအုပ်စုတို့တွင် ဖွင့်လှစ်ထားရှိသော ယဉ်ကျေးလိမ္မာသင်တန်းများသို့ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးတင့်ကျော်လွင်နှင့် တာဝန်ရှိသူများသည် မေ ၁၀ ရက် နံနက် ၁၀ နာရီက သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(၁၅၄)**

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ တိုးချဲ့(၁)၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၃၂-င)၊ စစ်ကိုင်း-မန္တလေးကားလမ်းနောက်ဘက် ဗားကရာကျောင်းတိုက်နှင့် မျက်နှာချင်းဆိုင်ရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးသန်းထွန်း ၁၂/ကမတ(နိုင်)၀၃၁၇၅၉၊ ဦးဇော်ဝင်းရှိန် ၁၂/လသန(နိုင်)၀၁၉၃၀၅တို့၏ ဂရန်မူရင်းပျောက်ဆုံးနေကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူနှင့် ဂရန်သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ် ၆၆၁၊ ဦးပိုင်အမှတ်(၂၂-ခ)၊ လမ်း ၄၀၊ လမ်း ၈၀ထောင့်ရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်မိုးကွယ်လွန်၍ ညီမဖြစ်သူ ဒေါ်လှမှ အမွေဆက်ခံခဲ့ပါသည်။ မိခင် ဒေါ်လှ၊ ဖခင် ဦးလှမောင်နှင့် သားဖြစ်သူ ဦးဝင်းမြင့်တို့ကွယ်လွန်၍ ကျန်သားသမီးများဖြစ်သော ဦးဝင်းနိုင် ၁၂/အစန(နိုင်)၀၁၅၃၄၉၊ ဦးသန်းနိုင် ၁၂/စခန(နိုင်)၀၁၆၈၂၉၊ ဦးမောင်မောင်ဌေး ၉/မရတ(နိုင်)၀၁၈၇၁၇၊ ဒေါ်သင်းသင်းရီ ၉/မရတ(နိုင်)၀၁၈၂၁၁တို့မှ ဘိုးဘအမည်ပေါက်မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ တိုးချဲ့(၁)၊ အကွက်အမှတ် (၆၀၃-က)၊ ဦးပိုင်အမှတ်(၂၆)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးရုံး မျက်နှာချင်းဆိုင်ရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ညိုညိုဌေး ၁၄/ဟသတ(နိုင်)၁၉၄၅၇၇၊ ဦးဇော်ဝင်းရှိန် ၁၂/လသန(နိုင်)၀၁၉၃၀၅တို့၏ ဂရန်မူရင်းပျောက်ဆုံးနေကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၀၊ မြေကွက်အမှတ် ၁၀၈၊ မြေကွက်တည်နေရာအမှတ် မ/၁၃၊ ဦးဖိုးသင်လမ်း၊ (ခ)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် Mr. Abdul Hameed(a) U Mg Sein အမည်ပေါက်မြေပိုင်မြေ(၃/ခ)မြေအား ဦးခင်မြင့်၊ မနှင်းလှိုင်၊ ဒေါ်ရမ်ဇမ်ဘီဘီ[ကွယ်လွန်သူ ဦးမောင်စိန်(ခ)မစ္စတာအဗ္ဗဒူရာဟာမက်စ်၏ တရားဝင်ကိုယ်စားလှယ်များ]တို့အား တရားပြိုင်ထား၍ ဦးထွန်းဦးမှ သဃ်န်းကျွန်းမြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၆၄/၂၀၁၃ဖြင့် တရားစွဲဆိုခဲ့ရာ ရရှိသည့် အနိုင်ဒီကရီ၊ ယင်းရုံး၏ ဇာရီ ၄/၂၀၁၄တို့အားတင်ပြ၍ တရားရုံးကိုယ်စား ဘိလစ် ဒေါ်နိုင်နိုင်အောင် ၁၂/ကခက(နိုင်)၀၀၁၅၀၁က အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဇုန်(၅)၊ မြေကွက်အမှတ် ၃၀၇၊ မြေကွက်တည်နေရာအမှတ် ၃၀၇၊ မလိခလမ်း၊ လှိုင်သာယာမြို့နယ် (ဦးသိန်းအောင်) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးသိန်းအောင်ထံမှ အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးအောင်မင်း ၁၂/မရက(နိုင်)၀၇၄၉၅၅က ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃D၊ မြေကွက်အမှတ် V၅၇၊ မြေကွက်တည်နေရာအမှတ် ၂၁၊ ဆင်စွယ်လမ်း၊ အလုံ ဒေါ်အေးစိန်အမည်ပေါက် နှစ် ၉၀ မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်အေးစိန်ထံမှ အထွေထွေကိုယ်စားလှယ်အမှတ် ၁၄၄၄၆ (၁၅-၈-၁၃)ဖြင့် ဒေါ်သန်းသန်းထွေး ၁၂/အလန(နိုင်)၀၃၅၀၉၇အား လွှဲအပ်၍ မှတ်ပုံတင်မိတ္တူ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကတိသစ္စာပြုလွှာ၊ မြေခွန်ပြေစာမိတ္တူတို့တင်ပြ၍ ဂရန်(မိတ္တူ) လျှောက်ထားလာခြင်းအား ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၆၊ မြေကွက်အမှတ် ၈၂၂/က၊ မြေကွက်တည်နေရာအမှတ် ၈၂၂/က၊ ဝေဇယန္တာ အရှေ့ ၁၇လမ်း၊ (၆)ရပ်ကွက်၊ သာကေတမြို့နယ် ဦးအေးမောင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအေးမောင် (ဖခင်)နှင့် ဒေါ်မြအေး(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သားဖြစ်သူ ဦးတိုးစိန် ၁၂/သကတ(နိုင်)၀၁၄၀၆၇ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် ၂၆/BB၁၊ မြေကွက်အမှတ် V ၁၆၁၊ မြေကွက်တည်နေရာ(၃၈၊ ဦးကြွယ်ဟိုးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်) ဦးအုန်းဖေ-ဒေါ်ညို အမည်ပေါက် နှစ် ၆၀ဂရန်မြေအား (ဦးအုန်းဖေ-ဒေါ်ညို)တို့ ကွယ်လွန်သဖြင့် (၁) ဦးထွန်းလွင် ၁၂/ကမတ(နိုင်)၀၄၇၃၈၅၊ (၂) ဒေါ်မြဆွေ ၁၂/ကမတ(နိုင်)၀၄၂၁၃၆ တို့က သားသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(ဈ/၃၃)၊ မြေကွက်အမှတ် ၉၃၂/ခ၊ မြေကွက် တည်နေရာအမှတ် ၉၃၂/ခ၊ ဘီးလင်းလမ်း၊ (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် (ဦးမြင့်စိုး)အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမြင့်စိုး ၁၂/ရကန(နိုင်)၀၃၅၀၁၈ ကိုယ်တိုင်မှ ပါမစ်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့်ရဲစခန်းထောက်ခံစာ၊တရားရုံးကျမ်းကျိန်လွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၃/သမိုင်း)၊ မြေကွက်အမှတ် (၁၂/ခ၁၏ အစိတ်အပိုင်း)၊ မြေကွက်တည်နေရာအမှတ် ၁၂၊ နဂါးရုံဘုရားလမ်း၊ (၅) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အမည်ပေါက် အစိုးရမြေအား အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာသူ ဒေါ်စုစုတင် ၁၂/ဗဟန(နိုင်)၀၃၉၃၉၁မှ အထူးဝန်ဆောင်ခနှုန်းထားဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အရှိန်မထိန်းနိုင်သည့် ယာဉ် သုံးဘီးဆိုင်ကယ်အား တိုက်မိ

ကျိုက်ထို ဧပြီ ၁၅

ကျိုက်ထိုမြို့ ဇေယျာမွန်ရပ်ကွက် ဂေါက်ကွင်းအနီး ကျိုက်ထိုကင်မွန်းချောင်း ကားလမ်းဘေးတွင် ဧပြီ ၁၃ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ မိုင်တိုင်(၀/၆)နှင့် (၀/၇)အကြား (ကေဗွီ-၈၉၅၁၅၅)တွင် ကင်မွန်းချောင်းဘက်မှ ကျိုက်ထိုဘက်သို့ ယာဉ်မောင်း သန်းဇော်မင်း(၂၀နှစ်) ဝေါမြို့နယ်နေသူ မောင်းနှင်ပြီး ခရီးသည်တင် သုံးဘီးဆိုင်ကယ်အမှတ် ၅ယ/...(လိုင်စင်စိစစ်ဆဲ)ယာဉ်ကို လမ်းဘေးတွင် ခေတ္တရပ်နားထားစဉ် နောက်မှလိုက်လာသော ယာဉ်မောင်း ဇော်မိုးထွန်း (၄၀ နှစ်) ဖြူးမြို့နယ်နေသူမောင်းနှင်သည့် လိုက်ထရပ် အဖြူရောင်ယာဉ်အမှတ် 8F/--- ယာဉ်မှာကျော်တက်စဉ် အရှိန်မထိန်းနိုင်ဘဲဘေးမှ ပွတ်တိုက်မိ၍ သုံးဘီးဆိုင်ကယ်မှာ တိမ်းမှောက်ခဲ့သည်။ အဆိုပါ တိမ်းမှောက်မှုကြောင့် သုံးဘီးဆိုင်ကယ် ယာဉ်ပေါ်ပါခရီးသည်အချို့မှာဒဏ်ရာရရှိခဲ့သည်။ ယာဉ်မဆင်မခြင် မောင်းနှင်သူ ဇော်မိုးထွန်းကို ကျိုက်ထိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားသည်။ **ဝင်းမောင်(iprd)**

စစ်တောင်းမြစ် ကမ်းပြိုထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်

တောင်ငူ ဧပြီ ၁၅

ယမန်နှစ်မိုးနှောင်းကာလအတွင်း စစ်တောင်းမြစ်ရေ ကြီးမြင့်ချိန်တွင် အစိုးရိမ်ရဆုံး အခြေအနေနှင့် ကြုံတွေ့ခဲ့ရသော တောင်ငူမြို့နယ် အနောက်ဆင်ကျေးရွာအုပ်စု ရွာတန်းရှည်ကျေးရွာတွင် ပဲခူးတိုင်းဒေသကြီး မြစ်ကြောင်းထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကမ်းပြိုထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများကို မိုးဦးမကျမီ အပြီးတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

စစ်တောင်းမြစ်ရေ ကြီးမြင့်မှုကြောင့် လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှကာကွယ်ရန် မြစ်အနောက်ဘက်ကမ်းတစ်လျှောက် မြစ်နှင့်အပြိုင်ဆည်ဖို့ထားသော ရေထိန်းတမံသည် ယခင်က အနောက်ဆင်ကျေးရွာ အလယ်တွင်တည်ရှိခဲ့ရာ ကမ်းပါးပြိုကျမှုကြောင့် တဖြည်းဖြည်းတမံနှင့်နီးလာခဲ့ပြီး ယမန်နှစ်စစ်တောင်းမြစ်ရေကြီးချိန်တွင် တမံ၏အခြေထိရောက်ရှိလာခဲ့သည်။ မြစ်ကမ်းပါးများ အဆက်မပြတ်ပြိုကျမှုကြောင့် နှစ်နှစ်အတွင်း တမံနှင့် မြစ်ကြားရှိ အိမ်ခြေ ၃၄ လုံး ရွှေ့ပြောင်းခဲ့ရသည်။ မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားရခြင်းမှာကမ်းပါး၏အခြေကို ရေတိုက်စားခြင်းကြောင့်ဖြစ်ပြီး ကမ်းပါး၏အခြေရှိ ရေနက်စီးကြောင်းကို နေရာရွှေ့စေခြင်းဖြင့် ရေတိုက်စားမှုသက်သာစေမည်ဖြစ်သည်။ ရေနက်စီးကြောင်း နေရာပြောင်းသွားစေရန် ကမ်းပါးအောက်ခြေတစ်လျှောက် နှစ်တန်းသွားကျောက်ဖြည့် မျောတိုင်တန်းအခြေထိန်းရေကာ ၆၅၀ မီတာနှင့် ၎င်း၏အပြင်ဘက်မှ အလျားပေ ၂၂၀၀ ၊ အနံ ပေ ၂၀ ဝါးကရစ်တန်း ဆောက်လုပ်ကာကွယ်လျက်ရှိကြောင်း၊ ၎င်း၏ အထက်ပိုင်းတွင် မြစ်ရေစီးကြောင်းကို ပြောင်းလဲပေးမည့်နှစ်တန်းသွား မျောတိုင်တန်းရေကာနှစ်ခု စုစုပေါင်း အရှည်မီတာ ၅၀၀ ကို တည်ဆောက်လျက်ရှိကြောင်း၊ ရေကာများကို ဖြတ်သန်းစီးဆင်းရသဖြင့် ရေစီး၏ အရှိန်လျော့စေပြီး ရေစီးအတွင်းပါလာသော နုန်းများကို ရေနက်စီးကြောင်းထဲသို့ တဖြည်းဖြည်း ပို့ချစေမည်ဖြစ်ကြောင်း၊ ရေကာများတွင် ဝါးကပ်ကြမ်းများဖြင့် ကာရံထားရာ ဒိုက်များပိတ်ဆို့လာမည်ဖြစ်သဖြင့် မြစ်ရေစီးကြောင်းလည်း ပြောင်းလဲလာကာ မြစ်ကွေ့၏အတွင်းဘက် သောင်ထွန်းနေသောအပိုင်းကို တဖြည်းဖြည်း တိုက်စားမည်ဖြစ်ကြောင်း လုပ်ငန်းခွင် အင်ဂျင်နီယာတစ်ဦးက ပြောကြားသည်။

မြစ်ကြောင်း ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စစ်တောင်းမြစ်ကမ်းပြို ထိန်းသိမ်းရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်နည်းတူ ဆည်မြောင်းဦးစီးဌာနမှလည်း စစ်တောင်းမြစ်ကမ်းတစ်လျှောက် အလျားပေပေါင်း ၇၈၅၉၀ကို မူလတမံအမြင့် ရှစ်ပေမှ အထက်ငါးပေမြှင့်တင်ကာ စစ်တောင်းမြစ်ရေကြီးမြင့်မှုမှ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

သတင်းတိုများ

လူငယ်စာဖတ်အသင်း ဖွဲ့စည်းရေး စည်းဝေး

မွန်ပြည်နယ် ရေးမြို့ ရန်ကြီးအောင်ရပ်ကွက် ဘုရင့်နောင်လမ်းရှိ ပစ္ဆိမာရုံဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ဧပြီ ၁၀ ရက် နံနက် ၉ နာရီက ရေးမြို့နယ် စာဖတ်ဝါသနာရှင်များဦးစီး၍ လူငယ်စာဖတ်အသင်း ဖွဲ့စည်းရေး အစည်းအဝေးကျင်းပရာ အစည်းအဝေးသို့ ရန်ကုန်မြို့ ဂျူးဖောင်ဒေးရှင်းမှ ဦးညဏ်သာဇော်၊ ရေးမြို့နယ် စာဖတ်အသင်း ဖြစ်မြောက်ရေး တာဝန်ခံ ဦးဖုန်းမြင့်ဟန်၊ ဦးအောင်ကိုကိုဦးနှင့် လူငယ်များ စုစုပေါင်း ၁၅ ဦး တက်ရောက်ခဲ့သည်။ အစည်းအဝေးတွင် ဦးညဏ်သာဇော်နှင့် ဦးအောင်ကိုကိုဦးတို့က ရေးမြို့နယ် လူငယ် စာဖတ်အသင်းဖွဲ့စည်းရန် ရည်ရွယ်ချက် စာပေဟောပြောပွဲများဆက် လက်ပြုလုပ်ရန် ကိစ္စများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **(လ/၀၁၂)**

မိုးကောင်း၌ ရှေးဦးပြုစုခြင်း သင်တန်းဆင်း

မိုးကောင်းမြို့နယ် ကြက်ခြေနီအသင်းမှ ကြီးမှူးဖွင့်လှစ်သည့် ရှေးဦးသူနာပြုစုခြင်း (အခြေခံအဆင့်) သင်တန်းအမှတ်စဉ် (၁/၂၀၁၄)ဆင်းပွဲကို ဧပြီ ၁၂ ရက် နံနက် ၉ နာရီခွဲက ရေရှင်ကျေးရွာအုပ်စု လေးမိုင်ကျေးရွာသဒ္ဓမ္မပါလ လေးမိုင်ကျောင်းတိုက်၌ကျင်းပရာ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်းမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မိုးနိုင်၊ မြို့နယ်ကျန်းမာရေးမှူး အဆင့်(၁) ဦးလဂွန်းဘရန်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဦးတို့က အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများပေးအပ်ကြသည်။ သင်တန်းသို့သင်တန်းသား သင်တန်းသူ ၄၃ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်ပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။ **(၀၆၂)**

ယဉ်ကျေးမှုပရိတ်ကြီးနှင့် အင်္ဂလိပ်စကားပြောသင်တန်း ပန်းချီသင်တန်းဆင်းပွဲ နောင်ချိုတွင် ကျင်းပ

နောင်ချို ဧပြီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် ကံကြီးအုပ်စု လက်ပံကုန်းကျေးရွာ ရတနာ့ဗိမာန်ကျောင်း၌ ပထမအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးမှုပရိတ်ကြီးနှင့် အင်္ဂလိပ်စကားပြောသင်တန်း၊ ပန်းချီသင်တန်းဆင်းပွဲကို ဧပြီ ၁၀ ရက်က ကျင်းပရာ သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၁၇၆ ဦး တက်ရောက်သည်။

အဆိုပါ သင်တန်းဆင်းပွဲတွင် ရတနာ့ဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တပုညာဝံသဦးဥတ္တမသာရ၊ ဦးပုညာသာမိ(မြတ်ပန်းသစ္စာ) ပြည်တော်သာကျောင်း ပြင်ဦးလွင်တို့က တက်ရောက်ကြသည့် ကျောင်းသား ကျောင်းသူမောင်မယ်များကို သင်တန်းပို့ချ၍ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုဆိုင်ရာ မေးခွန်းများကို နှုတ်ဖြေရေးဖြေ ဖြေဆိုကြပြီး ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း သင်တန်းပို့ချပေးသည့် ဆရာတော်များက သင်တန်းဆင်းလက်မှတ်နှင့် ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ ဆက်လက်၍ သင်တန်းဆင်း ကျောင်းသား ကျောင်းသူ မောင်မယ်များကို ယဉ်ကျေးလိမ္မာရှိစေပြီး နိုင်ငံ့ဝန်ထမ်းသားကောင်း၊ သမီးကောင်းများဖြစ်စေရေးအတွက် ဆရာတော် ဘဒ္ဒန္တပုညာဝံသနှင့် ဆရာတော်ဦးပုညာသာမိ (မြတ်ပန်းသစ္စာ)တို့က လူ့သမိုင်းနှင့် ပရဟိတခေါင်းစဉ်ဖြင့် ဩဝါဒမိန့်ကြားတော်မူကာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်အောင်သန်းက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ **(၀၃၂)**

အိတ်ဖွင့်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)၏ သတင်းစာပုံနှိပ်လုပ်ငန်းမှရရှိသော ဘေးထွက်ပစ္စည်း(၄)မျိုးအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချသွားမည် ဖြစ်ပါသည်။

၂။ အိတ်ဖွင့်လေလံပုံစံနှင့်လေလံစနစ်တို့၏ အသေးစိတ်အချက်အလက်များကို ၂၄-၃-၂၀၁၄ရက်မှ ၂၆-၄-၂၀၁၄ရက်ထိ နေ့စဉ် ၀၉:၃၀နာရီမှ ၁၆:၀၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်လေလံများကို ၂၇-၄-၂၀၁၄ရက် နံနက် ၁၀:၀၀ နာရီမတိုင်မီ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့ လာရောက်ပေးပို့ရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ထက်ကျော်လွန်သော လေလံပုံစံများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ ၂၇-၄-၂၀၁၄ ရက် ၁၅:၀၀ နာရီတွင် အိတ်ဖွင့်လေလံဖွင့်လှစ်မည်ဖြစ်ပါသည်။

၅။ အဆိုပါဘေးထွက်ပစ္စည်းအမျိုးအမည်၊ အရေအတွက်၊ ပစ္စည်းမျက်မြင်အခြေအနေကြည့်ရှုလိုသူများနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)သို့ သွားရောက်ကြည့်ရှုနိုင်ပြီး ဖုန်း-၀၂-၃၂၇၂၉ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါလေလံခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
ပုလဲငွေရောင်ရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

[illegible] SITTAUNG VALLEY CO.,LTD [illegible] Managing Director [illegible]

ဦးဝင်းမြင့် (LL.M)
[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ် ၄၂၇၊ အင်းဝ(၇)လမ်း၊ အကျယ်အဝန်းပေ (၄၀×၆၀) နှစ်၆၀ ဂရန်မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

အဆိုပါ အရောင်းဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာချုပ်စာတမ်းမူရင်းများနှင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ဦးသော်သော်ထိုက်
ဆက်သွယ်ရန်လိပ်စာ- အမှတ် ၂၆၄၊ ၄၇ရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၅၀၁၈၃၅၄၊ ၀၉-၇၃၀၈၁၁၂၊ ၀၉-၄၉၃၃၇၈၂၈

ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)

မန္တလေးခရိုင်တရားရုံး နယ်တရားမရုံးတော်၌

၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁၉ နှင့်ဆက်သွယ်သည့်

၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ် ၂၈ ။

ဦးအောင်သန်း **နှင့်** ဒေါ်မြသိန်း

ဒီကရီအနိုင်ရသူ **တရားရှုံး**

မဟာအောင်မြေမြို့နယ်၊ အမှတ် ၆၂၊ ၃၉လမ်း၊ (၈၀×၈၁)ကြား (ငွေသဇင်ကုန်စုံဆိုင်) ဒေါ်မြသိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁၉တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထား သည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စား လှယ်ဖြင့်ဖြစ်စေ ၂၀၁၄ခုနှစ် မေ ၁၅ ရက် (၁၃၇၆ခုနှစ် ကဆုန်လပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၄ခုနှစ် မတ် ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

အမျိုးသားတံခွန်စိုက် ရွက်လှေပြိုင်ပွဲ ဆုပေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၅

မြန်မာ့ရွက်လှေ အားကစား၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အမျိုးသား တံခွန်စိုက်ရွက်လှေပြိုင်ပွဲ 2014 MYANMAR NATIONAL OPEN SAILING CHAMPIONSHIP ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဧပြီ ၉ ရက် ညနေ ၆ နာရီက ရန်ကုန်မြို့ အင်းလျားကန်၌ ကျင်းပသည်။

ယခုနှစ်အတွက် ဧပြီ ၅ ရက်မှ ၉ ရက်အထိ ပြိုင်ပွဲများကို အောင်မြင်စွာ ကျင်းပပေးခဲ့ပြီး Rater Class ပြိုင်ပွဲအတွက် ၁၂ ဦး၊ Sharpie "A "Class ပြိုင်ပွဲတွင် ၁၀ ဦး၊ Sharpie "B" Class ပြိုင်ပွဲတွင် ၂၀၊ Windsurfing RS One Class ပြိုင်ပွဲတွင် ကိုးဦး စုစုပေါင်းပြိုင်ပွဲဝင် ၅၁ ဦး ယှဉ်ပြိုင်ခဲ့သည်။ အဖွဲ့ချုပ်အနေဖြင့် 27th SEA Games ပြိုင်ပွဲတွင် အောင်မြင်မှုရရှိပြီးနောက် စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့ပြီးသော SIM 33rd Singapore Open Asian Windsurfing Championship ပြိုင်ပွဲသို့ Myanmar Windsurfing Team စေလွှတ်ယှဉ်ပြိုင်ခဲ့ရာ SEA Games ရွှေတံဆိပ်ရှင် ဆက်နိုင်အောင်က ပြိုင်ပွဲဝင် ၂၆ ဦးအနက် အဆင့်(၆) ရရှိခဲ့သည်။ ၂၀၁၄ ခုနှစ် ဩဂုတ်လ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်းကျင်းမြို့တွင် ပြုလုပ်မည့် 2014 Youth Olympic Games အတွက် Qualified ဝင်ခဲ့ပြီး ရွက်လှေအားကစားနည်းဖြင့် အိုလံပစ်အဆင့်မှာ ပထမဆုံး Qualified ဖြစ်တဲ့ အမြင့်မားဆုံး အောင်မြင်မှုဖြစ်ကြောင်း သိရသည်။

Rater Class ပြိုင်ပွဲ၌ စိုင်းပြည့်စုံဟိန်းနှင့် ထွန်းထွန်းကျော်အတွဲက ပထမ၊ အောင်မြင်သူနှင့် ရန်အောင်ကျော်အတွဲက ဒုတိယ၊ မင်းမင်းနှင့် တင်လှအတွဲက တတိယဆုရရှိသည်။ Sharpie"A" Class ပြိုင်ပွဲ၌ အောင်မြင်သူနှင့် ဇော်ဝင်းအတွဲက ပထမ၊ နေလကျော်နှင့် ရဲထက်အောင်အတွဲက ဒုတိယ၊ ကောင်းမြတ်ထွဋ်နှင့် ထွန်းထွန်းကျော်အတွဲက တတိယဆုကိုလည်းကောင်း၊ Sharpie"B" Class ပြိုင်ပွဲ၌ ထင်လင်းအောင်နှင့် မင်းသီဟအောင်အတွဲက ပထမ၊ ဝေပွင့်ဝါဘိုးနှင့် နဒီလင်းလတ်အတွဲက ဒုတိယ၊ ဥက္ကာမိုးနှင့် သိန်းလွင်အတွဲက တတိယဆုကို လည်းကောင်း ရရှိကြရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမိုးမြင့်နှင့် ရန်ကုန်တိုင်းရွက်လှေအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ အမှတ် (၁)ဗျူဟာစစ်ရေယာဉ်စု ဗိုလ်မှူးကြီး ကျော်သီဟတို့က ဆုများချီးမြှင့်ပေးခဲ့သည်။ **(သတင်းစဉ်)**

ကလေးသူငယ် ပြုစုပျိုးထောင်ရေးသင်တန်းဆင်း

ရန်ကုန် ဧပြီ ၁၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနလူမှုဝန်ထမ်းဦးစီးဌာန၏ ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံသင်တန်းအမှတ်စဉ်(၄၇) ဆင်းပွဲကို ဧပြီ ၁၁ ရက် နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဇော်မိုး တက်ရောက် သင်တန်းဆင်းအမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

"လူမှုဝန်ထမ်း ဦးစီးဌာနသည် ကလေးသူငယ်ဆိုင်ရာ ဗဟိုချက်ဌာန (Child Focal Department)နှင့် (ASEAN Child Focal) ဌာနလည်းဖြစ်သည့်အတွက် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို လွန်ခဲ့သောနှစ်ပေါင်း ၅၀ ကျော် ကတည်းကပင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုသင်တန်းဆင်း ဆရာမများက ရှေးဦးအရွယ် ကလေးသူငယ်များကို မှန်ကန်သော အသိစိတ်ဓာတ်အခြေခံသည့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ လူမှုဆက်ဆံရေးတို့ ဘက်စုံဖွံ့ဖြိုးစေရေးအတွက် စံနှုန်းများနှင့်အညီ ပြုစုပျိုးထောင်ပေးရမည် ဖြစ်ကြောင်း၊ ကလေးများ၏ ခံယူမှတ်သားမှု အားကောင်းရန် ပြုစုပျိုးထောင်မှုသည်လည်း ကောင်းရမည်ဖြစ်ပါကြောင်း"ဖြင့် သင်တန်းဆင်းအမှာစကားတွင် ထည့်သွင်းပြောကြားသွားသည်။

သင်တန်းသို့ မြန်မာနိုင်ငံတစ်ဝန်းတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ သင်တန်းသူ ၆၂ ဦး တက်ရောက်ခဲ့ကြောင်းသိရသည်။

အောင်သန်း

သတင်းတို

မိုးကောင်းမြို့နယ်၌ ကျေးလက်လမ်းများ ဆောင်ရွက်ပြီးစီး

မိုးကောင်းမြို့နယ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေကျပ် ၇၈ ဒသမ ၆ သန်းဖြင့် ပင်းဘော-ချောင်းဝ မြေသားလမ်းအရှည် ခြောက်မိုင် ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ခွင့်ပြုငွေကျပ် ၆၄ ဒသမ ၂၂ သန်းဖြင့် နမ့်တီးတိုက်နယ် ဆေးရုံလမ်းအရှည် ၆ ဒသမ ၃ ဖာလုံကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ခွင့်ပြုငွေကျပ် ၈၂ ဒသမ ၅၇၆ သန်းဖြင့် မိုးကောင်း-တာပေါ်လမ်း အရှည်တစ်မိုင် ၅ ဒသမ ၃ ဖာလုံကို ကျောက်ချောလမ်းအဖြစ်လည်းကောင်း တင်ဒါအောင်မြင်သည့် မဥ္ဇူသာဆောက်လုပ်ရေး ကုမ္ပဏီလီမိတက်က သတ်မှတ်စံချိန် စံညွှန်းများနှင့်အညီ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ရာ ဒေသခံပြည်သူများဝမ်းမြောက်ဝမ်းသာ အသုံးပြုသွားလာလျက်ရှိကြောင်း သိရသည်။

(ဝ၆၂)

ပုဂံဘုရားများကြံ့ခိုင်စွာ ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်

နေပြည်တော် ဧပြီ ၁၅

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည် တိုးတက်လည်ပတ် ရောက်ရှိနေသည်နှင့်အညီ ပုဂံအမျိုးသားယဉ်ကျေးမှုဇုန်သို့ လာရောက်လည်ပတ်လေ့လာမှုသည်လည်း ယမန်နှစ်က စာရင်းများအရ နှစ်သိန်းခွဲခန့်ရှိသည်ဟု သိရသည်။ နိုင်ငံတကာ ခရီးသွားဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးဧည့်သည်များကို ပုဂံရှိ အချို့သော အထင်ကရဂူကျောင်းစေတီတော်ကြီးများသို့ တက်ရောက်လေ့လာကြည့်ရှုလိုကြောင်း တောင်းခံချက်အရလည်းကောင်း၊ တက်ရောက်ဖူးမြော်သင့်/မသင့် ဆွေးနွေးချက်များမှလည်းကောင်း သိရသည်။

ပုဂံအမျိုးသား ယဉ်ကျေးမှုဇုန်ရှိ ဘုရားစေတီ ဂူကျောင်းများသည် လွန်ခဲ့သော နှစ်ပေါင်း ၇၀၀ မှ ၁၀၀၀ ကျော်ကာလက တည်ထားခဲ့သော အနုပညာလက်ရာများဖြစ်ပြီး ကမ္ဘာတွင် အနုပညာရှုထောင့်၊ ဗိသုကာရှုထောင့်၊ သမိုင်းတန်ဖိုးရှုထောင့် သုံးထောင့်မှ နာမည်ကျော်ကြားခဲ့ရာ ယနေ့တွင် ပိုမိုထင်ရှားလာသည်ဟု သိရသည်။ ခရီးသွားဧည့်သည်များ တိုးတက်ရောက်ရှိနေသည်နှင့် အမျှ အဆိုးသဘော သက်ရောက်တတ်သော (negative impact) လက္ခဏာများလည်းရှိရာ ရှေးဟောင်းယဉ်ကျေးမှုလက်ရာများ၊ အထောက်အထားများ၊ အမွေအနှစ်များကို မထိခိုက်အောင် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းလျက် ရှိနေသည်။

သို့ဖြစ်ရာ နိုင်ငံတကာဧည့်သည်များနှင့် ပြည်တွင်းဘုရားဖူးများက အထင်ကရ ဘုရားစေတီကြီးများကို တက်ရောက်ခွင့် ဆွေးနွေးချက်များအတွက် လက်ရှိတက်ရောက်လေ့လာနေကြသော ဘုရားစေတီများအပြင် အသစ်ထပ်မံတက်ရောက်လိုသော စေတီများကို ခွင့်ပြုပေးမည်ဆိုလျှင် နေ့စဉ် လူဦးရေကန့်သတ်ချက်၊ အချိန်ကန့်သတ်ချက် (ဥပမာ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ) ဖြင့်သာ ခွင့်ပြုပေးသွားနိုင်ဖွယ်ရှိကြောင်း သက်ဆိုင်ရာမှ သိရသည်။

မည်သည့်ဘုရားများကို မည်သည့်နေ့မှစတင် တက်ရောက်ခွင့်ပြုမည်ဆိုခြင်းကိုမူ ယခုအချိန်အထိ သတင်းထုတ်ပြန်ခြင်းမရှိသေးဘဲ အခြေအနေစူးစမ်းလျက်ရှိနေဆဲဟု သိရသည်။ လောလောဆယ်တွင် ရွှေဆံတော်ဘုရား၊ ပြာသာဒ်ကြီးဘုရားနှင့် တောင်ဂူနီ၊ မြောက်ဂူနီဘုရားစေတီတို့ပေါ်သို့ နိုင်ငံတကာတိုးရစ်များ တက်ရောက်၍ ညနေရှုခင်းကြည့်ရှုနေကြရာဘုရားကြီးများ ပြိုကျပျက်စီးမည်ကို စိုးရိမ်မှုဖြင့် စောင့်ကြပ်နေရသည်ဟု သိရသည်။ **(သတင်းစဉ်)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြောက်ဥက္ကလာပမြို့နယ်တရားရုံးတော်တွင်
၂၀၁၄ခုနှစ်၊ တရားမကြီးအမှုအမှတ် (၃၇)

ဒေါ်အေးအေးလှိုင် **နှင့်** ဒေါ်သောင်း

တရားလို **တရားပြိုင်**

ဒေါ်သောင်း အမှတ် (၁၂)၊ သန္တာ(၇)လမ်း၊ (င)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။ သင့်အပေါ်တွင် တရားလိုက ပဋိညာဉ်အတိုင်း အိမ်မြေအရောင်းအဝယ်စာချုပ် ချုပ်ဆိုမှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ (သို့မဟုတ်) အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် မေ ၈ရက် (၁၃၇၆ ခုနှစ် ကဆုန်လဆန်း ၁၀ရက်) မွန်းမတည့်မီ နံနက် ၁၀နာရီတွင် အထက်ပါတရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။

၎င်းအပြင် ယင်းနေ့ရက်တွင် ရုံးရှေ့သို့လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ သင်က ထုချေတင်ပြ အမှီပြုလိုသည့်စာချုပ်စာတမ်းများကိုလည်း သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ရှေ့နေထံ အပ်နှံပေးပို့ရမည်။ သင်သည် ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဧပြီ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စောစံလှညို)
တွဲဖက်မြို့နယ်တရားသူကြီး (၂)၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
အုတ်တွင်းမြို့နယ်တရားရုံး၌
၂၀၁၄ ခုနှစ်၊ တရားမကြီးအမှုအမှတ် (၁၂)

ဒေါ်သန်းသန်းထူး **နှင့်** ၁။ မျိုးမင်းလွင် ၂။ မနီလာထွန်း

တရားလို **တရားပြိုင်များ**

၁။ မျိုးမင်းလွင်(ဘ) ဦးဖိုးဖြူ ၂။ မနီလာထွန်း (ဘ) ဦးပိန်၊ ကျောင်းရှစ်ဆယ်ရွာ၊ အုတ်တွင်းမြို့နယ်(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေကျပ် ၁၄၅၁၀၀၀ိ/-တိတိရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေပါစေ၍ဖြစ်စေ၊ ၂၀၁၄ခုနှစ် မေ ၈ရက်(၁၃၇၆ခုနှစ် ကဆုန်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သောနေ့ရက်တွင် သင်မလာရောက်ခဲ့ ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပေးပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုအဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဧပြီ ၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နေထွန်းအောင်)
ဒုတိယမြို့နယ်တရားသူကြီး၊ အုတ်တွင်းမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃/သမိုင်း၊ မြေကွက်အမှတ် (၉/ဃ၂)အစိတ်အပိုင်း၊ မြေကွက်တည်နေရာအမှတ်(၁၁)၊ စော်ဘွားလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ K ဆင်ရောင်+ K ထွန်းဖြူအမည်ပေါက်မြေပိုင်မြေ(ဘီ)မြေအား အမည်ပေါက်ထံမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်-၂၀၀၆/၉၈(၁-၆-၁၉၉၈)ဖြင့် ဦးသိန်းဖေ၊ ဦးကျင်စိန်၊ ဦးထွန်းမြင့်သိန်း၊ ဦးစောနိုင်၊ ဒေါ်သန်းသန်းအေး၊ ဦးကျင်အောင်၊ ဦးခူချင်ပိုတို့မှ ပိုင်ဆိုင်လာပါသည်။ ၎င်းတို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၂၇၂၅/၉၈ (၁၀-၈-၁၉၉၈) ဖြင့် ဦးစခုန်တိန်းယိန်း ၁/မကန(နိုင်)၀၅၃၁၁၇ မှ ပိုင်ဆိုင်လာပြီး ၎င်း၏ S.P ရရှိသူ ဒေါ်သန်းသန်းဦး ၁၂/တမန(နိုင်)၀၂၅၈၀၀ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်မိတ္တူမှန်၊ အရောင်းအဝယ်စာချုပ်၊ S.P၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် (၂၀၀/ခ)၊ မြေကွက်တည်နေရာအမှတ် (၂၀၀/ခ)၊ သူရ(၇)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဦးကျော်တင်)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျော်တင်(ဇနီး) ဒေါ်လှညွန့်(သမီး) ဒေါ်အေးအေးယုတို့ အသီးသီးကွယ်လွန်သဖြင့် ဦးမင်းဦး ၁၂/ဥကတ(နိုင်)၀၂၄၃၆၈၊ ဦးမင်းအောင် ၁၂/ဥကတ(နိုင်)၁၄၈၃၃၈၊ ဦးမင်းကြွယ် ၁၂/ဥကတ(နိုင်)၀၂၄၅၆၀၊ ဒေါ်စန်းစန်းလင်း ၁၂/ဥကတ(နိုင်)၀၂၁၉၀၂၊ ဦးမိုးသန့်ဇင် ၁၁/အမန(နိုင်)၀၄၆၈၂၅ တို့က သားသမီးများနှင့် သမက်တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှုခင်းသတင်းနှင့်ကြော်ငြာ

မိုင်းဖြတ်၌ မီးလောင်မှုဖြစ်

မိုင်းဖြတ် ဧပြီ ၁၅

ဧပြီ ၉ ရက် မွန်းလွဲ ၂ နာရီခန့်က မိုင်းဖြတ်မြို့နှင့် မိုင် ၅၀ ခန့် ကွာဝေးသော နမ့်ပန်ကျေးရွာအုပ်စု ငါးဟေတောင်ပေါ်ကျေးရွာနေ ဦးလောတား၏နေအိမ်တွင် ထမင်းအိုးတည်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါကျေးရွာမှာ မြို့နှင့်အလှမ်းကွာဝေးပြီး မီးသတ်ယာဉ်သွားရောက်ရန် ခက်ခဲသည့် တောင်ပေါ်ဒေသဖြစ်သည့်အတွက် မိုင်းဖြတ်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်လွင်၊ မြို့နယ်မီးသတ်တပ်ဖွဲ့ လက်ထောက်ဦးစီးမှူး ဦးကိုကိုနိုင်တို့ ဦးဆောင်ပြီး မီးသတ်တပ်ဖွဲ့ဝင်များသည် 4 wheel ယာဉ်နှင့် အပေါ့စားမီးသတ်စက်များ တင်ဆောင်ကာ သွားရောက်ငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီခန့်က မီးညွန့်ကျိုးပြီး ညနေ ၅ နာရီခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ကာနေအိမ်ငါးလုံး၊ သက်ငယ်မိုး ပျဉ်ကာအိမ် လေးလုံး၊ တဲအိမ် ၅၃ လုံး စုစုပေါင်းအိမ်ခြေ ၆၂ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

မောင်ယဉ်ကျေး

စိတ်ကြွရူးသွပ်ဆေးပြားများ သီပေါတံတားအဝင်တွင်သိမ်းဆည်းရမိ

သီပေါ ဧပြီ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့မရဲစခန်းမှူး ဒုတိယရဲမှူး သိန်းလှိုင်ကြီးကြပ်မှုဖြင့် တပ်ကြပ်နီမင်းဦးစီး နယ်ထိန်းတပ်ဖွဲ့ဝင်များ မူးယစ်ဆေဝါးသတင်းအရ သီပေါတံတားရဲကင်းမှူး ရဲအုပ်ထွေးမြင့်ဦးစီး လုံခြုံရေးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဧပြီ ၁၀ ရက် ညနေ ၃ နာရီက သီပေါတံတားထိပ် ညောင်ပင်အောက်တွင် စောင့်ဆိုင်းစဉ် လားရှိုးဘက်မှ သီပေါမြို့တွင်းဘက်သို့ မောင်းနှင်လာသော နံပါတ်မပါ ဒီတီဆိုင်ကယ်တစ်စီးကို မသင်္ကာ၍ ရပ်တန့်ရှာဖွေစစ်ဆေးသည်။



အဆိုပါ ဆိုင်ကယ်မောင်းနှင်လာသူမှာ သီပေါမြို့နယ် မိုင်းလင်းကျေးရွာအုပ်စု ရေမောင်းရွာနေ စိုင်းဆန်ပန်ဆိုသူဖြစ်ပြီး ခန္ဓာကိုယ်နှင့် ဆိုင်ကယ်ကို သက်သေများနှင့်အတူ ရှာဖွေရာ ၄င်းဝတ်ဆင်ထားသည့် ဘောင်းဘီခါးပတ်တွင် ချိတ်ဆွဲထားသော အနက်ရောင်ဖုန်းအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း အလေးချိန် ၆ ဒသမ ၄၈ ဂရမ်ပါ အထုပ်တစ်ထုပ်နှင့် စုစုပေါင်း အလေးချိန် ၁၆ ဒသမ ၃၈ ဂရမ်ပါ အထုပ်တစ်ထုပ်ကိုတွေ့ရှိရပြီး စိုင်းဆန်ပန်လွယ်ထားသော အနက်ရောင် ဘေးလွယ်အိတ်အတွင်းမှ မူးယစ်ဆေးဝါးရောင်းရငွေဟု ယူဆရသော ငွေစက္ကူ ၃၅၀၇၀၀၀ ကို စစ်ဆေးတွေ့ရှိရသည်။

ဆက်လက်၍ စိုင်းဆန်ပန်မောင်းနှင်လာသော ဆိုင်ကယ်တူးဘောက်အတွင်းမှ မူးယစ်ဆေးဝါးဟု ယူဆရသော WY စာတန်းပါ အထုပ်ကိုးထုပ်ကို ရှာဖွေတွေ့ရှိရာ စုစုပေါင်း ဆေးပြား ၁၈၈၇ ပြား ကာလတန်ဖိုးငွေကျပ် ၃၇၇၄၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။

သို့ဖြစ်၍ မူးယစ်ဆေးဝါးများကို ရောင်းချရန် သယ်ဆောင်လာသူ သီပေါမြို့နယ် မိုင်းလင်းကျေးရွာအုပ်စု ရေမောင်းရွာနေ စိုင်းဆန်ပန်အား သီပေါမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

သတင်းတိုများ

ရန်ကုန်တိုင်းဒေသကြီးအတွင်း တရားမဝင် လိုင်စိတ်ကြွဆေးဝါးများ သိမ်းဆည်းရမိ

ဧပြီ ၁၂ ရက် နံနက် ၁၀ နာရီ မိနစ် ၅၀ က ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတား မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တရားမဝင် လိုင်စိတ်ကြွဆေးဝါးများ ရောင်းချနေကြောင်းသတင်းအရ ကျောက်တံတားမြို့နယ် (၂)ရပ်ကွက် မဟာဗန္ဓုလပန်းခြံလမ်းနှင့် (၃၅)လမ်းကြား၊ အနော်ရထာလမ်း လူသွားစင်္ကြံသို့ သွားရောက်ရှာဖွေရာ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ကိုတင့်(ခ)တင်အောင်ဦးအား တရားမဝင် လိုင်စိတ်ကြွဆေးဝါးများနှင့်အတူ ရောင်းချနေစဉ် ဖမ်းဆီးရမိခဲ့သဖြင့် ကျောက်တံတားမြို့မရဲစခန်းက အမျိုးသားဆေးဝါး ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူခဲ့သည်။ ယင်းနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်အရှေ့ရပ်ကွက်နေ ဦးအောင်မြင့်၏ ဆေးဆိုင်သို့ ဝင်ရောက်ရှာဖွေရာ တရားမဝင်လိုင်စိတ်ကြွဆေးဝါးများ သိမ်းဆည်းရမိသဖြင့် ဦးအောင်မြင့်အား မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက အမျိုးသားဆေးဝါး ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူခဲ့သည်။ အလားတူ နံနက် ၁၀ နာရီ ၁၅ မိနစ်ကလည်း တာမွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တရားမဝင် လိုင်စိတ်ကြွဆေးဝါးများ ရောင်းချနေကြောင်း သတင်းအရ တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် သမိန်ဗရမ်းလမ်းဘေးသို့ သွားရောက်ရှာဖွေရာ တရားမဝင်လိုင်စိတ်ကြွဆေးဝါးများအား ရောင်းချရန် ခင်းကျင်းထားသည်ကို တွေ့ရှိသိမ်းဆည်းရမိသဖြင့် အဆိုပါ ဆေးဝါးများရောင်းချသူ (စုံစမ်းဆဲ) အား အမှုဖွင့်အရေးယူရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ဟားခါးမြို့၌ မီးလောင်မှုဖြစ်ပွား

ဟားခါး ဧပြီ ၁၅

ဟားခါးမြို့ ပြည်တော်သာရပ်ကွက် ဟားခါး-ဂန့်ဂေါလမ်း အိမ်အမှတ်(၃၀၉) နေ ဦးခွာထောင်း (၈၀နှစ်)၏ နေအိမ်တွင် ဧပြီ ၁၃ ရက် ည ၉ နာရီ မိနစ် ၄၀ ခန့်က ဖယောင်းတိုင်မီးမှတစ်ဆင့် မီးလောင်မှုစတင်ဖြစ်ပွားခဲ့ရာ ဦးခွာထောင်းအိမ်အပါအဝင် အိမ်သုံးလုံးမီးလောင်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်ရာသို့ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပြည်သူတို့က မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ ၁၀ နာရီခွဲခန့်က မီးညွန့်ကျိုးသွားခဲ့သည်။ မီးလောင်မှုကြောင့် ဦးခွာထောင်းမှာ မီးလောင်ဒဏ်ရာဖြင့်သေဆုံးခဲ့ပြီး လေးဦးမှာ ဒဏ်ရာရရှိသဖြင့် ဟားခါးပြည်သူ့ဆေးရုံသို့ တင်ပို့ကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

မြဝတီမြို့၌ လမ်းဖြတ်ကူးသူကို ဆိုင်ကယ်ဖြင့် ဝင်တိုက်မိ

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အာရှလမ်းကြီးပေါ်ရှိ ရွှေကမ္ဘာလက်ဖက်ရည်ဆိုင်ရှေ့တွင် ဧပြီ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်ပွားပုံမှာ အမည်၊ အသက်၊ နေရပ်လိပ်စာ (စုံစမ်းဆဲ)ဖြစ်သူမှာ HONDA Dream 125 စိမ်းပြာရောင်ဆိုင်ကယ်ဖြင့် မြဝတီမြို့မှ သယ်န်းညီနောင်ဘက်သို့ မောင်းနှင်လာရာ အာရှလမ်းမကြီး ရွှေကမ္ဘာလက်ဖက်ရည်ဆိုင်ရှေ့ အရောက်တွင် ဆိုင်ကယ်ဝဲဘက်လမ်းကြောဘက်မှ လမ်းဖြတ်ကူးသူ အမှတ်(၄)ရပ်ကွက် တောရကျောင်းလမ်းတွင် နေထိုင်သည့် ဦးအောင်ကျော်(၅၀ နှစ်)ကို အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်လဲကျတိမ်းမှောက်ခဲ့ပြီး ဆိုင်ကယ်မောင်းသူမှာ ဝဲဘက်နဖူးပေါက်ပြဲဒဏ်ရာဖြင့် သတိလစ်မေ့မြောနေပြီး (စိုးရိမ်ရ) နှင့် လမ်းဖြတ်ကူးသူ ဦးအောင်ကျော်မှာ ဒဏ်ရာ(မစိုးရိမ်ရ)တို့ ရရှိသဖြင့် ဆိုင်ကယ်ကို အရှိန်ပြင်းစွာဖြင့် မဆင်မခြင်မောင်းနှင်သူကို မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

၁၃၇၈ ခုနှစ် နှစ်သစ်မင်္ဂလာ ချိန်ခါသမယတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ ဘိုးဘွားများ၏ စိတ်ပေါ်နေရေး ကျန်းမာရေးနှင့် ကုသိုလ်ရေးပါမကျန် စောင့်ရှောက်ထားနိုင်ရန် ထက်သန်သော စေတနာ ကရုဏာတရား မေတ္တာပွား၍ အစဉ်သဖြင့် အနေအထား ကူညီလှူဒါန်းကြသူ အလှူရှင်များနှင့် စေတနာ့ဝန်ထမ်း ကုသိုလ်ရှင်များအားလုံး ဘေးဘယာကင်းကွာ၍ စိတ်၏ ချမ်းသာခြင်း ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဘိုးဘွားများ စောင့်ရှောက်ရေးအဖွဲ့ဝင်များ ဝန်ထမ်းများက ဆုတောင်းမေတ္တာ ပို့သလျက်ရှိပါသည်။ အသက် (၇၀) ကျော် ဘိုး (၆၁) နှင့် ဘွား (၁၃၉) ဘိုးဘွားစုစုပေါင်း (၂၀၀) ဦးကို ပြုစုထားပါသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး
ဖုန်း- ၅၅၁၀၅၉ / ၅၅၁၀၅၃၃ လိုင်းခွဲ- ၅၁၃/၅၁၀
၂၁ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)
အမှတ်-၃၈၊ ကိုမင်းကိုချင်းလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၅၄၈၃၅၅၊ ၅၄၅၄၈၂

အလှူရှင်များသို့ နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ပစ္စည်းငွေကြေးဖြင့် စဉ်ဆက်မပြတ် ထောက်ပံ့လှူဒါန်းခဲ့ကြသော ပြည်တွင်းပြည်ပ အလှူရှင်များအားလုံး ၁၃၇၈ ခုနှစ် နှစ်သစ်မင်္ဂလာ အခါသမယတွင် အန္တရာယ်အပေါင်းမှ ကင်းငြိမ်း၍ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း တို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဆေးရုံအုပ်ချုပ်ရေးအဖွဲ့

လူပျောက်



တစ်ဖက်ပါဓာတ်ပုံရှင် ဦးမောင်ခိုင်-ဒေါ်မီမီအောင်တို့၏ သားဖြစ်သူ မောင်ခိုင်သူအောင် အသက် (၉)နှစ်သည် ၇-၄-၂၀၁၄ ရက်တွင် နေအိမ်ရှေ့ ဆော့ကစားရင်း ထွက်သွားရာမှ ပြန်မလာ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာအတိုင်း ဆက်သွယ်အကြောင်းကြားပေးပါရန်။ (လာရောက်အကြောင်းကြားပေးသူအား ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။)

ဦးမောင်ခိုင်-ဒေါ်မီမီအောင်
အိမ်အမှတ် ၁၁၂၊ သမိုင်းဘူတာရုံလမ်း၊ ၂ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်
ဖုန်း-၀၉-၂၅၉၀၁၅၉၈၉၊ ၀၉-၃၁၃၆၆၈၅၄၊ ၀၉-၃၁၃၀၀၆၈၁

ပီနံအိတ် မိုးကာထုတ်လုပ်သောစက် (The Hole Line) စက်တစ်ခုလုံး ရောင်းရန်ရှိသည်။
ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၁၉၈၄၅၂

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၉ယ/၆၅၁၈၇ အင်ဘိုဝေ့ဖ် ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေမာဝင်း ၁၃/ဟပန (နိုင်)၀၈၅၁၈၃ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၇ယ/၈၉၈၅ Yangang ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆန်းဦး ၁၃/တကန (နိုင်)၀၂၂၀၄၄က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တင်ဒါခေါ်ယူရေးအဖွဲ့
ချင်းပြည်နယ်
ဆောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း ချင်းပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အဖွဲ့အစည်းဝင်များ၏ နေအိမ်များ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ နေအိမ်များအား ဆောက်လုပ်မည်ဖြစ်ရာ တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များက အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၆-၅-၂၀၁၄ ရက် ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် တင်ဒါခေါ်ယူသည့် အချက်အလက်များ အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

(က) ၀၇၀-၂၂၃၇၆ (တင်ဒါခေါ်ယူရေးအဖွဲ့)
(ခ) ၀၇၀-၂၂၃၆၈ (ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး)
၀၉-၄၉၈၀၈၇၇၉
(ဂ) ၀၉-၄၉၈၀၈၇၇၉၊ ၀၉-၂၄၅၁၀၄၂(ပြည်နယ်မှူးရုံး)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တင်ဒါခေါ်ယူရေးအဖွဲ့
ချင်းပြည်နယ်
လမ်း၊ တံတား၊ ရေပေးဝေရေး၊ စွမ်းအင်လုပ်ငန်းများ၊ သာသနာရေးအဆောက်အအုံများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် လမ်း၊ တံတား၊ ရေပေးဝေရေးလုပ်ငန်းများ၊ စွမ်းအင်ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသော ဆောက်လုပ်ရေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များက အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၇-၄-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက်/အချိန် - ၁၁-၅-၂၀၁၄ ရက် ၁၆း၀၀ နာရီ

